www.burmeseclassic.com

# တိတ်တဆိတ် ငိုကြွေးတဲ့ သစ်ပင်



DESIGN BY TUN AUNG

www.burmeseclassic.com


www.burmeseclassic.com

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်

# ဒီနိုင်းခ

## တိတ်တဆိတ် ငိုကြွေးတဲ့သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် - ၁၅၃၄/၂၀၀၄ (၁၂)

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၆၅၃၀၆၀၆

အကြိမ် - ပထမအကြိမ်
၂၀၀၆-ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ိ/

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ
၃၇/၄၄-လမ်း၊ ဗိုလ်တထောင်
မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံး ပုံနှိပ်သူ - ဦးကျော်ဇင် (မြ-၀၄၂၂၉)
နိုင်ရည်မွန်ပုံနှိပ်တိုက်
၈၁၊ ဗိုလ်ချုပ်လမ်း၊
ပုဇွန်တောင်မြို့နယ်။




- ဂီတမကဂီတများတွေမကရင် ညှင်းလွှတ်ပေးပါ...
- မေတ္တာတံခါးကို သင်ကြားပေးပါ...
- မျှော်လင့်ခြင်း သစ္စာကကြေ ဖြေချွင်းပေးပါ...။



www.burmeseclassic.com

www.burmeseclassic.com



“မသေချာတဲ့ အလောင်းအစားတစ်ခုက
ဆုံးရှုံးမှုနဲ့စရင်
အဲဒီအလောင်းအစားကို
အစကတည်းက မလုပ်တာကောင်းမယ်”

(ဆရာကျော်ဗွာထက်၏ ဒြပ်မဲ့ထုထည်မှ...)





ကမ္ဘာကြီးရဲ့ ရင်ကွဲဒဏ်ရာ ကန္တာရတွေအတွက် မိုးစက်တွေက ခိုလှုံ ပေါင်းဖက်ရပါစေလို့ ဆုတောင်းနေကြသလား...

ဘယ်ဘက်မျက်ဝန်းစွန်းထောင့်က မှဲ့နက်လေးတစ်လုံးကို ကျောက်မျက်ရတနာတစ်ခုလို တန်ဖိုးထားတတ်တဲ့ စိတ်ကူး၊ အဲခုမှ မဟုတ်ပါဘူး။ ငယ်ပေါင်းကြီးဖော် ကိုယ့်ရဲ့ သူငယ်ချင်းလေးရေ...

ငယ်ငယ်ကတည်းက အပျိုဖော်ဝင်နေစ ရွှေအိပ်မက်ကို စိတ်ညွှန်တွေ ဖုံးနေတော့...

ရင်ထဲက ရှိခြင်းနဲ့ မရှိခြင်းအတွက် ဝေခွဲရခက်နေတဲ့ ကာလများမှာ ငါဟာ နာရီစက္ကန့်တံတွေလို အသက်မဲ့ ဝတ်ကျေတန်းကျေ လှုပ်ရှားနေရတယ်ဆိုတာ မင်း သိပေးရင် ကောင်းမှာပါ...။

အရွက်တွေစိမ်းစိုနေပေမယ့် ကိုယ့်ကိုယ်ကို သစ်ခြောက်ပင်လို့ ထင်နေရတဲ့စိတ်ထားနဲ့ ငါဟာ မဖြစ်ချင်တာတွေကို ဖြစ်နေရက်နဲ့ လွမ်းနေရတယ်...။

အချိန်တွေ များပြီးရောက်လာတတ်တဲ့ “အချစ်”ဆိုတာကို ငါ မုန်းတယ်...

ရင်ထဲမှာ မူးယစ်ဆေးဝါးလို မှိုင်းဝဲနေထိုင်တတ်တဲ့ “အလွမ်း”ဆိုတာကို ငါ မုန်းတယ်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုး နောက်ဆုတ် ငါ့ကို နယ်ရုပ်လေး တစ်ရုပ်လို "အကွက်" ရွှေချင်တဲ့ကံကြမ္မာကို ငါမုန်းတယ်။

ချစ်သော သူငယ်ချင်း...

ဘယ်တော့မှ မဟောင်းနွမ်းမယ့် အိပ်မက်သစ်ရွက်တစ်ရွက် မကြွေ စတမ်း ငါ့သစ်ကိုင်းမှာ ချိတ်ဆွဲပါရစေ...

သိက္ခာတရားတွေကို မေ့ပျောက်ပြီး...

ချစ်ခြင်းရဲ့ စည်းမျဉ်းတွေကို မေ့ပစ်ပြီး...

ငါလေ...

❦ ❦ ❦





## အခန်း ( ၁ )

"စာချုပ်"

ပြိုင်တူ အသံ ထွက်သွားကြတယ်...ပြီးတော့ တစ်ယောက်ကို တစ်ယောက် ကြည့်တယ်။ အဲဒီမျက်ဝန်းနှစ်ခု ခင်များတို့ မြင်တွေ့ခွင့်ရရင် ပြောကြ၊ အဖြေထုတ်ကြမှာပေါ့။

မခံချင်စိတ်တွေ၊ မာနတွေ ပြီးတော့ ရှုံကြောင်ကြောင် အတွေးတွေ လို့...။ ဒါပေမယ့် အခုတော့ တကယ်တမ်းဖြစ်ခဲ့ကြရပြီ...။

❦ ❦ ❦

❦ အဲဒီတစ်နေ့လုံး ကျွန်တော့်ကောင်းကင်
သူ့တောအုပ်တစ်ခုလုံး အမှားတွေဖုံးသွားတယ်...။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



"သိပ်အပြောမကြီးနဲ့ ညီ… နင်တွေ့ဖူးတဲ့ မိန်းကလေးထဲမှာ ငါ မပါဘူး"

ချိုပိုရဲ့ ဆတ်ဆတ်ခါ နာကျင်တဲ့ ဒေါသဟာ သူ့ဒေါသတွေကို လှုပ်နှိုးစေတယ်။ ရှုပကတော့ ကြားကနေ ဖျန်ဖြေပါသေးတယ်…

"တော်ကြပါတော့ဟာ၊ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ပြဿနာက ဖြစ်ကြဦးမယ်"

"မင်းမသိပါဘူး ရှုပရာ၊ ပြဿနာမဖြစ် ဖြစ်အောင် ဒီဟာမလေးက သူ့ကိုယ်သူ ဘဝင်မြင့်နေတာ၊ ဒီမှာ ချိုပို…"

သူ့စကားသံ ရပ်သွားရင်း သူနဲ့သူမ မီးတောက်မတတ် အကြည့်တွေနဲ့ စကားမဆက်နိုင်အောင် အပြန်အလှန် စိုက်ကြည့်မိကြပါတယ်။

ရှုပ၊ မီးမီး၊ ဆရာကြီး မောင်ကြည်ခေါ် ရဲလင်းမျိုး၊ နောက်ပြီး ဟေမာန်… သူတို့တစ်တွေက ကျွန်တော်နဲ့ သူရဲ့ပြဿနာတစ်ခုရဲ့ အဖြစ်အပျက် အစ အဆုံးတိုင် မျက်လုံးအပိုင်းသားနဲ့ တအံ့တသြ ဖြစ်နေပုံ ရတယ်။

"နင်နဲ့ငါက ဟိုးငယ်ငယ်လေးကတည်းက သူငယ်ချင်း၊ အခုလည်း သူငယ်ချင်းပဲ ဖြစ်ရမှာပေါ့၊ အခုကိစ္စက နင့်လက်မခံသလို ငါလည်း လက်ခံလိုက်မယ် ထင်သလား၊ နင်လည်း နင့်အိမ်ကို နင်ပြော၊ ငါလည်း ငါ့အိမ်ကို ပြောမယ်၊ ဒီစေ့စပ်ပွဲကို ရအောင်ဖျက်၊ ငါလည်း မရ ရအောင် ဖျက်မယ်၊ သူငယ်ချင်းဘဝကနေ ချစ်သူ အိမ်ထောင်ဖက် ဖြစ်ဖို့ဆိုတာ ဘယ်တော့မှ ငါစိတ်ကူးမိမှာ မဟုတ်ဘူး"

သူမက မဆိုးမခန့် ရယ်ပါတယ်။

"အေး…နင့်ကိုတော့ ချစ်သူအဖြစ် ငါလည်း လက်ခံမှာ မဟုတ်ဘူး…နင့်အစား ရှုံးနေတဲ့ လူတစ်ယောက်ကို ရည်းစားတော်လိုက်မယ်"

သူ တဟားဟား အော်ရယ်တယ်၊ ပြီးတော့…

"ငါကလည်း နင့်လိုပဲ၊ နင့်အစား ကွမ်းယာဆိုင်က ကုလားမလေးကိုပဲ ရည်းစားထားလိုက်မယ်"





အပြန်အလှန် တိုက်ခိုက်ကြရင်း ဒေါသဒီဂရီတွေ မြင့်တက်လာပါတယ်။ အအေးပိုက်သောက်နေတဲ့ ဟေမာန်က ပြုံးရင်း…

"ဒီလိုလုပ်လေ…နင်တို့နှစ်ယောက် ငါပြောသလို လုပ်ကြမလား"

သူနဲ့သူမ ဟေမာန်ဆီ ပြိုင်တူကြည့်မိကြတယ်။

မီးမီးက…

"ဟဲ့…သောကြာသမီး၊ နင် ကြားထဲက ဘာမွှေဦးမလို့လဲ"

သူက လက်ကာပြပြီး ဟေမာန်ကို မေးငေါ့ပြကာ…

"ရတယ်ပြော ဟေမာန်၊ နင့်အစီအစဉ်ကို…"

ဟေမာန်က စတော်ဘယ်ရီရောင်နှုတ်ခမ်းသားကို နှုတ်ခမ်းချင်းဒိကာ တင်းရင်း–

"ဒီလိုဟာ…နင်တို့နှစ်ယောက် စာချုပ် ချုပ်ထားကြပါလား"

"စာချုပ်"

အားလုံးပြိုင်တူ အသံထွက်သွားကြတယ်။

"ဘယ်လိုစာချုပ်လဲ"

ဆရာကြီးမောင်ကြည် ခေါ် ရဲလင်းမျိုးရဲ့အမေးကို ဟေမာန်က…

"သူငယ်ချင်းအဖြစ်မှ ရည်းစားအဖြစ်၊ အိမ်ထောင်ဖက်အဖြစ် မကူးပြောင်းရဘူးဆိုတဲ့ စာချုပ်လေ၊ ငါတို့အားလုံး သက်သေပေါ့"

မီးမီးက ရယ်ရင်း…

"အေး…ကောင်းတယ်"

ရှုပက…

"အင်း…အချက်အလက်တွေတော့ ထည့်ရမယ်"

ရဲလင်းမျိုးက လက်ဖျောက်တစ်ချက်တီးပြီး–

"အလျော်အစားက…"

သူ ဝင်ပြောသည်။

"အလျော်အစားက ဘာလဲ…ချိုပို"

သူမက သူ့ကို တန်ပြန်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်စေချင်လဲ"

သူတစ်ခါတစ်ခါစဉ်းစားမိတယ်။ လောင်းကြေး...သူနဲ့ သူမအတွက် အရေးအကြီးဆုံး လောင်းကြေး။ စဉ်းစားစမ်း...။

သူ စဉ်းစားနေရင်းက ဟေမာန်က ဝင်ပြောပေးပါတယ်။

"နင်တို့နှစ်ယောက်က အခြား တစ်ယောက်ယောက်နဲ့ မင်္ဂလာဆောင်ရင် အခု ငါတို့အုပ်စုတစ်စုလုံးကို ရှုံးတဲ့သူက ပွဲတစ်ပွဲ စီစဉ်ကျွေးမွေးရမယ်"

သူမက...

"အဲလောက်လေးနဲ့တော့ မတန်ဘူး၊ ငါရှုံးရင် စေ့စပ် လက်စွပ်ပါ ကြားကနေ စီစဉ်ပေးမယ်"

သူကလည်း ခပ်မြန်မြန်...

"အဲဒီလောက်တင် မဟုတ်ဘူး၊ မင်္ဂလာခန်းမအထိ ကားပါ အစစ် လိုက်မောင်းပို့ပေးမယ်"

အားလုံးက သူတို့နှစ်ယောက်ရဲ့ စကားတွေကို သဘောကျနေကြတယ်။ ဆရာကြီးမောင်ကြည်က

"ပွဲကတော့ ကြည့်ကောင်းပြီဟေ့၊ ကဲ...စာချုပ် အချက်အလက်လေးတွေလဲ ပြောပါဦး ဉာဏ်ကြီးရှင်မရဲ့"

ဟေမာန်က ရယ်နေရင်းမှ...

"နံပါတ်တစ်အချက်က မိဘတွေဘယ်လိုစီစဉ် လက်ခံသူက အရှုံး"

သူ စတင်ခေါင်းညိတ်တယ်။

"နံပါတ်နှစ်၊ ဒီရက်စပြီး ရည်းစားစကားပြောသူကဖြစ်ဖြစ်၊ ရည်းစားစကားဆန်ဆန် ပြောသူကဖြစ်ဖြစ် အရှုံး"

သူမက ခေါင်းညိတ်တာ သူမြင်လိုက်တယ်။

"နံပါတ်သုံး၊ ခါတိုင်းလို နှစ်ယောက်တည်း ရုပ်ရှင်မကြည့်ရ"

ဒီအချက်ကြောင့် သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် လှည့်ကြည့်မိကြပြန်တယ်။





ရယ်သံတွေ ကြားနေရ၏။

"နံပါတ်လေး၊ အင်း...ဒီအချက်က အရေးကြီးတယ်"

ဟေမာန်က နားထင်စပ်ကို လက်ညှိုးနဲ့ကုတ်ရင်း ရယ်ဖြဲဖြဲနဲ့

"လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်အလာကို တစ်ယောက် မျှော်တာတို့၊ စိုးရိမ်ပူပန်တဲ့စကား အရိပ်အခြည် မပြုလုပ်ရ၊ မလာခင် စားမယ့် သောက်မယ့်ဟာ ကြိုတင်မှာတာတို့၊ စာကူးပေးတာတို့ မပြုလုပ်ရ"

ရယ်သံတွေ ရပ်သွားတယ်။ စကားဆုံးတော့ ဟေမာန်က

"ကဲ...ဘယ်လိုလဲ"

"စာချုပ်ထဲက အချက်တွေကတော့ ရှယ်ပဲဟေ့"

ဆရာကြီးမောင်ကြည်ရဲ့ မြှောက်ပင့်ပြောသံကို ကြားရသည်။

"ကဲ...ပွင့်လင်းကြမလား၊ ဒါမှမဟုတ် စာချုပ်ချုပ်မလား၊ ကဲ... စဉ်းစားကြ၊ ချိုမို...နင် အရင်စပြော"

မိုးမိုးရဲ့စကားကို သူမက နှုတ်ခမ်းမဲ့ရင်း

"ဟေးသေး...ဒီလိုကောင်ကို ငါက ရည်းစားတော်ရမှာ"

"အေး...ငါကလည်း နင့်လိုပဲ ချိုမို"

သူ့ရဲ့အပြောကြောင့် ဟေမာန်က

"ကဲ...ဒါဆိုရင် ရဲလင်း...နင်စာချုပ်သွားဝယ်တော့"

ရဲလင်းမျိုးက ရယ်ဖြဲဖြဲနဲ့ ခေါင်းညိတ်ကာ ထွက်သွားသည်။ မိုးမိုးက ထွက်သွားသော ရဲလင်းမျိုးကို လှမ်းအော်၏။

"ဟဲ့...ဟေမာန်ပြောတဲ့ အချက်အလက်တွေ မမေ့နဲ့ဦးနော်"

ဟိုကောင်က အေးပါဟာလို့ပြောပြီး တစ်ချိုးတည်း လစ်သွားသည်။

အာယာတတွေ မပြေသေးတဲ့ မျက်လုံးတွေနဲ့ တစ်ယောက်ကို တစ်ယောက် ကြည့်သည်။ တစ်ပြိုင်နက်တည်း ခုံရွှေ့ မျက်နှာလွှဲ ထိုင်ကြသည်။

သူတို့နှစ်ယောက်အဖြစ်ကို ကျန်နေသူတွေက တဝါးဝါးနဲ့ သဘောကျ မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"ငါသာ သူ့ကို ချစ်သူသာတော်ရရင် အဆိပ်သောက်သေမိမှာ အမှန်ပဲ မီးမီး"

မီးမီးက သူမရဲ့စကားကို သဘောကျဟန်နဲ့ ပါးစပ်ကို လက်နဲ့ ကာရယ်ရင်း သူ့ကို ဘယ်လိုလဲသဘောနဲ့ အချက်ပြ၏။

"စိတ်ချပါ၊ ငါနလုံးသားက နင့်အတွက် ရင်ခုန်ဖို့ သံပတ်ရပ်နေမှာ သေချာတယ် မိုဝိ"

သူမ မျက်နှာပျက်သွားတယ်။ မီးမီးတို့က စိုးရိမ်ဟန်နဲ့ သူ့ကို တားချင်သည်။

ဟေမာန်က...

"နင် ဒီစကားမျိုး မပြောသင့်ဘူး ညီနိုင်"

ချိုပို အံတင်းတင်းကြိတ်မိတာ သူ ရိပ်ခနဲမြင်လိုက်တယ်။ သူမကာပဲ...

"အေး...တိရစ္ဆာန်ဆိုတာ လူတွေလောက်တော့ အချစ်နဲ့ သံယောဇဉ်ကို ဘယ်ခွဲခြားတတ်မှာလဲ"

သူ့ရင်ကို ဆောင့်တွန်းခံလိုက်ရသလို သူမရဲ့စကား။

"ဘာ..."

"ဝုန်း..."

"ခလွမ်..."

ကျကွဲသံတွေ၊ အာမေဋိတ်တွေ တစ်ဆက်တည်း ကျလိုက်ချိန်မှာ သူ့လက်ခုံလက်ဆစ်တွေ ပူနွေးသွားတယ်။

"ဟာ...မင်းလက်ကို ရှသွားပြီ၊ လက်ခုံမှာ သွေးတွေနဲ့"

သူက ဘာမှမဖြစ်သလိုနေတော့ ဟေမာန်က တစ်သျှူးစနဲ့ သုတ်ပေးပါသည်။

ကင်တင်းထဲက စားသောက်နေသူတချို့က သူတို့ဝိုင်းကို လှည့်ကြည့်ကြတယ်။ နောက်တော့ ပုံမှန်အတိုင်း ပြန်လည် တည်ငြိမ်သွားကြပါတယ်။

မီးမီးက တိုးတိုးကြိတ်ကြိတ်ပြောတယ်။

"ပြဿနာကို အေးအေးဆေးဆေး ဖြေရှင်းလည်း ရပါတယ်ဟာ"





နှုတ်ခမ်းပါးကို ကိုက်၊ မျက်ရည်ဥတွေ ရစ်ဝိုင်းနေတဲ့ သူမကလည်း အလျှော့ပေးမည့်ပုံမပေါ်။

ကြည့်လေ...

ပြဿနာတစ်ခုဖြစ်ပြီးရင် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အဆုံးဆိုတာ ရှိရမှာပေါ့ညီ...

သူ နာနာကြည်းကြည်း ရယ်မောမိတယ်။

"ကောင်းပြီ...နင့်စိတ်ဓာတ်ကို ကြိုက်တယ်"

ရဲလင်းမျိုး ဆိုင်ထဲကိုဝင်လာရင်း ငြိမ်သက်နေတဲ့ အမူအရာကြောင့် ရှုပ်ကို တိုးတိုးကပ်မေးသည်။

အကြောင်းစုံသိရတော့...

"ဟာ...ဒါဆိုရင် ဒီစာချုပ်ကို မေ့လိုက်ကြတော့၊ ငါတို့က ရယ်စရာအဖြစ် နောက်ကြတာပဲ"

စာချုပ်ကို ဆွဲဖြဲရန်ပြင်နေသော ရဲလင်းကို သူက လက်ကာတားရင်း...

"စာချုပ်ကို ဆွဲမဖြဲနဲ့ ဆရာကြီးမောင်ကြည်၊ ဒီပြဿနာကို ပြောထားတဲ့အတိုင်းတော့ သူရယ် ငါရယ် အဆုံးသတ်ရလိမ့်မယ်၊ နင် စာချုပ်ပေါ် လက်မှတ်ထိုး ချိုပို"

သူမက သူ့ကို ဒေါသအမျက်ရှိနေတဲ့ အကြည့်တွေနဲ့ ကြည့်နေဆဲ... ပြီးတော့ စိတ်ချပါညီလို့ ပြောပြီး စာချုပ်ကိုယူသည်။

ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ဟာလို့ ရှုပ်ပြောသံကို ကြားပေမယ့် သူမက ဂရုမစိုက်။

ပြီးတော့...မျက်ရည်တစ်စက် လက်မှတ်ထိုးမယ့်နေရာကို ကျသွားသည်။ မျက်ရည်စက်ပေါ်မှာပဲ လက်မှတ်ကို မှင်တွေ ပျံ့သွားအောင်ထိုးပြီး သူ့ကို မော့ကြည့်၏။

အာဃာတရယ်၊ စကားနိုင် လုမှုရယ်၊ ဝမ်းနည်း ဒေါသဖြစ်မှုတွေရယ် စုပေါင်း လိမ်းကျံထားတဲ့ မျက်ဝန်းရဲ့အကြည့်။



www.burmeseclassic.com

www.burmeseclassic.com



"လက်မှတ်ပါမဟုတ်ဘူးညီ၊ ငါ့ရင်ထဲက နင်ပြောလိုက်တဲ့ စကားအတွက် ရင်ထဲကခံစားချက်တွေပါ ပျော်ဝင်နေတဲ့ မျက်ရည် တစ်စက်ပေါ့ဟာ... အဲဒီမျက်ရည်က သက်သေပြပါလိမ့်မယ်၊ အဲဒါကိုတော့ နင်မမေ့နဲ့"

သူ ခနိုးခနဲ့ပြုံးမိရင်း သူမလက်ထဲက စာချုပ်ကိုဆွဲယူကာ လက်ခုံပေါ်က စိုတက်လာတဲ့ သွေးစက်ကို လက်မနဲ့ ဖိနှိပ်တို့ယူပြီး သူထိုးမယ့် လက်မှတ်နေရာမှာ ခပ်နှိပ်လိုက်သည်။

အဲဒီအပေါ်မှာ လက်မှတ်ထိုးပြီးတော့–

"နင့်လိုပဲ သိပ်သေချာတဲ့ သက်သေလေ"

အားလုံးငြိမ်နေကြတယ်။ သူထရပ်ကာ ကောင်တာသို့ သွားသည်။

ပြီးတော့ ဆိုင်ရှင်ထံ အကျိုးအကြောင်း အကူအညီ တောင်းပြီး အခွံလွတ် ကော်ဖီထည့်တဲ့သံဘူးကို ဝယ်သည်။ ဆိုင်ရှင်က ပိုက်ဆံမယူဘဲ အလကားပေးတော့ သူပြုံးရင်း နဂိုနေရာမှာဝင်ထိုင်ကာ စာချုပ်ကို ခေါက်ထည့်၏။ ပြီးတော့ လက်မှနာရီကိုပါ ချွတ်ကာ သံဘူးထဲထည့်သည်။

"ဒါ ငါ့မွေးနေ့မှာ နင်ဝယ်ပေးတဲ့နာရီလေ၊ အမှတ်တရပေါ့။ ရှလိုင်လေးရက် ဆယ့်တစ်နာရီ ဆယ့်ကိုးမိနစ် သတိတရ မှတ်ထားပေါ့ ချိုပို"

အဖုံးကိုပိတ်ရင်း...

"နင်တို့ပါ လိုက်ခဲ့ကြ"

"ဟ...ဘယ်လဲ"

"မသိဘူးလေ၊ သူခေါ်တာပဲ"

တစ်ယောက် တစ်ပေါက်စကားတွေကို လျစ်လျူရှုရင်း စားသောက်ဆိုင်တန်းတွေရဲ့ ကားလမ်းတစ်ဖက်က စာသင်ဆောင်တွေရှိရာ ယူကလစ်ပင်တန်းအုပ်မိုးထားတဲ့ လမ်းလေးအဆုံးကို သူသွားသည်။

အဆောင်တွေဆုံးတော့ နောက်ဆုံး ယူကလစ်ပင်ရှိရာ ခြေရင်းမှာ သူဒူးထောက်ထိုင်ချရင်း အနီးအနားကို လှည့်ပတ်ရှာတော့ သစ်စအချွန်တစ်ခုကိုတွေ့တာနဲ့ ကောက်ယူကာ မြေပြင်ကို ထိုးဆွသည်။





ချိုပိုအပါအဝင် ကျန်သူတွေက သူ့ကို ဝိုင်းအံ့ကြည့်နေ ရုံကလွဲ၍ ဘာမှဝင်မပြော။

အတော်အသင့် နက်တော့မှ ဘူးကိုထည့်ပြီး မြေကြီးကို ဖို့သည်။ ကိစ္စပြီးစီးတော့ ဘောင်းဘီအိတ်ထဲက တစ်သျှူးစနဲ့ လက်ကိုသုတ်သည်။

သူ မတ်တတ်ထရပ်တယ်။

ရှုပက သူ့ကိုကြည့်ကာ အဓိပ္ပာယ်မရှိတာကွာလို့ ပြောသည်။

မီးမီးက သက်ပြင်းချသည်။

ဟေမာန်က မြေပုံကို ငေးမောနေဆဲ...

ရဲလင်းမျိုးက မဟုတ်သေးပါဘူးကွာလို့ ညည်းသည်။

သူနဲ့ သူမကတော့ မခံချင်စိတ် မီးတောက်တွေနဲ့ လောင်ကျွမ်းလို့ကောင်းနေဆဲ။

တစ်ယောက်ကို တစ်ယောက် ကြည့်တယ်၊ မာနကြောင့် တစ်ယောက်ကို တစ်ယောက် မြင်ကြမှာမဟုတ်ပါဘူး။ မီးတောက်ကို ရင်ဘတ်မှာကပ်ရင်း ဘယ်လိုငြိမ်းရမှန်းမသိ ဖြစ်နေကြသူလို သူတို့...

ဗ ဗ ဗ

အိမ်ပြန်ရောက်တော့ သူ့မျက်နှာ အမူအရာကြောင့် မေမေက–

"ဟဲ့...ဘာဖြစ်လာတာလဲ"

မေးသည်။ သူက–

"ဘာမှမဖြစ်ပါဘူး"

လို့ ပြောရင်း သူ့အခန်းရှိရာသို့သွားသည်။ လွယ်အိတ်ကို စားပွဲပေါ်ပစ်တင်ရင်း အိပ်ရာပေါ်ကို ပက်လက်လှဲချမိသည်။

မျက်ဝန်းကို မှိတ်လိုက်ပေမယ့် နေ့ခင်းက အဖြစ်အပျက်တွေနှင့် စကားသံတွေက ကြားယောင် မြင်ယောင်လာပြန်သည်။ ကျွတ်ခနဲ သက်ပြင်း ညည်းညူရင်း အတင်းမောင်းထုတ်လို့လဲမရ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီစကားတစ်ခွန်းအတွက်နဲ့ သူ ဒေါသတွေနဲ့ ပေါက်ကွဲရပါလိမ့်။

ငယ်ငယ်ကတည်းကနေ အခုလို စိတ်ဆိုး စိတ်ကောက်တာ မဆန်းကြပါ။ ဓလေ့ ထုံးစံတစ်ခုလို ဖြစ်တည်ခဲ့တဲ့ စိတ်ဆိုး စိတ်ကောက်ပြီးတော့လည်း ပြန်ပြီးချော့မော့တဲ့ဓလေ့ဟာ သူနဲ့ သူမအတွက် ဓလေ့ရိုးရာလိုပါပဲ။

ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ခံစားချက်ကို သူသိသလိုနဲ့ တစ်စုံတစ်ခုကရင်ထဲမှာဖြစ်ဖြစ် ဝင်ရောက်နေတာ သူဇဝေဇဝါ ဖြစ်ချင်ချင်၊ သိချင်ချင်... ဘာမှန်းမသိတဲ့ခံစားချက်ကို သူသိရမှာ လန့်နေမိပြန်သည်။

ဟန်ဆောင်ကြရအောင် သူငယ်ချင်းရေ...ဒါ ရိုးရိုးသားသား သံယောဇဉ်နေ၁။

တစ်ခုတော့ရှိတယ်။ ငယ်ငယ်ကတည်းက ရင်းနှီး တွယ်တာမိတဲ့သံယောဇဉ်ကိုမှမငဲ့ထောက်ထား သူမ သုံးနှုန်းလိုက်တဲ့ စကားတွေကြောင့် ပေါက်ကွဲမိတာလား။ ဒီပြင်သူတစ်ယောက်ဆိုလျှင် သူ ဒီလောက်အထိနာမည်မထင်။ အခုတော့...

အသံထွက်အောင် လေပူတွေကို မှုတ်ထုတ်ရင်း မျက်နှာကျက်ပေါ်မှာ ငယ်ငယ်ကပုံရိပ်တွေ မှုန်ဝါးဝါး မြင်ယောင်သတိရ မိပြန်သည်။

သံယောဇဉ်နဲ့ ရေးသားခဲ့တဲ့ မင်းနဲ့ ငါ့ရဲ့ဖတ်စာတွေ။

စတွေ့စက... မင်းက ငါတို့ဘေးခြံကို ပြောင်းလာတဲ့ ကောင်မလေးတစ်ယောက်။

ဂါဝင်နီ အစိမ်းရောင်အကျီလေးနဲ့ တကယ့်ကော်ပတ်ရုပ် လေးလိုပါပဲ။

ဟုတ်တယ်။ လက်ထဲမှာ ဝက်ဝံရုပ်လေးပိုက်လို့ အရာရာကို စူးစမ်းတတ်တဲ့ ငါ့အကျင့်ကြောင့် မင်းတို့အိမ်နဲ့ ငါတို့အိမ်ကြားက ခြံစည်းရိုးမှာ တို့နှစ်ယောက် ဆုံမိကြတယ်လေ။

အသံတွေ၊ ရုပ်တွေ မျက်ဝန်းမှိတ်ထားပေမယ့် ကြားရ သိရပြန်၏။

❦ ❦ ❦





❦ အမှတ်တရတွေ သိုလှောင်ထားတဲ့
မြတ်နိုးခြင်းသေ့ညွှန်းဟာ...
ပြန့်လုံးသွားပါ။

❦ ဖောက်ဖျက်ဖို့ ကြိုးစားရင်း...
မျက်ရည်နဲ့ ချုပ်ဆိုထားတဲ့ ကတိစကားတွေ...
ရက်ရက်စက်စက် လွင့်မှားခဲ့တယ်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အတိတ် [သို့မဟုတ်] နိုင်ငံယာယီ
## အမှတ်စဉ် ( ၁ )

အညိုရောင်ဆံပင်ပျော့ပျော့တွေ လေထဲလွင့်နေတဲ့ မျက်လုံး ဝိုင်းဝိုင်းနဲ့ သူ့ရှေ့ကကောင်မလေးက နာရည်ကို တရှုံ့ရှုံ့သွင်းပြီး ခြံစည်းရိုး သံဆန်ကာကို ကိုင်ရင်း ခြေဖျားထောက်ကြည့်နေတဲ့ သူ့ကို စူးစမ်းသလို ငေးကြည့်နေသည်။

သူက ဝရံတာအောက်မှာ ရပ်ထားသည့် အိမ်ထောင်ပစ္စည်းတွေ အပြည့်တင်လာတဲ့ ကားကြီးတွေကို ကြည့်ပြီး မေမေတို့ ပြောနေကျလေသံနဲ့။

"ဟေ့ကောင်မလေး... နင်တို့ အိမ်ပြောင်းလာတဲ့ လူသစ်တွေ ဆိုတာလား"

ဟု လှမ်းမေးကြည့်လိုက်သည်။

ကောင်မလေးက ပြူးကြောင်ကြောင်နှင့် ကြည့်ပြီး ပြန်တော့မပြော ခေါင်းသာညိတ်သည်။

"နင့်နာမည် ဘယ်သူလဲ၊ ငါနဲ့ သူငယ်ချင်းလုပ်မလား"

ဒီရပ်ကွက်မှာ အပေါင်းအသင်း ရှားပါးသောသူက သူ့အရွယ် ကောင်မလေးကို သူငယ်ချင်းဖြစ်ရန် စိုးရိမ်စိတ်နဲ့ လှမ်းမေးမိသည်။





ကောင်မလေးက ပါးချိုင့်လေးတွေပေါ်အောင် ပြုံးရင်း

"လုပ်မယ်၊ နင်နဲ့ငါ သူငယ်ချင်းဖြစ်သွားပြီ"

သူ တဟားဟား အော်ရယ်မိသည်။ ကောင်မလေးက မျက်မှောင် ကြုတ်ရင်း...

"နင် ဘာရယ်တာလဲ"

သူက...

"နင်စကားလည်း အပီဘူး"

ကောင်မလေးက ဘာဖြစ်လို့လဲလို့ ပြောရင်း တစ်ဆက်တည်း...

"ငါ့နာမည် တိုတိုလွင်ချို၊ အိမ်မှာဆိုရင် ချိုတိုလို့ခေါ်တယ်"

သူ မျက်လုံးဝိုင်းသွားရင်း

"ဘာ...တိုတိုလွင်ချို...ချိုတို"

ကောင်မလေးက မဟုတ်ဘူးလို့ ကြုံးအော်တယ်။ ပြီးတော့ ထပ်ပြော ပါတယ်။

"တိုတိုလွင်ချို"

သူခေါင်းကို တဖြင်းဖြင်းကုတ်ရင်း ပြန်မေးပြန်၏။

"တိုတိုလွင်ချို...ဟုတ်လား"

"ဟာ...နင်ကလည်း"

ကောင်မလေးက ဘေးဘီကိုငဲ့ကြည့်ရင်း ပုဆိုးတိုတို စွတ်ကျယ် လက်ပြတ် အဟောင်းနွမ်းနွမ်းနဲ့ ပန်းအိုးတွေစိုက်နေတဲ့ လူကြီးကို အော်ခေါ် သည်။

"အဘမြ"

"ဝေ့"

ကွမ်းသံပလုတ်ပလောင်းနဲ့ ခြံစောင့်ဖြစ်ဟန်လူကြီးက သူတို့အနီးကို လာသည်။ ပြီးတော့ သူ့ကိုပါ ပြုံးကြည့်ရင်း—

"ဘာပြောမလို့လဲ ငါ့မြေး"

"တူက တမီးနာမည် မတိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက လူကြီးကို ရှုံ့မဲ့မဲ့ပြောတော့ လူကြီးက ကောင်မလေး ခေါင်းကိုပွတ်ပြီး ပြုံးကာ သူ့ကိုပြော၏။

"ချိုပို...နာမည်က ပိုပိုလွင်ချိုလို့ခေါ်တယ် ကလေးရဲ့"

"ပိုပိုလွင်ချို"

သူက သံယောင်ပြုတော့ ကောင်မလေးက ခေါင်းညိတ်သည်။

ပျားရည်တစ်စက်လို ချိုမြိန်မယ်ထင်တဲ့ သူ့ရဲ့ သူငယ်ချင်း လက်သစ်လေးနဲ့ အဲဒီလိုဆုံခဲ့ရပါတယ်။

မင်းလည်း အချိန်ရရင် ကိုယ့်ကို သတိတရ တွေးကြည့်စမ်းပါ ချိုပို...။



## အာဂုတ် [သို့မဟုတ်] ဒိုင်ယာရီ

## အမှတ်စဉ် ( ၂ )

"ဟင်...သားလေး မိုးရေတွေ တစ်ကိုယ်လုံးရွှဲလို့ပါလား"

မေမေ့ရဲ့ စိုးရိမ်ကြောင့်ကြမှုနဲ့ ပူပန်စွာ အလောတကြီး မေးမှုကြောင့် အန်တီမိရဲ့ထဘီစကို အားကိုးတကြီး ဆုပ်ကိုင်ရင်းက အန်တီမိကိုယ်နဲ့ သူကွယ်နေမိသည်။

အန်တီမိက မေမေ့ကို ပြုံးပြရင်း သူ့ခေါင်းကိုပွတ်ကာ

"အစောရယ်... အစောသားက ကျောင်းမသွားဘဲနဲ့ ချိုပို အခန်းပြတင်းပေါက်နားမှာ ဘယ်တုန်းက ရပ်နေတယ်မသိဘူး။ မိုးကလဲ သည်းတော့ ခြံထဲ ဘယ်သူမှ မဆင်းကြဘူးလေ၊ ဦးလေးမြက ပန်းခြံဘက်လျှောက်ရင်း မိုးရေတွေစိုနေတဲ့ သားငယ်ကိုတွေ့လို့ မိကိုလာပြောမှ မနည်းသွားခေါ်လာရတာ၊ အိမ်မှာ ချိုပိုကလည်း နေမကောင်းတော့ ကျောင်းမတက်ဖြစ်ဘူးလေ"

သူက မေမေဆူမှာစိုးလို့ ခိုက်ခိုက်တုန်နေတဲ့ကြားက အန်တီမိကို ဖက်တွယ်ထားရင်းနဲ့ပဲ ရင်ထဲက ဝမ်းနည်းမှုသည် တားမရ။ မေမေဟာ သူ့အနားမှာထိုင်ပြီး စိုးရိမ်စိတ်နဲ့ သူ့ဆံပင်က ရေစက်တွေကို ခါထုတ်ရင်း။

"ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ သားလေးရယ်၊ ကျောင်း မတက်

www.burmeseclassic.com



ချင်ရင် မေမေ့ကို ပြောပေါ့"

မေမေစကားဆုံးတော့ သူမျက်ရည်တွေ ပိုလို့စီးကျရင်း ရှိုက်ကြီးတငင် ငိုလို့ကောင်းနေပါသည်။

"သား ကျောင်းမတက်ချင်လို့ မဟုတ်ပါဘူး မေမေ"

သူစကားကြောင့် မေမေနဲ့ အန်တီမိ အံ့သြနေပုံရသည်။ အန်တီမိကပါ သူ့အနား ဒူးထောက်ထိုင်ချရင်း သူ့ကိုမေးသည်။

"ဘာဖြစ်လို့လဲ သားငယ်"

"ချိုပို နေမကောင်းဘူးလေ၊ သား ကျောင်းသွားတက်တော့ သူ ဝမ်းနည်းမှာပေါ့၊ သားလည်း ပျော်မှာမဟုတ်ဘူး"

သူစကားကြောင့် အမေနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်မိသည်။ နောက်နှစ်ယောက်လုံး အဓိပ္ပာယ်ပါပါ ပြုံးကြပါတယ်။

အဲဒီတုန်းကတော့ ငါက ငိုလို့ကောင်းနေတော့ အဲဒီအဓိပ္ပာယ် ဆိုတာကြီးကို ဘယ်သိပါ့မလဲ ချိုပိုရယ်...

လူကြီးတွေရဲ့ အကြည့်တွေ၊ အပြုံးတွေကို ငါက ကလေးတစ်ယောက် ဦးနှောက်ဉာဏ်နဲ့ ဘယ်လို အဖြေထုတ်တတ်မှာလဲ သူငယ်ချင်း။

❦ ❦ ❦





## အာတိက် [သို့မဟုတ်] ဒိုင်ယာယီ

## အမှတ်စဉ် (၃)

အန်တီမိက သူ့ကိုပြုံးကြည့်ရင်း...

"အပေါ်ထပ်မှာရှိတယ် သားငယ်၊ တက်သာသွားတော့"

"ဟုတ်ကဲ့"

သူခေါင်းညိတ်ရင်း လှေကားအတိုင်း ငယ်ငယ်ကလို တဒုန်းဒုန်း ပြေးတက်သွားသည်။ အန်တီမိက ဒီနှစ်ယောက် စိတ်ကောက်ကြပြန်ပြီနဲ့ တူပါတယ်လို့ ပြောသံကို သူကြားပေမယ့် ပြန်မဖြေအားတော့။

ရင်ထဲက ဒေါသအတိုင်း သူမ အခန်းရှေ့ရောက်တော့ တံခါးကို ခပ်ပြင်းပြင်းခေါက်ရင်း...

"ချိုပို"

သူ့ရဲ့ ကျယ်လောင်လှတဲ့ အော်သံကြောင့် အထဲက ဆောင့်ဆောင့် အောင့်အောင့်နဲ့...

"ဘာလဲ"

"နင်အခုမှ ဘာလို့ပုန်းနေတာလဲ၊ ငါ့ကို ထွက်တွေ့လေ"

ပြောရင်း သူတံခါးကို ဆက်ထုနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...တံခါးကို လော့မချထားဘူးဟဲ့"

သူ့အပြစ်ကို သူမမြင်ဘဲ သူ့ကိုပါ ဆောင့်ဆောင့် အောင့်အောင့်နဲ့ အထဲကလှမ်းအော်နေသော သူမကို သူအမြင်ကပ်လာမိသည်။ တံခါးကို တွန်းဖွင့်တော့ အိပ်ရာပေါ်မှာ ခြေချိတ်ထိုင်ရင်း အချိုးမပြေစွာ လက်သည်းဆိုး မပျက်သော သူမအမူအရာကြောင့် သူ ဒေါသပိုဖြစ်မိသည်။ သူမရှေ့ရပ်ရင်း...

"နင်ဘာလို့ အဲဒီလိုလုပ်ရတာလဲ ချိုပို"

သူမက သူ့ကို မော့ကြည့်သည်။ တည်ငြိမ်နေရာမှ တဖြည်းဖြည်း အမူအရာတွေ ပြောင်းလဲလာသည်။ လက်သည်းကို ဆက်မဆိုးတော့ဘဲ ဆိုးဆေးပုလင်းကို စားပွဲပေါ်လှမ်းတင်ရင်း...

"နင် ဘာပြောချင်တာလဲ ညီ"

သူ ကျွတ်ခနဲ စုတ်သပ်ရင်း...

"နင်သိရဲ့သားနဲ့ ဆက်မညာချင်နဲ့တော့ချိုပို၊ သန္တာကို နင် ဘာပြော လိုက်လဲ"

သူ့ရဲ့အမူအရာ၊ သူ့ရဲ့လေသံကြောင့် သူမက စိတ်ပျက်သလို ကြည့် တယ်။

"ကောင်းပြီလေ...နင်သိချင်တယ်ဆိုရင် ပြောပြရမှာပေါ့ညီ၊ ပြဿနာ ဖြစ်ကြတာက ကျောင်းက ကင်တင်းမှာပါ"

သူမမျက်လုံးတွေဟာ မာနကို ထိခိုက်ခံရသူတစ်ယောက်ရဲ့ မျက်ဝန်း တွေလို...

"ဒုတိယအချိန်ပြီးတော့ ဗိုက်ဆာတာနဲ့ ငါ မီးမီးကိုခေါ်ပြီး (နွေးနွေး)မှာ တစ်ခုခုစားဖို့ ထွက်လာခဲ့တယ်၊ ဟေမာန်ကတော့ အခန်းထဲမှာပဲ နေရစ်ခဲ့တယ်၊ နင်တို့က ပထမတစ်ချိန်ကတည်းက ဘောတနိုက နင်တို့ သူငယ်ချင်းဆီ သွားကြတယ်လေ...၊

အစားအသောက်မှာပြီးခါစမှာပဲ နင့်ရဲ့ရည်းစား သန္တာ ရောက်လာ တာပဲ၊ လူတွေ ရှုပ်ယှက်ခတ်နေတဲ့ ဆိုင်ထဲမှာ အသံမာမာ ခပ်စွာစွာ နှုတ်ခမ်းတွေနဲ့ သူ အရှက်မရှိတိုင်း ပြောသွားတာ"





"ဘာပြောသွားလို့လဲ"

သူ မသိသေးတဲ့ အကြောင်းအရာကြောင့် အံ့သြတကြီး မေးမိသည်။ သူမက သူ့ကို တစ်ချက်လှမ်းကြည့်တယ်။

အဲဒီမျက်ဝန်းထဲမှာ အခံရခက်မှုတွေပါတာ သူသိနေတာပေါ့။ သူမအသံက အဲဒီတုန်းက အဖြစ်အပျက်ကို အခုလက်ရှိ လတ်လတ် ဆတ်ဆတ် ကြုံတွေ့နေရသူလို။

"သိပ်ကိုပြောသွားတာပေါ့ညီရာ၊ သူက ရည်းစား၊ ငါက သူငယ်ချင်းတဲ့၊ သူငယ်ချင်းက သူငယ်ချင်းလိုပဲ နေပါတဲ့၊ ဒီထက်...အို...ကုန်ကုန်ပြောရရင် သူ့ထက် အခွင့်အရေးပိုမယူပါနဲ့တဲ့၊ အရှင်းဆုံးပြောရရင် ငါက မြူဆွယ် တယ်၊ ဖြားယောင်းတယ်ပေါ့ဟာ၊ လူတွေကြားထဲမှာ သူ အရှက်မရှိတိုင်း ပြောသွားတာ ငါ ဒီအတိုင်းပဲ နေရမှာလား"

သူ ကျစ်ခနဲ စုတ်သပ်မိရင်း သူမကို သန္တာအစား အားနာမိ ပြန်သည်။

"ငါလည်း ပြောလိုက်တယ်ညီ၊ နင်က ရည်းစား၊ ငါက သူငယ်ချင်း ပါလို့၊ ဒါပေမယ့် ငါ့လိုအခွင့်အရေး၊ ငါ့နေရာရဖို့ နင် ဒီထက်ပိုကြိုးစားဖို့ လိုတယ်လို့"

စကားသံဟာ ရပ်သွားတယ်။ သူမစကားဆုံးတော့ သူ ဘာပြောရမှန်း မသိနိုင်တော့။

သူမက ကြမ်းပြင်ကိုသာငေးနေရင်း နောက်တော့ သူက ခပ်တိုးတိုး ပြောလာပါတယ်။

"ညီ"

သူ...သူမကို ကြည့်နေမိတယ်။

သူမက သူ့ကို ခပ်ငေးငေးလေးကြည့်နေရင်း စကားဆို လာပါတယ်။

"ငါ ဒေါသကြောင့် ပြောမိတဲ့စကားအတွက် နင်ထိခိုက် နစ်နာတယ် ဆိုရင် နင်ငါ့ကို ကြိုက်တဲ့အပြစ်ပေးပါ၊ ငါခံပါ့မယ်၊ ပြီးတော့ သန္တာကို ငါသွားတောင်းပန်..."



www.burmeseclassic.com

www.burmeseclassic.com



သူမ စကားမဆုံးခင် သူ လက်ကာတားတော့ သူမက မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ နားမလည်သလိုနဲ့ ကြည့်ပါတယ်။

"တောင်းပန်စရာမလိုဘူး။ ဘာကြောင့် တောင်းပန်ရမှာလဲ"

သူမက သူ့စကားကြောင့် အံ့သြသလို ပါးစပ် အဟောင်းသားနဲ့ သူ့ပြုံးမိပါတယ်။

"ငါ့သူငယ်ချင်းကို ငါ့အရှုံးထဲမှာ ဘယ်ထားလို့ ဖြစ်ပါ့မလဲ၊ နင် အနိုင်ရရမှာပေါ့ ချိုပို"

သူမ အံ့သြနေရာမှ တဖြည်းဖြည်းချင်း ပြုံးရယ်လာပါတယ်။

အဲဒီအပြုံးဟာ နေရောင်ခြည်နဲ့ပွင့်တဲ့ ပန်းကလေးတစ်ပွင့်လိုပဲ။

သူ အဲဒီအပြုံးကိုမြင်တော့ ဘာကြောင့် ကြည်နူးမိရတာလဲတော့မသိ"

သူမက ပြောပါသေးတယ်။

"အဲဒီလိုဖြစ်မယ်ဆိုတာ ငါ အစောကြီးကတည်းက သိတာပေါ့ ညီ"

သူ...သူမခေါင်းက ဆံပင်တွေကို ငယ်ငယ်ကအတိုင်း ရှုပ်ပွသွားအောင် ဖွတော့ သူမက မရုန်းမဖယ်ဘဲ တခစ်ခစ် ရယ်မောပါတယ်။ သူလည်း ရောယောင်ရယ်မောမိရင်း

"အရူးမ" လို့ ပြောတော့...

ရင်ခွင်ကို မေးခွန်းတွေ အမြဲပေးတတ်တဲ့ ကျွန်တော့်ရဲ့ သူငယ်ချင်းမလေးသည် ကျေနပ် ပျော်ရွှင်ခြင်းရယ်သံကို သီချင်းတစ်ပုဒ်ကဲ့သို့ သီဆိုတတ်ပြန်၏...။

❦ ❦ ❦

သူပြောလိုက်တဲ့ စကားကို သန္တာက မယုံကြည်သလို ဖြစ်နေပုံရပါတယ်။

သူကတော့ ကော်ရစ်တာလက်ရန်းကိုတောင် မှီလိုက်ပါသေးတယ်။

"ဘယ်လို ကိုညီ...ပြန်ပြောစမ်းပါဦး၊ သန္တာ နားမရှင်းလို့"





သူကတော့ ပုံမှန် အနေအထားပဲ။ (ဒါပေမယ့် သန္တာကိုတော့ အားနာနေမိပါတယ်။)

"ဟုတ်တယ် သန္တာ၊ ချိုပိုနဲ့ ကိုယ့်ရဲ့ဆက်ဆံရေးကို မင်း ဘာမှ ပြောပိုင်ခွင့်မရှိဘူးလို့ ကိုယ် ပြောလိုက်တာပါ၊ ကိုယ် မင်းနဲ့ ရည်းစားမဖြစ်ခင် ကတည်းက ဒီပြဿနာတွေ ပေါ်လာမှာစိုးလို့ ကြိုပြောထားတာ မင်း သိရဲ့သားနဲ့၊ သန္တာ အခုလိုသွားပြောတော့ ကိုယ်လည်း ဘာမှမတတ်နိုင်ဘူး။ ကိုယ်ရည်းစားထားတာ သန္တာ၊ မင်း ကိုယ့်ရဲ့လွတ်လပ်ခွင့်တွေ ချုပ်ချယ်ဖို့ အခွင့်အရေး ပေးလိုက်တာမဟုတ်ဘူး။ ဒီအခွင့်အရေးကိုလည်း မင်းကို ကိုယ် မအပ်နှင်းခဲ့ပါဘူးနော်"

သူ့စကားကြောင့် သူမ မျက်နှာ ပျက်ယွင်းသွားတာတော့ သူ သိပါတယ်။ (နင်မွေးတဲ့မီး ငါ့မှာ ဒုက္ခတွေပြီ ချိုပိုရေ့။)

သူ့စိတ်ထဲက ချိုပိုကို တိုင်တည်ပြောမိပြန်သည်။

"အဲဒါဆို နင်ဘာလို့ ငါ့ကိုရည်းစားထားရတာလဲ ကိုညီ၊ နင့်ကောင်မကို..."

"တော်တော့..."

သူ့ရဲ့ ခပ်ဆတ်ဆတ်လေသံကြောင့် သူမစကား ရပ်တန့်သွားတယ်။ သူ မရိုးမနဲ့ပြုံးမိတော့ သူမက စိမ်းစိမ်းကားကား ကြည့်ပါတယ်။

"မင်း ချိုပိုကို သွားမတုနဲ့သန္တာ၊ ရည်းစားဆိုတာ အစားထိုးလို့ရတယ်၊ သူငယ်ချင်းဆိုတာ ငါ့ဘဝမှာ ထပ်ရှာလို့ မလွယ်ဘူး"

"နင် သိပ်စော်ကားတဲ့ကောင်"

"ဖြန်း"

သူမရဲ့စကားနဲ့ လက်ဝါးဟာ တစ်ချိန်တည်းလိုပဲ၊ သူ့ပါးပြင် ထူပူသွားရင်း ပါးစပ်ကို ယောင်ယမ်း ကိုင်ကြည့်မိ ပြန်တယ်။ ဖြတ်သွားဖြတ်လာ ကျောင်းသားအချို့က...

"ဆော်တယ်ကွ"

"ဟောင်ကောင်ဂျက်မကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ...တက္ကသိုလ်ဂျက်မကွ"

သူမကို မျက်လုံးစိမ်းစိမ်းတွေနဲ့ ကြည့်နေတဲ့ သန္တာ့မှာသာ နဂါးတစ်ကောင်ရဲ့ မျက်လုံးမျိုးတွေ တပ်ပေးမိလို့ကတော့ မလွယ်ကြောပဲ။ ဒီလိုအချိန်မျိုးမှာတောင် ပေါက်ကရတွေးမိရင်း ပခုံးတွန့်မိပြန်သည်။ ဒါကို သူမက သူ့ကို လှောင်ပြောင်သည့်အထင်နှင့် ခုနလိုလက်စွမ်းပြဖို့ ဒုတိယအကြိမ် လက်တိုမြှောက်တော့ သူ လေထဲကလက်ကို လှမ်းဖမ်းဆုတ်ကာ ခပ်နာနာ ဖိနှိပ်လိုက်သည်။

ပြီးတော့လည်း သူ သူမကို ပြောမိပြန်တယ်။

"နင့်ကို ငါ တန်ရာတန်ကြေးပေးပြီးပြီ နောက်တစ်ကြိမ် ဆိုတာကို ထပ်ဖန်တီးရင် နောက်တစ်နေ့ မျက်နှာသစ်ရင် သွားမပါဘဲ မျက်နှာသစ်ရလိမ့်မယ်၊ မယုံရင် နင် စမ်းကြည့်လိုက်လေ"

သူ့ရဲ့ခပ်မာမာစကားနဲ့ လက်ကိုဆောင့်ဖြုတ်ချတော့ သူမက ရှုံ့မဲ့မဲ့ဖြစ်သွားရင်း သူ့ကို အမျိုးမျိုးကျိန်ဆဲပါတယ်။ (မကြားဝံ့ မနာသာဆိုတာ သူမပါးစပ်က အသံတွေထင်ပါရဲ့)

"..........ကောင်"

"..........ဆိုး"

"..........နာ"

သူ့ရဲ့ဂုဏ်ပုဒ်တွေ အဲလောက်ရှိမှန်း သူအခုမှ သိခဲ့ရတာ အံ့ဩချင်စရာ။ ဟာမိနီအုံ့သံတွေဟာ သူထွက်လာတော့ အနောက်မှာ ကျန်ခဲ့တယ်။ (မိပိုရေ...ငါ့မှာတော့ ပါးတစ်ဖက် ထိုးကျွေးလိုက်ရပြန်ပြီ။)

သူစကားဆုံးတော့ ရှေ့ခုံတန်းမှာထိုင်နေတဲ့ ဆရာကြီး မောင်ကြည်နဲ့ ရှုပ၊ မီးမီး၊ သူ့ဘေးမှာထိုင်နေတဲ့ ဟေမာန်၊ ချိုပိုတို့ဆီက တဝေါဝေါ ရယ်သံတွေ အတောမသတ်။





ဆရာ ဝင်မလာသေးတော့ သူ ခုနကဖြစ်လာတဲ့ သန္တာ့ကိစ္စကို ပြန်ပြောမိခဲ့တာ ဖြစ်တယ်။

သူမကတော့ ပြုံးရုံသာပြုံးနေခဲ့တယ်။ ကျန်တဲ့သူတွေကတော့ သူ့ကို ကြည့်လိုက် ရယ်လိုက်နဲ့ပဲပေါ့၊ သူမကတော့ သူ့ကို မမြင်ဘူးတဲ့ လူတစ်ယောက်အနေမျိုးနဲ့ ငေးကြည့်နေပြန်ပါတယ်။ ပြီးတော့လည်း ခပ်တိုးတိုးလေး...

"နင် သိပ်နာနေလားညို"

သူမရဲ့ စိုးရိမ် ကရုဏာမျက်ဝန်းနဲ့ အသံပေါင်းစပ်မှုကြောင့်–

"မနာပါဘူးဟာ...ဒီလောက် အရင်းအနှီးကတော့ ထိုးကျွေးရမှာပေါ့ ချိုပိုရယ်"

သူက အဲဒီလိုနှစ်သိမ့်တော့ မီးမီးက မိန်းမပီပီ မျက်စောင်းထိုးရင်း...,

"အခုထက်ထိ ညိုတို့ကတော့ လေသံမလျှော့ဘူး"

"အေးလေ...ခံရတာတောင် နည်းသေးတယ်"

ဟေမာန်က မီးမီးစကားကို ထောက်ခံသလိုပြောမိတော့ ကျန်တဲ့သူတွေကလည်း ဟုတ်ပါရဲ့လို့ ဝိုင်းပြောသူကပြောပေါ့။ မီးမီးက ပြောသေးတယ်...

"ဟိုတစ်ယောက်ကလည်း ကြည့်ပါဦး။ ဖြစ်နေလိုက်တာ၊ ပြောတော့ သူငယ်ချင်းလေး ဘာလေးနဲ့...ပြောကို မပြောချင်တော့ဘူး"

မီးမီးရဲ့ အသားလွတ်ကြီး ရန်တွေ့စကားကြောင့် သူမက ခပ်ပြုံးပြုံးပဲ။

"မပြောချင်ရင်လည်း မပြောပါနဲ့ မီးမီးရယ်...ဟုတ်တယ် မဟုတ်လား ညို"

သူ့ကို မျက်စပစ်ပြီးမေးတော့ သူကလည်း ခေါင်းညိတ် ရယ်မောမိပါတယ်။

ရှုပကတော့ သူတို့နှစ်ယောက်ကို ကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်ကာ...

"အတိုင်အဖောက်ကတော့ ညီပါ့ကွာ"

"ဟဲ့...ညီရမှာပေါ့၊ ငါတို့က သူငယ်ချင်းပဲဥစ္စာ၊ ဟုတ်တယ်နော် ညို"

www.burmeseclassic.com



သူက ခေါင်းညိတ်ပြုံးရင်း...

"ဟုတ်တယ်လေ၊ အဲဒါကို ဘာဖြစ်ချင်နေကြတာလဲ၊ ကိုယ်တို့က ထာဝရသူငယ်ချင်း...အဖြူသက်သက်ပဲ"

ပတ်ဝန်းကျင်ဆိုတာ သူတို့နှစ်ယောက်ကို နေရာရွှေ့ထားချင်လိုက်၊ ဆေးခြယ်အရောင်ပြောင်းချင်လိုက်နဲ့ ကိုယ့်အလုပ်မဟုတ်ဘဲ အလုပ်ရှုပ်ခံချင်ကြတာ ဘာသဘောလဲမသိ။

သူ လေးလေးနက်နက် ပြောမိတယ်။

"အချစ်ဆိုတာ ဗေဒင်ဟောစာတမ်းမဟုတ်ဘူးကွ၊ ရှေ့ဖြစ်မယ့်ကိစ္စကို ကြိုပြောလို့ရတယ်လို့ မင်းတို့က မှန်းထားလို့လား"

သူ့စကားကို ဘယ်သူကမှ အဖြေပြန်မပေးကြ။

ဘေးပတ်ဝန်းကျင် အပေါင်းအသင်းရဲ့ ဖက်ကြိုးကိုင် ချယ်လှယ်ချင်ကြတာ။ သက်ရှိလူသားရဲ့ ရင်ထဲကခံစားချက်ဆိုတာ သူတို့ သိဖို့ကောင်းပါတယ်။

တကယ်တော့ မာယာများပြီး လှည့်စားတတ်တဲ့ အချစ် ဆိုတာ သူ့ရဲ့အဝေးဆုံးကို အင်ဂျင်တပ်ပြီး ပြေးလွှားခြေရာပျောက် ကောင်းတုန်း ထင်ပါရဲ့နော်...

နူးညံ့သိမ်မွေ့ပြီး နားလည် မှန်းဆရ ခက်တဲ့ အချစ်ဆိုတာမှာ ကြောက်စရာကောင်းပြီး သွေးအေးတဲ့ ဂုဏ်သတ္တိတွေ ရှိတယ်ဆိုတာ ဘယ်လိုသိမှာလဲ...။





## အတိတ် [သို့မဟုတ်] ဒိုင်ယာရီ
## အမှတ်စဉ် ( ၄ )

"ဒီပွဲက ကြည့်မကောင်းတာတော့ အမှန်ပဲ ရှုပ"

သူပြောပြောဆိုဆို ဂစ်တာကို ရှုပရင်ခွင်ထဲ လှမ်းထည့်ပြီး ပြဿနာဖြစ်နေရာသို့ ခြေလှမ်းရွှေ့သည်။ အခုလို ညနေပိုင်းအချိန်တွေမှာ သူတို့ရဲ့ တစ်လမ်းကျော် ရှုပတို့ခြံရှေ့ကအုတ်ခုံမှာ ဂစ်တာတီးချင်တီး၊ စကားပြောချင်ပြော၊ ဒါမှမဟုတ် ဖြတ်သွား ဖြတ်လာကောင်မလေးတွေကို ထိုင်ငေးကြတာ အချိန်မှန် အလုပ်တစ်ခုပေါ့။ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင်။

ကြည့်စမ်းပါဦး။ တောသူမွှေးလိုလို...ရပ်(ပ်)ပါလိုလို... အော်တာလိုလို နဲ့က တပည့်နှစ်ယောက်ခြံရံပြီး ချိုပိုကို လိုက်စကားပြောနေလိုက်တာ၊ ချိုပိုက အငှားဆိုင်က ငှားလာဟန်တူတဲ့ စာအုပ်တွေကို ရင်ခွင်ပိုက်ရင်း ထမီလယ်ခေါင်မှာ ထုတ်ဆီးတိုးကစားသလို ဟိုဘက်ဒီဘက် ရွှေ့နေရဟန် တူသည်။

စိတ်ပျက်လက်ပျက်နဲ့ သကောင့်သား စကားတွေကို နားထောင်ရင်း သူလျှောက်လာတာမြင်တော့ မျက်နှာက ပျော်ရွှင်အားတတ်သွားပုံ ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(ကိုးလိုးကန့်လန့်ဆိုတဲ့ ဝေါဟာရဟာ အဲဒီငနဲကိုရည်ရွယ်ပြီး ထုတ်လုပ်ထားဟန်တူသည်။)

"ညီ..."

ချိုပိုက သူ့လက်မောင်းကို ဖက်တွယ်လိုက်တယ်။ ငနဲက သူ့နောက်က နှစ်ယောက်ကို ရုပ်ရှင်ထဲကလိုကြည့်တယ်။ အမှန်က ရုပ်ရှင်ရိုက်ကွင်းမှာဆိုရင် ကျွန်တော်က မင်းသားနေရာပဲ။ ဒါပေမယ့် သူတို့ပုံစံက တကယ်ဖြိုမယ့် ပုံစံတွေ။ ခပ်တောင့်တောင့်တွေချည်းပဲ။ ဒီကြားထဲ ငနဲရဲ့နောက်က နှစ်ယောက်က မောင်ပြန်မာတွေလို ကြွက်သားကိုညှစ်ပြ၊ လက်မောင်းကားပြတော့ သူ အာခေါင်တွေတောင် ခြောက်လာတယ်။

ဒါပေမယ့် ဆိုရိုးစကားရှိသားပဲ၊ (ဉာဏ်ရှိဖို့ရယ်၊ ဟန်ရှိဖို့ရယ်) ဆိုတာလေ။ ပြဿနာထဲမှာ ငါးယောက်သား စကား မဆိုဖြစ်ကြသေး။ သူ ခေါင်းမကုတ်မိအောင် နေနေရရင်း ဘေးဘီကို ကြည့်ရသေးတယ်။ မောင်မင်းကြီးသား မောင်ရှုပကာ တော်တော် သတ္တိကောင်းသည်။ ဂစ်တာကို ဖလက်တဲကကိုင်ပြီး သတ္တိတွေ စွတ်ပြနေပေမယ့် သူ့အနားရောက်မလာ။ သူခေါင်းကုတ်သလိုနဲ့ ဟိုသည်ကြည့်မိသည်။ (ဟာ...ကျေးဇူးရှင်) အဝေးက တရွေ့ရွေ့ သူတို့ဆီလာနေတာ တွေ့ရသည်။ မြန်မြန်လာပါကျေးဇူးရှင်ရယ်။

သူ့စိတ်ကူးမဆုံးခင် တိတ်ဆိတ်ခြင်းကို စတင်မောင်းထုတ်တာက ချိုပိုကို လိုက်စကားပြောတဲ့ပုဂ္ဂိုလ်။

"နေပါဦး...မင်းက ဘယ်ကကောင်လဲ၊ ဘာဖြစ်စေချင်လို့လဲ"

သူ့ကို စားတော့ ငါးတော့မယ့်ပုံ ပြောနေသော ဂျစ်တစ်တစ်ငနဲကို သူ မျက်လုံးမှေးရင်း ဂိုက်ဆိုက်အပြည့်နဲ့ပဲ...

"မင်း ငါ့နာမည်ကိုကြားဖူးလား။ ဒီအပိုင်းမှာ ငါ့နာမည်ကို အရင်စုံစမ်းလိုက်ဦး"

ရှေ့ကကောင် နည်းနည်းတွေသွားတယ်။ အရိပ်ကလည်း ပန်းတစ်ပင်တစ်ချက် လက်ဝှေ့အိတ်အနီကြီး ချိတ်လို့ လွယ်အိတ်ကြီးကို လွယ်လာပါတယ်။





သူ ခပ်တည်တည်ပဲ...

"ဒီအပိုင်းမှာ နာမည်အကြီးဆုံး လူမိုက် ရွှေမြကို မေးလိုက်... ငါ့အကြောင်းကို"

ဟိုကောင် မသိမသာနောက်ဆုတ်တော့ သူ့နောက်က နှစ်ယောက်က နောက်က လက်လှမ်းထောက်တော့ ဒီကောင် စိတ်ပြန်တင်းလိုက်ပုံရတယ်။ ဒါလည်းခဏပါ။ ဘာလို့လဲဆိုတော့ အရိပ်က ကွမ်းဝါးထားတဲ့ သွားနီတွေနဲ့ လက်ဝှေ့အိတ်နီနီကြီး ချိတ်လို့ ရောက်လာရင်း...

"ဟာ...ဆရာ၊ ဘာလုပ်နေတာလဲ"

ပြောရင်းနဲ့လည်း နှုတ်ခမ်းမွေးကားကားကြီးတွေကို လက်နဲ့သပ်ရင်း သူ့ဘေးကလူတွေကို ကြည့်တယ်။

"ဒီလိုပါပဲ...ကိုလူးအာရယ်"

သူ့စကားကြောင့် နှုတ်ခမ်းမွေးကြီးက ဘယ်သူ့မှ ဂရုမစိုက်ဘဲ သူ့ကိုသာ...

"ကောင်းလိုက်တာ ဆရာရယ်၊ ပေါင်တစ်ရာ ရေခဲတုံးကို ခွဲလိုက်သာများ လှမှလှ၊ ဘာအပြစ်ဆိုစရာမှ မရှိဘူး၊ ရေခဲမှုန်တွေ ဖွားခနဲ...ဖွားခနဲ"

"ဟဲ...ဟဲ...ဟဲ...ဟဲ"

သူ ညှစ်ရယ်နေမိပါတယ်။

ဟိုကောင်တွေက သူ့ကို ရူးစမ်းသလိုကြည့်လိုက်၊ နှုတ်ခမ်း မွေးကြီးကို ကြည့်လိုက်ပေါ့။ ချိုပိုကလည်း ကြောင်တောင်တောင် ဖြစ်နေပုံရတယ်။ ဘစ်ခါတလေ ငနဲက ကိုလူးအာရဲ့ လက်ဝှေ့ အိတ်ကြီးကို မသတီသလို ကြည့်ကြည့်နေတတ်ပါတယ်။

"ဒါနဲ့...ဆရာလေး ပြောပါသေးတယ်၊ ဘာကလပ်..."

သူက နှုတ်ခမ်းမွေးကြီးကို လက်ဖျံကိုပုတ်ရင်း...

"ခင်ဗျားကလည်း မေ့တတ်နေပြန်ပြီ၊ အာဖျိုးကွမ်ဖေလ"

နှုတ်ခမ်းမွေးကြီးက ကွမ်းဝါးသံနဲ့ ဟုတ်တယ်၊ ဟုတ်တယ် ကိုဘာတယ်၊ ဝုတ်တယ် ဖြစ်အောင် ပြောပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့...ဆရာလေး၊ ဒီပစ္စည်းတွေအတွက် ဆရာလေးကို ကျေးဇူး အရမ်းတင်တယ်"

သူလက်ဝှေ့အိတ်ကို လှမ်းယူ ပခုံးမှာချိတ်ရင်း...

"ရပါတယ်ဗျာ... ကဲ...ခင်ဗျားနဲ့ ညကျမှဆုံမယ်"

"ဟုတ်ကဲ့ဆရာလေး"

တရိုတသေပြောပြီး နှုတ်ခမ်းမွေးကြီးထွက်သွားမှ နောက်တွေဘက် လှည့်ပြီး စိတ်မရှည်ဟန်နဲ့...

"ကဲ...ကဲ...ပြောကြ၊ ဘာဖြစ်ချင်သလဲ၊ ဘာလုပ်ပေးရမလဲ"

"ဟာ...ဘာမှမလုပ်ချင်ပါဘူး ဆရာလေးရဲ့၊ ဟဲ...ဟဲ..."

ပုံစံပြောင်းပြီး သူ့ကို တဟဲဟဲရယ်ကာ သူ့လူနှစ်ယောက်ကို အမြန် ထွက်ခွာရန် အချက်ပြတယ်။ သူ့ကိုလည်း...

"ဆရာလေးက ဆရာလေးပါဆရာရယ်...သွားမယ်နော် ဆရာလေး"

တစ်ဆရာတည်း ဆရာကာ သုံးယောက်သား တစ်ချိုးတည်း လစ်ကြတော့တယ်။ သူလည်း အခုမှ တဟားဟား အော်ရယ်ပါတော့တယ်။ သူရယ်ရင်း ချိုပိုနှင့်အတူ ရှုပရှိရာကို လျှောက်လာသည်။ ချိုပိုက မျက်မှောင်ကုတ်ရင်း သူရယ်နေတာကို ကြည့်နေတာ သတိပြုမိသည်။ ရှုပကတော့...

"ဟူး...ပြဿနာဖြစ်ပြီထင်တာကွ၊ ဟော့ကောင်...ဒါကြီးက ဘယ်က ပါလာတာလဲ"

ချိုပိုကလည်း...

"နေပါဦး ညီရဲ့... နင်ဘယ်တုန်းက ကိုယ်ခံပညာတွေ ဘာညာတွေ သင်ထားရတာလဲဟ"

သူ ထပ်ရယ်မိပြန်သည်။ ချိုပိုက သူ့ရယ်သံ အမြင်ကပ်ပုံရတယ်။

"ဘယ်တုန်းကမှ မသင်ထားပါဘူး"

"ဟင်...နင်ခုနပြောတုန်းက ဘာကလပ်..."

"ကဲ...ထိုင်စမ်းပါဦး ချိုပိုရယ်၊ ငါရှင်းပြပါ့မယ်"





သူ ချိုပိုနဲ့ ရှုပတို့ အုတ်ခုံပေါ်ထိုင်ကြသည်။

"ကဲ...အာဖျိုးကွမ်လို့ ငါပြောတာ မဟုတ်လား"

ချိုပိုက ခေါင်းညိတ်သည်။ ရှုပကတော့ သူတို့စကားကို သိပ်နားလည်ပုံ မရဘူး။

"အာဖျိုးကွမ်ဆိုတာ သမိန်ပေါသွပ်ရဲ့ အာဖျံကွီးလေ"

သူ့စကားကြောင့် ချိုပိုက မိန်းမတန်မဲ့ တဟားဟားအော်ရယ်တယ်။

"ဟို...ကိုလူးအာဆိုတဲ့ လူကြီးက..."

"ဪ...သူလား... ရှုတင်မန်နေဂျာ တစ်ယောက်ပဲ၊ ဒီလူက ငါ့ကို ဘယ်လို အထင်ကြီးနေလဲမသိဘူး၊ စားသောက်ဆိုင် တစ်ဆိုင်မှာ တစ်ခါပဲ ငါဘီယာတိုက်ဖူးတယ်၊ အဲဒီကစပြီး တစ်ဆရာတည်း ဆရာနေတာ၊ ဒီလိုဟ...စားရင်းသောက်ရင်းနဲ့ သူက သူတို့ရိုက်ကွင်းအတွက် ၊ အရ ဒီလက်အိတ်ကြီးလိုနေတယ်လို့ ပြောမိရော၊ အဲဒါနဲ့ ငါလဲ အောင်ဆန်းကွင်းက ငါ့အသိ လက်ဝှေ့နည်းပြ တစ်ယောက်ဆီက ငှားပေးလိုက်တာ"

ရှုပက အခုမှ ရေရေရာရာဟန် သဘောပေါက်ဟန် တူပါသည်။ ထုံးစံအတိုင်း ခေါင်းတညိတ်ညိတ်ပေါ့။

"ဟို...ရေခဲတုံး ခွဲတယ်ဆိုတာကရော"

သူ သူ့မဆံပင်ကို လှမ်းဖွရင်း...

"ဝတုံးမရဲ့၊ အဲဒါ ရိုက်ကွင်းက ဇာတ်ဝင်ခန်းတွေ ပြောပြနေတာဟ"

သူမက တဖြည်းဖြည်းပြုံးလာရင်း သူ့ကို စကားတစ်ခွန်း ပြောပါတယ်။

"ကောင်စုတ်... နင်ဟာလေ တကယ့်ကလိမ်ကကျစ် တစ်ယောက်ပဲ သိလား"

သူ တဟားဟား အော်ရယ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

သူငယ်ချင်းလေးရေ…

မနက်ဖြန်ဆိုတာ မျှော်လင့်ချက်နည်းသူအတွက် လမ်းကျဉ်းကျဉ်းလေးနဲ့ သိပ်တူတယ်။

တစ်ချိန်တည်းမှာပဲ လက်ရှိပိုင်ဆိုင်ထားရတဲ့ ငါ့ရင်ခွင်ထဲက အချစ်ဆိုတာ ငုံ့ကြည့်မိတော့ အလွမ်းတွေဖြစ်သွားတာ သိပ်မြန် လွန်းတယ်။

တချို့မိတ်ဆွေတွေက ပြောကြပါတယ်။ တန်ဖိုးကြီးတဲ့ဆုံးရှုံးမှုတွေဟာ ခေါင်းမာမှုတစ်ခုကြောင့်တဲ့။ အားလုံးကစွပ်စွဲလည်း ရှိပါစေတော့…

လှပသိသတဲ့စိတ်နဲ့ အချစ်ဆိုတဲ့ ဝတ်ရုံတစ်ထည်ကို ကောက်ယူဝတ်ဆင်ချင်တာတော့ ရှိတာပေါ့။

လူတိုင်းမှာ ဒီအခွင့်အရေး ရှိကြတာပဲ…

ငါကတော့ ဝတ်ရုံလေးတစ်ထည်ကို မေ့နေခဲ့တယ်။

နင်ဟာ ငါ့ရဲ့ ဝတ်ရုံလေးတစ်ထည်ပါ…။





အဲ့တိတ်ကို အဆုံးသတ်ချိန်မှာ သူဟာ အမှားကြက်ခြေခတ် နဲ့ တံဆိပ်ကပ်ခံလိုက်ရသလို ခံစားမိပါသည်။

သူ ပြီးဆုံးခဲ့တဲ့ နေ့ရက်တွေမှာ သံယောဇဉ်ဆိုတာ ပုံမှန်ခုတ်မောင်း နေတဲ့ သင်္ဘောတစ်စင်းလို ကိုယ့်ခရီးစဉ် ရက်ရှည်တွေကို သတိရှိ မေ့နေခဲ့ရတာ သူ ပြန်လည်မဆန်းစစ်မိ။

သိပ်ကိုနိုးကပ်နေတော့လည်း သတိမထားမိတာ ပါတာပေါ့လေ…

"မင်း…သိပ်ကိုမှားတယ် ညို"

"ဘယ်လို"

မောင်ကြည့်စကားကို သူသဘောမပေါက်။

"မင်း ဘာကိုရည်ရွယ်ပြီးပြောတာလဲမောင်ကြည်"

သူနဲ့ရှုပထံ ဒီကောင်က စီးကရက်တွေဝေပေးရင်း…

"ဟိုတစ်နေ့က ဒီကောင်နဲ့ချိုပို ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ စာချုပ်ချုပ်ကြတာလေ…အဓိပ္ပာယ်မရှိလိုက်တာကွာ"

စာချုပ်ဆိုတဲ့အသံ… စကားတစ်ခွန်းဟာ သူ ဣန္ဒြေပျက်လောက် အောင် ဒဏ်ရာအပြင်းအထန်ရသူလို ဖြစ်ခဲ့မိရတာလဲ။

"ငါမှားသွားတယ်လို့ မင်းပြောချင်တာလား မောင်ကြည်"

ခေါင်းခါပြ၏။

"မင်းကိုငါ ဆရာကျော်ဇွာထက်ရဲ့ စာကြောင်း တစ်ကြောင်းကို ရွတ်ပြမယ်၊ အဲဒါဘာလဲဆိုတော့… (မသေချာတဲ့ အလောင်းအစားတစ်ခုက ဆုံးရှုံးမှုနဲ့စာရင် အဲဒီအလောင်းအစားကို အစကတည်းက မလုပ်တာ ကောင်းမယ်)တဲ့"

"မသေချာတဲ့ အလောင်းအစား…"

ဒီတစ်ခါ မောင်ကြည်က ခေါင်းညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရင်ထဲမှာ ချိုပိုအတွက် အဓိပ္ပာယ်တစ်ခုခုရှိနေမှာပါ၊ ဒါမှမဟုတ်ရင် သိရဲ့သားနဲ့ မသိချင်ယောင်ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဒီကောင်ရဲ့အမေးဟာ သူ့ကို ငိုင်ကျသွားစေတာ အမှန်ပဲ။ ရှုပကပါ သူ့ကို စာနာသလို ငေးကြည့်၏။

"အချစ်ဆိုတာ ရင်ထဲကလှုံ့ဆော်မှုကြောင့် သူ့အလိုလို ဖြစ်လာတာ အကောင်းဆုံးပဲညီ၊ ပတ်ဝန်းကျင်ကြောင့်၊ အခြေ အတင် ငြင်းခုံမှုကြောင့် ရှိပြီးသားအချစ်တွေ ဖျက်ဆီးပစ်ရင် စိတ်နာစရာကောင်းတဲ့ အလွမ်းတွေ မင်းအတွက် ရလာလိမ့်မယ် ညီ"

ရှုပရဲ့ လေးလေးနက်နက် စကားကို သူ ပြန်မဖြေရှင်းချင်။

မနေ့က စာချုပ်ကိစ္စကို သိပ်ကျေလည်ပုံမရတဲ့ ဒီကောင်တွေရဲ့ ခံစားချက်ကို သူသိသည်။

"ငါ့ရင်ထဲမှာ ချိုပိုအပေါ်ထားတဲ့ သဘောထားအမှန်ကို ငါကိုယ်တိုင်လည်း သိချင်နေတယ် မောင်ကြည်"

"မင်း စာချုပ်ကို ဖျက်လိုက်ပါလား"

သူ ခေါင်းခါသည်။

"လူကြီးတွေရဲ့အစီအစဉ်ကို မင်း အလိုက်သင့် နေလိုက်ပါလား"

သူ ပြုံးမိသည်ထင်တယ်။ ပြီးတော့လည်း...

"ချိုပိုရော ငါ့ပါ ငြင်းလိုက်တယ်"

"ဟင်...ဒါဆို"

"လတ်တလော အခြေအနေကတော့ကွာ စေ့စပ်ပွဲကို နောက်ဆုတ်လိုက်တာပဲ၊ ငါတို့ရဲ့ အခြေအနေကို လူကြီးတွေက နားမလည်နိုင်အောင် ဖြစ်နေတယ်"

ရှုပက...

"ဟုတ်တော့လဲဟုတ်ပါတယ်၊ လွယ်တဲ့ကိစ္စကို မင်းတို့ ကိုယ်တိုင်က ခက်အောင်လုပ်ရတယ်လို့ကွာ"

သူ ပြတင်းပေါက်တံခါးမှ အဝေးကို ငေးကြည့်သည်။





"နေတွေပူ၊ မိုးတွေရွာ အချိန်တွေကြာလာရင်တော့ ငါ့ရင် ထဲက နှင်းဧကေ အပင်ကြီးထွား ရှင်သန်လာတော့မှာပါ၊ အဲဒီအခါကျရင် ငါ့ရင်ထဲက သစ်ပင်ဟာ ဘာအပင်လဲဆိုတာ ပေါ်လာတော့မယ်လေ"

ရှုပက သူ့ကိုကြည့်ပြီး ပြုံးသည်။

"မင်းဟာက ဖဲကစားသူတွေလို ဖဲချပ်ကို ပွတ်ကြည့်ရတာနဲ့ တူနေတယ် ညီ"

မောင်ကြည်ကပါ ထောက်ခံဟန်ပြုရင်း...

"လေတိုက်မှ သစ်ရွက်ကြွေတာမဟုတ်ဘူး ညီ၊ အရွက်ခြောက်လို့ အညှာမခိုင်ရင်လဲ သစ်ရွက်ကကြွေနိုင်တာပဲ၊ မင်းရင်ထဲက အဖြေသိဖို့ကို အချိန်ကာလကြီးက အာမခံချက် ပေးနိုင်ပါ့မလား"

သူ မောင်ကြည်ကို ဖျတ်ခနဲကြည့်သည်။

"နောက်ဆုံး ငါပြောမယ်ကွာ"

ရှုပနဲ့မောင်ကြည် သူ့ကို စိတ်ဝင်တစားကြည့်ကြသည်။

"လက်ဖက်ရည်ဆိုင်သွားရင် ကောင်းမလားလို့"

"ဟာ...လဒ"

"ခွေးကောင်"

ပျစ်ပျစ်နှစ်နှစ်ဆဲပြီး သူ့ဖက်ပိုးပေါ်ကို ဒီကောင့် လက်သီး လက်ဝါးတွေ ကျလာပါတယ်။

❦ ❦ ❦

"အဲဒီကောင်မလေးနာမည်က မမတဲ့"

"အင်...မမ...ရထားတံဆိပ်ကြီး ကျနေတာပဲ"

သူ့စကားကို မောင်ကြည်က ယောက်ျားဆန်ဆန် မျက်ခွက်ထိုးတယ်။ သူတို့က လည်းတန်းတစ်ဝိုက် နာမည်ကြီး အင်္ဂလိပ်စကားပြော သင်တန်း တစ်ခုမှာ သူတို့သုံးယောက် (မောင်ကြည်၊ ရှုပ၊ သူ) တက်ကြပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေထဲက ဟေမာန် တစ်ဦးတည်းသာ တက်ဖြစ်သည်။ ဒီနေ့တော့ ဟေမာန်က ကျန်အုပ်စုနဲ့ ဈေးဝယ်ထွက်သတဲ့။

သူ ဒီကောင်မလေးကို စိတ်ဝင်စားတာ နှစ်ရက်သုံးရက်ခန့်တော့ရှိပြီ။

"ပုံစံကတော့ လိုတာထက် အိုက်တင်ပိုများနေသလိုပဲ"

"နောက်နာမည်တစ်ခု ရှိသေးတယ်"

"ဘာလဲ"

သူအရမ်းသိချင်သွားလို့ ရှုပကိုမေးတော့ ဟိုကောင်က တဟီဟီနဲ့။

"အမ်အမ်ဘောက်(စ်)တဲ့ (MM Box) တဲ့"

သူ မျက်ခုံးမြင့်သွားတယ်။

"ဘာဖြစ်လို့"

"ဒီလိုကွ၊ အဲဒီကလေးမက မာနကြီးတယ်၊ စီးပွားရေးတက္ကသိုလ်ကပဲ နာမည်အရင်းက မျိုးမမတဲ့၊ စကားပြောရင် အထက်စီးဆန်တယ်"

"အထက်စီးဆန်တယ်ဆိုတော့ ကုလားမခြေထောက်စီးပြီး မတ်တတ်ရပ် စကားပြောတတ်လို့လား"

"နမ..."

မောင်ကြည်ရဲ့ ဖောက်ဝင်လာတဲ့ အပြောင်အပျက် စကားကြောင့် ရှုပက မေတ္တာပို့သည်။

သူကတော့...

"ငါ သဘောကျတယ်ကွာ"

"ဟမ်"

"ဘယ်လို"

မျက်ခုံးတွေ မြင့်တက်သူ၊ သူ့ကို မမြင်ဘူးသလို ကြောင်ငေးငေးကြည့်ကြသူနဲ့ ပုံစံအမျိုးမျိုးပေါ့။

ပထမဦးဆုံး ရှုပက...

"မင်း စိတ်ဝင်စားသွားပြီလား"

သူ ခေါင်းညိတ်သည်။ မောင်ကြည်ကတော့...





"မင်း လိုက်တော့မယ်ပေါ့"

သူ ရယ်မြဲ ရယ်နေခဲ့တယ်။

"သူ ဘာကြိုက်တတ်တယ်၊ သူ့အကျင့်၊ သူသွားတတ်တဲ့နေရာ အားလုံး မဟုတ်တာတောင် တစ်စိတ်တစ်ပိုင်းလောက်တော့ ငါ သိချင်တယ်"

"မင်း ဘာလုပ်မလို့လဲ"

သူ မောင်ကြည်ကို ကြည့်မိသည်။

"ကိုယ်နဲ့ စီးချင်းထိုးရမယ့်ပြိုင်ဘက်မှာ ဘာအားနည်းချက် ရှိလဲလို့ အခြေအနေကို ကြိုတင်သိရရုံလေး လောက်ပါကွာ"

ရှုပက သူ့အတွေးကို သဘောပေါက်ပုံရတယ်။

စကားတွေ စတင်ပါတော့တယ်။

"ဒီလိုကွ... မျိုးမမ ကြိုက်တတ်တဲ့ အစားအသောက်တွေက

..............................................................

..............................................................."

"ဦးလေးကျော်... သံပုရာဖျော်ရည်ထဲ စတော်ဘယ်ရီ နည်းနည်း ထည့်ပေးဦးနော်"

"အေးပါဟာ... ငါ ညည်းအကြိုက် မမေ့ပါဘူး"

အသားက မည်းမည်း၊ ဗိုက်ကရွှဲရွှဲနဲ့ သင်တန်း အောက်ထပ်က အစားအသောက်ဆိုင်ပိုင်ရှင် ဦးလေးကျော်ဟာ ဆိုင်ပိုင်ရှင်မပီသစွာ အလုပ်သမား တစ်ယောက်လို ဝင်ရောက် လုပ်ကိုင်ပေးတတ်၏။ စိတ်ရှည်ခြင်း၊ သဘောကောင်းခြင်းသည် ဦးလေးကျော်ရဲ့ ကုန်အမှတ်တံဆိပ်။

"မင်းကို ငါပြောတယ် မဟုတ်လား"

"မင်းငါ့ကို ဘာမှမပြောရသေးဘူးလေ မောင်ကြည်"

သူ့စကားကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ဟိုဥစ္စာလေ"

"ဘာဥစ္စာလဲ"

"ဟိုဥစ္စာကွာ"

ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း ပြောဖို့စကားအစကို အစဉ်မမှတ်တတ်သော မောင်ကြည်က...

"သိပြီ... သူစားတဲ့အစားအစာ၊ တွေ့လား... သံပုရာဖျော်ရည်ထဲ ဒီလောက်ချိုတဲ့ စတော်ဘယ်ရီ ထည့်ရတယ်လို့၊ ဟိုတစ်နေ့ကလည်း လိမ္မော်ရည်ထဲ ငှက်ပျောသီးကို အစိတ်စိတ်ပိုင်းပြီး ထည့်သောက်တယ် အဲသလို ထောင့်မကျိုးတဲ့အစားအစာ စားတာ ဒီကမ္ဘာမှာ သူတစ်ယောက်ပဲ ရှိလိမ့်မယ်"

"သူက ဒီလိုလား"

သူရဲ့ ပြောင်ချော်ချော်အမေးကို ဒီကောင်က သူ့အတိုင်း တုံ့ပြန်တယ်။

"သူက ဒီလိုပဲ"

သူက ခပ်ပြုံးပြုံး ခပ်တည်တည်ပဲပေါ့။

သူမ ကြားလောက်အောင် အသံကျယ်ကျယ်နဲ့...

"ဦးလေးကျော်ရေ..."

"ဝေ့..."

"ကျွန်တော့်ကို..."

သူမ လှမ်းကြည့်တာ သူမြင်သည်။ မမြင်သလိုဘဲ ယောကျ်ား လေးတန်မယ့်နေပြ သဘောထားကြီးရတာပေါ့နော်။

"ကျွန်တော့်ကို နံပြားထဲ ကော်ပြန့်လိပ်အစာ ဖြူးပေး"

"ဟ...ဒီနေ့အထူးအဆန်းတွေပါလား၊ ငါ့ဆိုင်တော့ အစားအသောက် နာမည်အသစ်တွေ ပေါ်တော့မှာပဲ၊ ရမယ်...ရမယ်"

သိပ်မကြာမီ သူ့ရှေ့ ရောက်ချလာသော နံပြားအပေါ် ဖြူးထားတဲ့ ကော်ပြန့်လိပ်အစာတွေနဲ့ ပန်းကန်ပြားတစ်ချပ် လာချပေးသည်။ သူမက သူ့ကို ခပ်စွေစွေ မသိမသာကြည့်တာ သူမြင်ပါတယ်။





ဒါပေမယ့် ခုနအတိုင်း မသိသလိုပေါ့။ ဟိုကောင်တွေက သူ့ကို နားမလည်ဟန်ဖြင့်...

"ဟေ့ကောင်...ဘာတွေလဲ"

"အေးလေ..."

သူက ဘာမှပြန်မဖြေ။ ခပ်ပြုံးပြုံးပဲ ကော်ပြန့်လိပ်အစာ ဖြူးထားတဲ့ နံပြားကို လိပ်လိုက်တယ်။ ပြီးတော့ အချဉ်(ဆော့) ဘူးကို လိပ်ထားတာပေါ်ကို ဆမ်းလိုက်ပြီး တစ်ကိုက်ဝါးလိုက်သည်။

ဟိုကောင်တွေက...

"ဘာအရသာ ရှိလို့လဲ"

"အသားမပါတာကလွဲရင် အရသာက သက်သက်လွတ် ဟန်ဘာဂါပဲ ကောင်းမှကောင်း"

ဦးလေးကျော်က သူ့ဆီလျှောက်လာရင်း...

"ဘယ်လိုလဲ ကောင်လေး... မင်းမုန့်က ငါတောင် စမ်းစား ကြည့်ရမယ်နဲ့တူတယ်၊ တော်တော် အရသာထူးမယ့်ပုံပဲ"

သူက ပလုတ်ပလောင်းနဲ့...

"ဟာ...ကောင်းတာပေါ့ ဦးလေးကျော်ရာ၊ ဒီထဲကို အစာနည်းနည်း ထည့်၊ ဘာညာဘာညာတွေ ဖြူးဖြန်းပြီးတော့သာ မြန်မာ ဟန်ဘာဂါဆိုပြီး ရောင်းကြည့် ဦးလေးကျော် နာမည်ကြီးသွားမယ်"

ဦးလေးကျော်က သူ့စကားကိုသဘောကျပြီး ဟုတ်တယ် ဟုတ်တယ် လို့ ထောက်ခံတယ်။

(ပေါက်တတ်ကရလုပ်မိခြင်းကို တချို့မိန်းကလေးတွေက စိတ်ဝင်စားပုံ ရကြတယ်။ တချို့နော်...)

"ဒါတောင် နည်းအချို့ ကျန်သေးတယ်နော် ဦးလေးကျော်"

"ဘယ်လို...လုပ်စမ်းပါဦးကွ"

ဦးလေးကျော်က စိတ်ဝင်စားပုံရတယ်။ သူလည်း ဖြီးဖြန်းဖို့ ခပ်တည်တည်ပဲ...



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ရည်ကိုနှပ်ထားပြီး သောက်ခါနီးမှ မဆလာ ဖြူးလိုက်"

ဦးလေးကျော်က...

"ဟကောင်ရ...ဟုတ်ပါ့မလား"

"ကျစ်..."

သူက စိတ်ပျက်သလိုအမူအရာ လုပ်ပြလိုက်သည်။ ပြီးတော့ သူကပဲ...

"မယုံမရှိနဲ့ဦးလေးကျော်၊ တိဗက်ကလာတဲ့ ကုန်သည်ကြီး တစ်ယောက်ဆီက အဲဒီနည်းကိုရထားတာ မကြာသေးဘူး"

ဦးလေးကျော်က သူ့စကားကို စိတ်ဝင်စားပုံရပြီး သူ့အနီးက ခုံမှာ ဝင်ထိုင်သည်။

သူက... အများကြားမှာစိုးသည့်ဟန်နဲ့ တိုးတိုးကပ်ပြောသည်။

"မယုံမရှိနဲ့နော်... ဦးလေးကျော်ကို မိတ်ဆွေရင်းမို့ ကျွန်တော် ဒီနည်းကို ပြောပြရတာ"

"ဟာ...အပိုင်ပဲ၊ ငါ အရင်စမ်းသောက်ကြည့်ရမယ်"

"အဲဒါပဲ... (IT)ခေတ်ကြီးမှာ နည်းစနစ်အသစ်တွေနဲ့ ကိုယ်က လက်ဦးမှုယူထားမှ တော်ကာကျမှာ"

သူ့စကားကို သဘောကျသွားပြီး စမ်းရမယ်လို့ပြောကာ ကောင်တာကို ထသွား၏။

ရှုပက...

"ဟေ့ကောင်...တိဗက်ကလာတဲ့နည်း ဟုတ်လို့လား"

"ခြောက်...ငါ့အသိထဲမှာ တိဗက် မပြောနဲ့ ဟသ်ာတက လာတဲ့ သူတောင် မရှိဘူး"

မောင်ကြည်က...

"ဗုဒ္ဓေါ...မင်းလုပ်တာနဲ့ ဦးလေးကျော်တော့ ခံရဦးမယ်"

သူလည်း ရယ်ရင်း...

"ငါလဲ ပါးစပ်ထဲမှာရှိတာတွေ ရွှတ်ပြလိုက်တာ"





"မင်းတော့ကွာ..."

ဒီကောင်တွေ သူ့လုပ်ရပ်ကို မသိပေမယ့် သူ့လုပ်ရပ်ရဲ့ အကျိုးဆက်က တိုကောင်မလေး သူ့ကို အမှတ်ထင်ထင် ဖြစ်သွားတယ်ဆိုတာပဲ၊ အမှန်ကတော့ (သူ့တုတ်နဲ့ သူပြန်ရိုက်လောက်ရုံပေါ့...)

"ဖြစ်ပါ့မလား အစ်ကိုရာ"

"လုပ်စမ်းပါ ဖိုးအေးရယ်၊ မင်း ပြဿနာမတက်စေရဘူး။ ဖြစ်လာရင် ဦးလေးကျော်ကို ငါ ဝင်ပြောပြီး ရှင်းပေးမယ်"

"ကျွန်တော် ခေါင်းကိုက်နေတယ်နော် အစ်ကို"

"ဘာလဲ...မင်းငါ့ကို မကူညီချင်ဘူးလား"

"ကူတော့ ကူညီချင်တာပေါ့အစ်ကိုရာ၊ အခုဟာက..."

"လုပ်ကြည့်စမ်းပါကွာ၊ ရှေ့တုန်းက ဘုရင့်နောင်ဆိုရင် သူ့ရဲကောင်းတွေကို..."

"တော်ပါတော့ ကိုညီရာ... ရာဇဝင်တွေ၊ ဒဏ္ဍာရီတွေ ထပ်မပြောပါနဲ့တော့၊ လုပ်ဆိုလည်း လုပ်ပါ့မယ်၊ အင်း...ညကလဲ အိပ်မက်မကောင်းဘူး"

သူ့အတင်းပြောတော့မှပဲ ဒီကောင်က လက်ခံတော့တယ်။ ဒီအတွက် အောင်မြင်ရင်တော့ ဘောက်ဆူးကောင်းကောင်းတော့ ပေးရမယ်လို့ စိတ်ထဲက တွေးမိသည်။ စားပွဲထိုးလေးက ပွစိပွစိရေရွတ်ရင်း သူ့စားပွဲအနီးမှ ထထွက်သွားပါတယ်။

သူလည်း ကောင်မလေးတွေရဲ့အခြေအနေကို စောင့်ကြည့်နေရတယ်။ သူမတို့ စားပွဲကိုရှင်းဖို့ သူမှာထားတဲ့ စားပွဲထိုးလေးကို လှမ်းခေါ်တာ မြင်လိုက်သည်။ ဖိုးအေးကလည်း...

သူမတို့ဆီ လျှောက်လာရင်း သူ့ဆီ လှမ်းကြည့်သည်။ သူလည်း အကောင်းပြီးသို့ဖို့ ထလာဟန်နဲ့ သူမတို့ဘေးက ကောင်တာကိုအပြော



www.burmeseclassic.com

www.burmeseclassic.com



ဖိုးအေးက ကောင်မလေးတို့ နှစ်ယောက် အလယ်မှာရပ်ရင်း စားပွဲပေါ်က အအေးပုလင်းကို တိုက်ချလိုက်သည်။ အာရုံတွေက ပုလင်းဆီရောက်သွားသည်။

ဘယ်သူမှ မရိပ်မိလိုက်ကြ။

"အစ်မလေး စိုသွားလား။ ကျွန်တော် တောင်းပန်ပါတယ် အစ်မရာ"

"နင်ဟာလေ...တကယ့် နမော်နမဲ့ပဲ ဖိုးအေး။ ငါ ဦးလေးကျော်နဲ့ လှမ်းတိုင်ရင်တော့ နင် အဆူခံထိတော့မယ်"

သူ နေရာကို မီးညှိပြီး ပြန်လာထိုင်ပါတယ်။

သူမတို့လည်း ထိုင်ခုံမှာချိတ်ထားတဲ့ အိတ်တွေကိုဖြုတ်ရင်း ဆိုင်ထဲက ထွက်ဖို့ ပြင်ဆင်နေကြတယ်။

❦ ❦ ❦

သူ တောက်လျှောက် လိုက်လာတာ အဲဒီကောင်မလေး သိပုံမရ လျှောက်လည်းလျှောက်နိုင်တဲ့ဟာမပဲ။ ကြည့်လေ... ပထမ သူသူငယ်ချင်းနဲ့ ပန်းဆိုးတန်းလမ်းထောင့်မှာ လမ်းခွဲကြတယ်။ သူမ ကားလမ်းကူးတယ် (Excellent) ရှေ့မှာ ရေခဲမုန့်ဘူး ဝင်ဝယ်တယ်။ လမ်းလျှောက်လိုက် စားလိုက်နဲ့ ရှေ့ဆောင်ရုပ်ရှင်ရုံရှေ့ ရောက်တော့ ရုပ်ရှင်ကားပိုစတာတွေ ကြည့်လိုက်၊ ရေခဲမုန့်ကော်စားလိုက်နဲ့။ ပြီးတော့ သူ့ကိုပါ သတိထားမိ သွားတယ်။ ရှေ့ဆက်သွားရင်း ကုန်သည်ကြီးများ ဟိုတယ်ဘက်အခြမ်းကို ကူးဖို့ပြင်တယ်။ သူပါ မထူးဘူးဆိုပြီး ကားလမ်းကို အတူတူလိုက်ကူးတယ်။

အလယ် ပလက်ဖောင်းမှာ ယှဉ်ရပ်မိကြသည်။ သူမနဲ့ ကျွန်တော် နှစ်ယောက်တည်း။

ပြုံးခနဲ သူမက သူ့ဘက်လှည့်ပြီး...

"နေပါဦး... ရှင်ကျွန်မနောက် ဘာကြောင့် လိုက်နေရတာလဲ"

သူ ကားရှင်း မရှင်း ကြည့်ပြီး...





"နေဦး... ဟိုဘက်ကားလမ်းရောက်မှ ဆက်ပြောမယ်၊ ကားလမ်း ကူးကြရအောင်"

သူ ကားလမ်းကူးတော့ သူမပါ ကသိကအောင့်နဲ့ လိုက်ကူးတယ်။ တစ်ဖက်ထိပ်ရောက်တော့...

"ပြောလေ... ရှင် ကျွန်မနောက် ဘာကြောင့်လိုက်နေရတာလဲ"

"မင်းကို အကူအညီပေးချင်လို့"

သူမက ကျွန်တော့်ကို ကြောင်ပဲ ဆိုတဲ့အထာနဲ့ သရော်ဟန် ပြုတယ်။

"မလိုပါဘူး။ ဒီလိုကြောင်တောင်တောင် အကွက်နဲ့ ဒီခေတ်ကြီးထဲမှာ လုပ်လို့မရဘူး"

သူလည်း ရယ်ရင်းနဲ့...

"စမ်းကြည့်ရတာပေါ့၊ ရှေးထုံးလည်း မပယ်နဲ့၊ ဈေးသုံးလည်း မလွယ်နဲ့တဲ့၊ ဟုတ်ဘူးလား"

သူမက ဆံပင်တွေ ဝဲခနဲဖြစ်အောင်ခါရင်း ဆတ်တောက် ဆတ်တောက်နဲ့ သံပတ်ရုပ်လေးလို ထွက်သွားပြန်တယ်။ သူလည်း မြောက်ကြွမြောက်ကြွနဲ့ ကပ်လိုက်ရပြန်တယ်။

သူမက သူ့ကို ဂရုမပြုသည့်ဟန်နဲ့ (FMI)ထဲ ဝင်သွားတယ်။

FMI ထဲရောက်တော့ သူ မထင်ထားစွာ သူမက အမျိုးသမီး အတွင်းခံ ရောင်းသည့်ဆိုင်ထဲ ဝင်သွား၏။ သူ လိုက်ဝင်သွားတော့လည်း မသင့်တော်။ ဒါကြောင့် ဆိုင်ပေါက်ဝမှာ လုံခြုံရေးဝန်ထမ်းလိုလိုနဲ့ ရပ်နေလိုက်၏။

ဒီအကျိုးဆက်က ဖြတ်သွားဖြတ်လာ ကောင်မလေးတချို့၏ တခစ်ခစ် ရယ်သံကို စကြားရ၏။ သူမက ပစ္စည်းရွေးနေရာမှ သူ့ကို အနိုင်ရသည့် အပြုံးနဲ့ သူ့ကို လှမ်းကြည့်၏။

သူလည်း မျက်နှာပူပူနဲ့ လုပ်ထားဦးပေါ့ကွာလို့ စိတ်ထဲက ကြိမ်းမောင်း မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ပျော်ရွှင်မှုတွေအဆုံးသတ်ဖို့ သူမက ဝယ်ထားတဲ့ ပစ္စည်းတွေအတွက် ငွေရှင်းရန် အိတ်ထဲက ပိုက်ဆံကိုထုတ်သည်။ ပထမတော့ ပုံမှန်၊ နောက် ဂဏာမငြိမ်၊ နောက်ဆုံး ပျာပျာသလဲ စာအုပ်တွေထုတ်လိုက်၊ ကောင်တာက အမျိုးသမီးကို ပြုံးပြလိုက် ဖြစ်လာသည်။ နောက်တော့ သိပ်မကြာပါဘူး။ ကောင်တာက အမျိုးသမီးကို စကားလှမ်းပြောပြီး သူ့ဆီ လျှောက်လာသည်။

သူလည်း ချက်ချင်း ရုပ်ကို တည်လိုက်ပါတယ်။

"ဒီမယ်...ဒီမယ်"

သူ မကြည့်...

"ဟော့လူ...မမ ခေါ်နေတယ်လေ"

သူက ဘာလဲ ဆိုတဲ့သဘောနဲ့ သူမကို မေးဆတ်သည်။

သူမက ဆံပင်တွေကိုသပ်ချရင်း အပြောရခက်နေဟန် ရှိ၏။

"ဟိုလေ...ရှင် ကျွန်မကို ပိုက်ဆံချေးပါလား"

သူ မျက်ခုံးမြင့်တက်တော့...

"ပိုက်ဆံချေးပါလားလို့ဆို..."

မိန်းမတွေများ အပြောင်းအလဲ မြန်တတ်လိုက်ကြတာ။ "ကြည့်...ဆို" ဆိုတဲ့အသံက ခပ်နွဲ့နွဲ့နဲ့ အသံကိုဆွဲလိုက်ပုံက တော်ရုံလူ ဗုန်းဗုန်းလဲကျသွားနိုင်တယ်။

"ဟ...ခင်ဗျားက ခင်တောင်မခင်ရသေးဘူး ပိုက်ဆံကချေးပြီ"

"ရှင်နော်"

"အေးလေ... ငါပါ... ဘာဖြစ်လို့လဲ"

သူမက မတတ်သာလို့ မာန်လျှော့သည့်ဟန်နဲ့...

"ဘယ်လိုလဲ... ရှင် ချေးမှာလား၊ မချေးဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

သူမက မျက်စောင်းထိုးရင်း မေးတော့ သူရယ်မိသည်။





"အပိုင်ပေးမလို့"

သူ နောက်ဘက် ဘောင်းဘီအိတ်ထဲမှ မိန်းမကိုင် ပိုက်ဆံအိတ် ပန်းရောင်လေးကို ထုတ်ပေးတော့...

"ဟင်...အဲဒါ မမအိတ်ပဲ၊ ရှင်ဘယ်လိုရတာလဲ"

"ခဏနေဦးအမ်၊ ခင်ဗျား ကောင်တာမှာ ပိုက်ဆံ သွားရှင်းလိုက်ဦး"

သူမက နှုတ်ခမ်းစေ့ပြုံးကာ ခေါင်းညိတ်ရင်း ကောင်တာမှာ ငွေသွားရှင်းကာ အိတ်တွေပိုက်ရင်း ပြန်ထွက်လာပါသည်။

သူနဲ့အတူ ယှဉ်လျှောက်လာရင်းက...

"ရှင့်ကို သိပ်ကျေးဇူးတင်တာပဲသိလား။ မမ အရှက်ကွဲပြီထင်တာ၊ ဒါနဲ့ ဒီပိုက်ဆံအိတ်ကို ရှင်ဘယ်လိုရလာတာလဲ"

"ခင်ဗျား ဦးလေးကျော်ဆိုင်က အထဲမှာ ကျကျန်ခဲ့တာတွေ့လို့ လိုက်ပေးတာ"

သူမက သူ့ကို ထိုးနေကျ (မျက်စောင်း)နဲ့အတူ...

"စောစောကတည်းက ပေးလိုက်ရင် ပြီးတဲ့ဟာကို... ဒီမှာ မမကတော့ အရှက်ကွဲပြီဆိုပြီး ထူပူသွားတာ"

သူရယ်မိသည်။

"ခင်ဗျားက ကျွန်တော့်စကားကို ဆုံးအောင်မှ နားမထောင်တာကို"

သူမက ထုံးစံအတိုင်းပါပဲ။

(လှပတဲ့ မိန်းကလေးတစ်ယောက်အတွက်တော့ မျက်စောင်း ထိုးတယ်ဆိုတဲ့ မောင်းပြန်ရိုင်ဖယ်တစ်လက်လိုပဲ၊ အေးလေ... ထိုးစမ်းပါစေလေ၊ ဒါပေမယ့် နှလုံးသားတည့်တည့်ကို မင်း အစွမ်းအစ အပြည့်နဲ့ ထိနိုင်ခဲ့ရင်ပေါ့)

"ဒါနဲ့...ရှင် မမတို့သင်တန်းက မဟုတ်လား"

သူ ခေါင်းညိတ်သည်။

"ရှင် ကံကောင်းတယ်မှတ်ပါ"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ...မမကစပြီး လိုလိုလားလားခင်မင်ချင်တာ ရှင် ပထမဦးဆုံးပဲ"

သူ ဟက်ဟက်ပက်ပက် ရယ်မောမိသည်။ ဒါကို သူမက သဘောမကျသွားထင်တယ်။

"ရှင် လှောင်နေတာလား"

"မဟုတ်ရပါဘူး၊ ခင်မျှားပွင့်လင်းတာကို သဘောကျလို့ပါ။ ကျွန်တော်လည်း ပြောရမှာပေါ့"

"ဘာလဲ"

ဆောင့်ဆောင့်အောင့်အောင့် ပြန်မေးတဲ့ ကောင်မလေးကို...

"ခင်ဗျားလည်း ကံကောင်းတယ် ခံယူထားပါ"

သူမက မျက်ခုံးတွန့်ရုံနဲ့...

"ဘာဆိုင်လို့လဲ"

"ဪ...ကျွန်တော်ကစပြီး မိန်းကလေးတစ်ယောက်ကို အခုလို တကောက်ကောက် လိုက်ကူညီနေရတာ"

သူမက ဆံပင်တွေခါထုတ်ရင်း...

"ဘာလဲ...ကျွန်မ ပထမဦးဆုံးလို့ ပြောမလို့လား"

သူပြုံးပြီး ခေါင်းခါပြသည်။ ပြီးတော့ လက်နှစ်ချောင်းထောင်သည်။

"ဒါဆို ဒုတိယပေါ့၊ ပထမက ဘယ်သူလဲ"

"ချိုပို"

သူမက ခြေလှမ်းကို ရစ်လိုက်သည်။ လမ်းခွဲရမယ့်နေရာ ရောက်နေတာပဲ။ သူမက မထွက်ခွာမီ...

"ရှင့်ရည်းစားလား"

"မဟုတ်ပါဘူး၊ ငယ်သူငယ်ချင်းပါ"

သူမ ကျေနပ်သွားပုံရတယ်။ သူ့ကို အဓိပ္ပာယ်ပါပါကြည့်ရင်း နှုတ်မဆက်ဘဲ လှည့်ထွက်သွားပါတယ်။





တစ်ခါက ချောက်

တစ်ခါက လှေကား

ငါ့အပြစ်က ရှေ့လျှောက်လို့မရတဲ့ ဆီကုန်နေတဲ့ကားပါ။

အချစ်ဆိုတာ...

ငါ့ကို ကြွေ့ပတ်စွာမီးသင်းလို့

အလိုမတူဘဲ ငါ့မှာ မြစ်ကျိုးအင်းဖြစ်ရ...။

အင်းလေ...

တစ်နေ့ပြီးတစ်နေ့

ထုံးစံအတိုင်း အလွမ်းနဲ့အမှားကို

ယှက်နှံ့ထိုးလို့ အပတ်ကိုင်ချွန်ငင်းမှာတော့...။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းဒီနေ့မှ အဖြေရတာပေါ့"

သူ ခေါင်းညိတ်သည်။ ချိုပိုကတော့ ပုံမှန်အတိုင်းပါပဲ။ ဒါကို သူ မကျေမနပ်'ဖြစ်နေရပါတယ်။ ဘာကြောင့် မကျေနပ်တာလဲလို့ သူ အဖြေ မထုတ်ရဲ၊ စိတ်ထဲမှာ တင်းကြပ်ကြပ်ဖြစ်လာရသည်။

မောင်ကြည်ကတော့ အန်တီမိနဲ့ အလုပ်ဖိုက်ပန်းပွင့်တွေ အကြောင်းကို ဖြီးဖြန်းလေပေးနေသည်။ မသိရင် ရက္ခပဒေပါမောက္ခလိုလို အတည် သရုပ်ဆောင်နေ၏။

သူ ဒန်းပေါ်မှာ လှဲအိပ်ချရင်း ရှုပပေါင်ပေါ် ခေါင်းအုံးလိုက်သည်။ ဟေမာန်က သူ့ကို ပျောင်းလို့ ပြောသည်။

ရှုပက...

"အဲဒီနေ့က မင်း ပိုက်ဆံအိတ်နှိုက်ယူထားတာ ကောင်မလေး မသိဘူးလား"

"ဘယ်သိမလဲဟ...မသိအောင် ယူပါတယ်ဆိုမှ"

"နင်ဟာလေ...တခြားလူသာမြင်ရင် အချောင်ခါးပိုက်နှိုက်ဆိုပြီး အထုခံရဦးမယ်"

မီးမီး စကားကြောင့် သူရယ်မိပါသည်။

ချိုပိုကတော့ တိတ်ဆိတ်မြဲ၊ တစ်ခါတစ်ရံ မီးမီးနဲ့ စကားပြောသ





တိုးတိုးကို သူကြားနေရ၏။ ဒါ...သူ့စကားကို ဂရုမပြုဘူး ဆိုတဲ့ သဘောပေါ့ ဒါ သူမရဲ့ အရိုးခံစိတ်လို့ သူ မထင်မှတ်ချင်ခဲ့။

သူ လှဲအိပ်နေရာမှ ထရင်း...

"ချိုပို"

သူမက သူ့ကို ကြည့်သည်။ သူမ မျက်နှာပေါ်မှာ ဟန်ဆောင်မှု တပ်ဆင်ထားတယ်လို့ သူ ယုံကြည်ချင်နေမိသည်။

"ငါနဲ့ မမကို နင် ဘယ်လိုသဘောရလဲ"

သူမမျက်နှာ အပြောင်းအလဲကို သူအဖသေးစိတ်ကြည့်နေမြဲ၊ ချိုပိုရဲ့ မျက်ဝန်းတွေဟာ နာကျင်မှုတစ်ခုခုနဲ့ ပတ်သက်နေသလိုလို သူ ထင်မြင်မိ သည်။

သူ စိတ်ထင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

"ငါ လူများအကြောင်းကို မဝေဖန်တတ်သလို စိတ်ဝင်စားဖို့လည်း အချိန်မရှိဘူး ညီ"

"ဟုတ်လို့လား ချိုပို၊ ငါ နင့်ရဲ့သူငယ်ချင်းလေ၊ ငါ့အကြောင်းကို နင်စိတ်ဝင်စားမှု တကယ်မရှိတာ သေချာလို့လား"

သူမက နှုတ်ခမ်းတွန့်သည်။

"နင့်လို အရမ်းလွယ်လွန်းတဲ့နှလုံးသားကို အလွယ်ကြိုက်တဲ့ မိန်းကလေး ပဲ စိတ်ဝင်စားမှာပေါ့ ညီရယ်၊ တန်ဖိုးဆိုတာ အသုံးပြုတတ်သူအတွက်ပဲ အရေးကြီးတာ"

"နင်က ငါ့ကို တန်ဖိုးမဲ့တဲ့ကောင်လို့ ဆိုချင်တာလား"

"အဲဒါတော့ နင်အသိဆုံးပဲ ဖြစ်မှာပါ"

သူတို့ရဲ့ပြဿနာကို စတင်တဲ့ စကားတွေကြောင့် ရှုပတို့ မီးမီးတို့က...

"ဟော...လုပ်ပြန်ပြီ၊ မင်းတို့နှစ်ယောက်ကလဲ"

"ဟုတ်ပါ့ဟယ်၊ မတွေ့လိုက်နဲ့ ကိုက်ဖို့ပဲ ပြင်နေကြတာယ်"

သူ ချိုပို ထိုင်နေရာရှေ့မှာ ဒူးတစ်ဖက်ထောက်ထိုင်ရင်း မသွားအေးအေး စိုက်ကြည့်မိသည်။



www.burmeseclassic.com

"တန်ဖိုးထားတယ်ဆိုတာ ဘယ်လိုသတ်မှတ်ချက်နဲ့ နင် ပြောချင်ရတာလဲ ချိုပို့ သတ်မှတ်ချက်ရှိလား၊ ငါ့ကို သင် ပြရှင်းပြစမ်းပါဦး"

"အေး... သိပ်ချစ်လွန်းလို့၊ သိပ်တန်ဖိုးထားလွန်းလို့ တန်ဖိုး ပျက်သွားမှာစိုးလို့ ငါ..."

အသက်ရှူနှုန်းတွေ မြန်လာကြတယ်။ အကြည့်တွေ၊ အိုဝီဟာယ်တွေ၊ မေးခွန်းတွေ၊ သူနဲ့ ချိုပို။

"တချုပ်နော်"

တစ်ယောက်ယောက်ဆီက အသံ ကြားလိုက်ရတယ်။

သူ့ရင်ဟာ အဲဒီအသံကြောင့် ပြုန်းခနဲ ပျက်စီးကြွေမွ လွယ်ရပြန်ပြီ။

"တချုပ်" ဆိုတဲ့အသံဟာ သူ့အတွက် မိစ္ဆာတစ်ကောင် လိုပါပဲ။ မကြားချင်ဆုံး၊ မကြားရဲဆုံး။ သူမလည်း သက်ပြင်းချလိုက်တာ သူကြားမိသည်။ သူ နေရာမှာ ပြန်ထိုင်လိုက်တယ်။

❦ ❦ ❦

ဒီလိုနေ့ရက်တွေ အချိုးတကျ ပေါင်းစပ်ထားတဲ့ ကျွန်တော်နဲ့ ချိုပိုကြားက ဆက်ဆံရေး...

မျက်လှည့်ဆန်တဲ့ကံကြမ္မာကို ဝိုင်တစ်ခွက်လို နှစ်လိုစွာ သုံးဆောင်ရင်းရန့်မရှိတဲ့ ပန်းတစ်ပွင့်ရဲ့ရန့်ကို သူ ခံရခံဆစ် ကြိုးစား နမ်းရှုံ့ချင်ခဲ့တာကိုယ့်ကိုယ်ကို တဖြည်းဖြည်း သိလာခဲ့ရသည်။

ရင်ဘတ်တွေကို အဖြေရှာကြည့်နိုင်တဲ့ ဓာတ်မှန်လည်း သူ့ရင်ထဲကအဖြေကို မထုတ်ပေးနိုင်။

ကွန်ပျူတာ စက်ခလုတ်ခုံတွေလည်း သူ့မေးခွန်းကို ခေါင်းငိုက်စိုက်ကျသွားတယ်။

သူ့ခေါင်းတည့်တည့် ဟိုးအမြင့်ဆုံးက စက္ကူလေတံခွန်လေး တစ်ခုဟာ သူ့ရင် [illegible] ကျလို့ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဖြစ်မလာချင်တာလား





ဖြစ်ခွင့်မရှိတာလား။ ဖြစ်လာဖို့ သူရော စက္ကူ လေတံခွန်ပါ လွှဲဖယ်နေတာလား။

❦ ❦ ❦

အဖြစ်အပျက်တွေကို အလွယ်တကူ မေ့ချင်ယောင် ဆောင်နေခဲ့ကာ သူနဲ့ကျွန်တော် တွေ့ဆုံမှုက နေ့စဉ်ဝတ္တရားတစ်ခု။ မတွေ့လို့လည်း မနေနိုင်။ တစ်ညနေ သူနဲ့ချိုပို သူတို့ခြံထဲမှာ စကားပြောကြရင်း သူတို့နဲ့ မနီးမဝေးရပ်ကွက်လေးထဲမှာ နေထိုင်တဲ့ ဆရာကြီးမောင်ကြည်ခေါ် ရဲလင်းမျိုးဆီ သွားမယ် သူပြောတော့ ချိုပိုကလည်း သူပါ လိုက်မယ်လို့ပြောကာ လိုက်ခဲ့သည်။ အမှန်တော့ မောင်ကြည်တို့အိမ် သူ တစ်ခါသာရောက်ဖူးသည်။

မောင်ကြည်တို့ဟာ သာမန် လက်လုပ်လက်စားတွေ နေထိုင်တဲ့ အမြိုတမ်း လှုပ်ရှားသက်ဝင်နေတဲ့ ပုံရိပ်တွေကိုပိုင်ဆိုင်တဲ့ ရပ်ကွက်လေးရဲ့ အလယ်လောက်မှာပါ။

လမ်းထဲကိုဝင်တော့ တချို့က သူတို့ရဲ့ပုံစံကိုကြည့်ပြီး ငူးစမ်းကြသည်။

(ကျွန်တော့်စိတ်ထင်တော့ နာမည်ကြီး မင်းသားတစ်ယောက်နဲ့ ကျွန်တော် မှားနိုင်လောက်ပါသည်။ ချိုပိုကတော့ နာမည်ကြီး မင်းသမီးတွေနဲ့ မှားနိုင်ပါဘူးလို့ ကျွန်တော် တွေးမိသည်။)

သူရောက်ဖူးတယ် ဆိုပေမယ့် မောင်ကြည်တို့ အိမ်နားဝန်းကျင်ရောက်တော့ ဟိုအိမ်လိုလို သည်အိမ်လိုလိုဖြစ်နေတယ်။ ချိုပိုက သူ့ကို...

"ဟဲ့...ဘယ်အိမ်လဲ ညီ"

သူက ကွပ်ပျစ်ပေါ်မှာ ဆန်ရွေးနေတဲ့ မိန်းမကြီးရှိရာအိမ်ကို မေးဆတ်ပြရင်း...

"အဲဒီအိမ်လား မသိဘူး၊ ငါ ရောက်ဖူးတုန်းက ဆေးအမြဲ သုတ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ချိုပိုက မေးသည်။

"ဘယ်တုန်းကလဲ"

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်က"

သူ့စကားကြောင့် သူ့ကျောကို ချိုပိုက ထုပြီး...

"ဟဲ့...နင်လာတုန်းက သုတ်ထားတဲ့ဆေး အခုလောက်ဆို ပျက်လောက်ပြီပေါ့ဟဲ့"

သူမ စကားကြားမှ သူ တဟဲဟဲရယ်ရင်း...

"ဟုတ်သားပဲ... ဒီအိမ်ပဲဖြစ်မှာပါ၊ ငါမေးလိုက်ဦးမယ်၊ ခဏနေဦး"

"အဒေါ်"

ဆန်ရွေးနေတဲ့ အဒေါ်ကြီးက မော့ကြည့်သည်။ ဘာလဲဆိုတဲ့သဘောပေါ့။

"ဒါ မောင်ကြည်တို့ အိမ်လား"

မိန်းမကြီးက မျက်ခုံးစတွန့်သည်။

"မောင်ကြည်ရှိရင် ခဏခေါ်ပေးပါလား အဒေါ်"

မိန်းမကြီးက ခပ်ဆတ်ဆတ်လေသံနဲ့...

"မင်းက ဘယ်သူလဲ"

"ကျွန်တော်တို့ မောင်ကြည် သူငယ်ချင်းတွေပါ"

ချိုပို လက်ကုတ်တာကို သူ ဂရုမပြုမိအား...

"အိမ်မှာ မောင်ကြည် မရှိလို့လား အဒေါ်"

သူ ပြောသမျှတိုင်းကို မျက်နှာပျက်ပျက်သွားတဲ့ အဒေါ်ကြီးက သူ့ကို ခြေဆုံး ခေါင်းဆုံးကြည့်ပြီး...

"မင်းအသက်အရွယ်နဲ့ ငါ့ယောက်ျားကို မောင်ကြည်လေး ဘာလေး ခေါ်ရအောင် မိုက်ရိုင်းလှချည်လား"

သူ ထိတ်ခနဲဖြစ်သွားပြီး ချက်ချင်းသတိရကာ...

"မဟုတ်ဘူး အဒေါ်...ဟိုလေ...မောင်ကြည်..."

အဒေါ်ကြီးက ပိုဒေါသထွက်လာဟန် ရှိသည်။





"မင်း ပြောလေဆိုးလေပါလား ဟဲ့ကောင်ရဲ့"

သူ ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း ခြေဟန်လက်ဟန် အသုံးပြုကာ

"အဒေါ့်သားကို ပြောတာ၊ ရဲ...ဘယ်သူ..."

အဲဒီကျမှ အဒေါ်ကြီးက စဉ်းစားမိပုံရသည်။

"ရဲလင်းမျိုးကို ပြောတာလား"

"ဟာ...ဟုတ်တယ် အဒေါ်"

အဲဒီအခါကျမှပဲ အဒေါ်ကြီးက ကျေနပ်သွားပုံ ရတယ်။ ဒါတောင် သိပ်မကြည်လင်ချင်။

သို့သော် အိမ်ဘက်သို့လှည့် ကြည့်ပြီး...

"ငရဲရေ...ငရဲ...မင်းသူငယ်ချင်းတွေ ရောက်နေတယ်"

သူနဲ့ချိုပို တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ရယ်မိကြသည်။ ဒါပေမယ့် ခဏပါ။

"မောင်ကြည်တဲ့ကွ"

"ဝုန်း"

"ခလွမ်"

သူဆီ အရှိန်ပြင်းပြင်းနဲ့ လာတဲ့အရာကို အမြန်ရှောင်လိုက်ရတယ်။ ဘုရား... ဘုရား... အရှောင်မြန်ပေလို့ပဲ။

"ဝုန်း"

"ဟာ...ဘာတွေလဲ"

သူ့ရှေ့ကိုကျလာတဲ့ အာလူးတွေ၊ သနပ်ခါးတုံးတွေ၊ ပန်းကန်တွေ ... အစုံပါပဲ။

နောက်ပြီး လုံချည်မနိုင် ဝရုန်းသုန်းကားနဲ့ ပြေးဆင်းလာတဲ့ ရဲလင်း ... ခေါ် မောင်ကြည်။

"ဟေ့ကောင်...အမြန်လစ်မယ်၊ လာ...လာ..."

ဒီကောင်က သူ့လက်ကိုဆွဲပြီးပြေးတော့ ချိုပိုကိုပါ သူ့ အပါခေါ်လာ...ည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား မောကြီးပန်းကြီးနဲ့ ခပ်သွက်သွက် လျှောက်လာရင်း လမ်းထိပ်နားရောက်တော့မှ စိတ်ချလက်ချ အမောဖြေနိုင်ကြသည်။

"ခွီးထဲမှပဲ...ဝူး....မောလိုက်တာကွာ"

"အေးဟယ်...ဖြုန်းခနဲ ငါ့ရှေ့ ပန်းကန်ပြားတွေ၊ မတ်ခွက် တွေကျလာတာ၊ ကံကောင်းလို့ပေါ့ဟယ်၊ ဘာဖြစ်ကြတာလဲ မောင်ကြည်... အဲ...ရဲလင်း"

ချွေးစို့နေတဲ့ မျက်နှာနဲ့ မောင်ကြည်က အခုမှ မချိမချဉ် ရယ်မော ပါတယ်။

"မင်းတို့ ရှုပ်ကို ဝင်ခေါ်မှာ မဟုတ်လား၊ ပြီးတော့ လက်ဖက် ရည်ဆိုင် ထိုင်ကြတာပေါ့"

သူ ခေါင်းညိတ်ရင်း ကားလမ်းကို ကူးကြသည်။

"ဒီလိုဟ၊ ငါ့အဖေက ဒေါသအရမ်းကြီးတယ်၊ စည်းကမ်းကလည်း ကြီးတယ်၊ နောက်တတ်ပြောင်တတ် မျက်နှာပြောင်တာတွေကို မကြိုက် ဘူးကွ"

"ဟွန်း...အဖေနဲ့သားက တခြားစီပဲ"

ချိုပို အပြောကို သူ သဘောကျမိသည်။

"ဟုတ်ပါတယ်ဟာ... ငါကလည်း မျက်နှာက ခပ်ပြောင်ပြောင် အဖိုးကြီးနဲ့ငါက အမြဲလိုလိုကို ပြဿနာကတက်တာ"

"အခုရော"

သူ့စကား လှမ်းထောက်တော့ မောင်ကြည်က

"အဖေက တပ်ကြပ်ကြီးလေ၊ တပ်ထဲမှာလည်း စည်းကမ်းက ကြီးတော့ သူ့တပည့်တွေဆို အဖေ့ကို ချစ်ကြောက်ရိုသေကြီးပေါ့ကွာ ရှင်းရှင်းပြောရရင် စာအုပ်ကြီးသမားပဲ၊ ပြီးတော့ ရပ်ကွက်မှာလည် ရပ်ကွက်ဥက္ကဋ္ဌ လုပ်လိုက်သေးတယ်"

ရှုပ်တို့ လမ်းထိပ်ရောက်လာတော့ အားလုံး လမ်းထဲ ချိုးကွေ့လိုက် ကြသည်။





"ဟိုတစ်နေ့က ငါတို့ရပ်ကွက်ကို မှတ်ပုံတင်ကိစ္စတွေလာတော့ အဖေက ငါ့တို့နိုင်းတယ်၊ ငါလည်း လျှောက်လွှာတစ်စောင်ကို ဘာရယ်မှတော့ မဟုတ်ဘူး၊ ပိုနေတော့ ပျင်းပျင်းရှိတာနဲ့ လက်ဆော့ရေးလိုက်မိတယ်၊ မနေ့ညနေကရုံးကို လျှောက်လွှာတွေယူသွားတာ ငါမသိလိုက်ဘူး၊ ဟိုရောက် လို့ လူကြီးစုံတဲ့အခါမှ ရပ်ကွက်စာရေး ကိုစိုးမြက တွေ့ပြီး ဖတ်မိတယ်၊ ပြီးတော့ လက်ဆင့်ကမ်း ဖတ်ကြရင်း ရယ်ကြတာပေါ့၊ အဲဒီကိစ္စက အဖိုးကြီး အခုလို ဒေါသဖြစ်ရတဲ့ အကြောင်းရင်းပဲ"

စကားဆုံးတော့ သူက

"မင်းက ဘာတွေ ရေးထားလိုက်လို့လဲ"

ဟိုကောင်က ပြန်သတိရပုံနဲ့ ရယ်ပါတယ်။ ပြီးတော့...

"အမည်ဆိုတဲ့နေရာမှာ ဆာအဲလက်မောင်ကြည်လို့ ရေးမိတယ်"

အားလုံး ရယ်ကြပြန်တယ်။

"အဖေ ဦးကျော်ဟိန်း၊ အမေ ဗစ်တိုးရီးယား မမြလေးလို့"

ချိုပို ဟန်မဆောင်နိုင်တော့။

"နေရပ်လိပ်စာ ရုန်ဟိုင်းမြို့တောင်ပိုင်း ဒေါ်ပုကြီးအိမ်အေး သရက် ဆော၊ အဖအလုပ်အကိုင် တိုက်ကြက်ကြီးပေါ့"

ရယ်သံတွေ ဆူညံသွားတယ်။ လမ်းသွားလမ်းလာအချို့က သူတို့ကို ငဲ့ကြည့်တယ်။

"ကျန်သေးတယ်"

"ဘာလဲ"

"အစုံပါပဲကွာ...ထင်ရှားသည့်အမှတ်အသားဆို ဘယ်ဘက်ပေါင်က ချေးကွက်၊ ညာဘက်ချိုင်းအောက် ညှင်းကွက်၊ ကိုးကွယ်သည့်ဘာသာ နေ့စဉ် ဘီအီးတစ်ပိုင်း၊ အဘိုး အော်တကင်း မီးကြောင်"

"ဟဲ့...ဘာလဲ အော်တကင်းမီးကြောင်"

ဟိုကောင်က နှာခေါင်းပွတ်ရင်း...

"ဩော်...အင်းတကော်မှာနေတဲ့ ဦးမောင်ကြီးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား...ဟား"

ချိုပိုက မျက်ရည်သီးမတတ် ရယ်ပါတော့တယ်။

"တော်ပါတော့ မောင်ကြည်ရယ်၊ အဲဒါနဲ့ နင့်ကို အခုလို ဆော်ပါ ရောပေါ့"

"အဲလောက်ဆိုရင် အခုလိုဖြစ်လောက်မှာမဟုတ်ဘူး၊ ယျောက်လွှာရဲ့ အောက်က ဥက္ကဋ္ဌဆိုတဲ့စာကြောင်းမှာ ခုလို ဝါက ကော်ရစ်ရှင်နဲ့ဖျက်ပြီး ပြောင်းပြန်ရေးပေးလိုက်တယ်"

"ပြောင်းပြန်ရေးတော့"

သူ့အမေးကို မောင်ကြည်က–

"ဥက္ကဋ္ဌကနေ ဘဝပြောင်းပြီး ဌက်ကဥ (ဌက္ကဥ) ဖြစ်သွားရော"

သူတို့ရယ်သံသည် ရှုပတို့ခြံရှေ့အထိ အတောမသတ်နိုင်ကြ။

ခြံတံခါးဖွင့်ပြီး သူတို့ဝင်လာကြတယ်။ မောင်ကြည်က အိမ်အတွင်းကို လှမ်းအော်ပါတယ်။

"ရှုပရေ..."

အော်ခေါ်ရင်း အိမ်ရှေ့ဝရံတာရှေ့ရောက်တော့ အထဲကအသံတွေ စတင်ကြားရသည်။

မောင်ကြည်က နောက်ပြန်လှည့်ရင်း သူ့ကို...

"ဒါ ရှုပတို့အဖေ ဦးမောင်မောင် အသံမှတ်လား၊ ရှုပကို ဆူနေတာနဲ့ တူတယ်"

ချိုပိုကလည်း

"အေးဟဲ့...အထဲဝင်လို့ ကောင်းပါ့မလား"

သူတို့ကို ရှုပတို့အမေ လှမ်းမြင်သွားပြီး အထဲကနေ

"ဟဲ့...ဝင်ကြလေ၊ ဘာမှမဖြစ်ဘူး၊ လာ...လာ... ရှုပကို သူ့အဖေ ဆုံးမနေတာ"

သူတို့သုံးယောက် အထဲကို ကုပ်ကုပ်လေးဝင်ပြီး ဆိုဖာမှာ ထိုင်ကြသည်။ အဖိုးကြီးက မတ်တတ်ရပ်ကာ ရှုပကို ဆိုဖာပေါ်မှာ ထိုင်နိုင်းပြီး





ဆူပူနေသည်။ ဒီကောင်ကထိုင်ရင်း မျက်နှာသေလေးနဲ့ သူ့အဖေအလစ်မှာ စပ်ဖြဲဖြဲလုပ်ပြကာ မျက်စိမှိတ်ပြသည်။ ဒါကို အဖိုးကြီးမသိ။ ရှုပကတော့ တကယ့်ကောင်ပဲ။ သူတို့ထိုင်တော့ ရှုပအဖေ ဦးမောင်မောင်က သူတို့ကို ဦးတည်ကာ ပြောလာ၏။

"ထိုင်ကြ... ထိုင်ကြ...ဒီကောင့်ကို အမြဲဆုံးမနေရတာ သားတို့ရေ... အန်ကယ်က ဘုရားတရားလုပ်တယ်၊ ပြီးတော့ ကံငါးပါးမှာ မုသာဝါဒကံကို အမုန်းဆုံး၊ အန်ကယ်လည်း အမြဲတမ်း အဲဒီကံကို မကျူးလွန်မိအောင် ထိန်းထိန်းသိမ်းသိမ်း နေတယ်၊ ဒီကောင်ကတော့ မဟုတ်ဘူး"

အဖိုးကြီးက ပြောရင်း စကားကိုရပ်ကာ သူ့သားကို မျက်ထောင့်နီနဲ့ တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ...

"လိမ်တဲ့အလုပ်ကို မွေးကတည်းကပါလာတဲ့ ကောင်လား မသိဘူး"

အဖိုးကြီးစကားကြောင့် သူတို့ မရယ်မိအောင်နေရသည်။ ရှုပ အမေက ဝင်ပြော၏။

"ဟုတ်ပါ့ကွယ်၊ အန်တီ သူ့ကိုယ်ဝန်ရှိတော့ ချင်ခြင်းတက်တာ ကြည့်လေ"

ရှုပအမေက ဒီကောင့်ကို မျက်စောင်းထိုးပြီး...

"လိမ္မော်သီး၊ မုန့်ကြီးလိမ်တို့ စားချင်တယ်"

သူတို့ပြုံးမိသည်။ အဖိုးကြီးကပါ–

"မင်း မွေးဖွားခါနီး နောက်ဖေးက အရေးပေါ်ကြောင်လိမ်လှေကားက ဆင်းရတာလေ"

"ဟုတ်ပါ့တော်၊ မွေးတာတောင် ဧပြီဟူးနေ့မှ မွေးရတယ်လို့ အမုန်တော့ ဒီကောင့်ကို ရှုပအောင်လို့ မပေးရဘူး၊ စပလိမ်လို့ ပေးရမှာ"

စကားဆုံးတော့ ဒီကောင်က ခပ်တည်တည်နဲ့...

"မွေးနံ့မသင့်ဘူးလေ အမေရဲ့"

ဒီကောင့်စကားကြောင့် အဖိုးကြီးက နားရင်းအုပ်မယ် လုပ်တော့ တက်ကိုပုပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တယ်...ဒီကောင် ဆုံးမနေတဲ့ကြားက၊ အဲဒါပဲကြည့်တော့ သားတို့ရယ်"

"အခုလည်း လုပ်ပုံကိုကြည့်၊ အန်ကယ်ကတော့မသိဘူး၊ ရပ်ကွက်ထဲမှာ အဖေကို ခုတုံးလုပ်ပြီး လိမ်လာတာ"

အဖိုးကြီးက စကားရပ်ရင်း ပြောရမယ့်စကားအတွက် အလေးအပင်တစ်ခု ဖိစီးခံနေရသလို ခံစားနေပုံရတယ်။

"အန်ကယ့်သူငယ်ချင်း လမ်းထိပ်က ဦးသန်းဖေ ဆိုတာ ရှိတယ်၊ ဒီကောင်နဲ့မနက်က လမ်းမှာတွေ့ကြတယ်တဲ့၊ ဟိုက မင်းအဖေ မမြင်ပါလားလို့မေးတော့ ဒီကောင်ဖြေပုံက ကြည့်လေ"

ဟိုကောင်အကြောင်းကို ပြောရင်းနဲ့ ဒေါသက ပိုပိုပြီးထွက်လာပုံရတယ်။

"ဟာ...ဦးလေး မသိဘူးလားတဲ့၊ အဖေ့အကြောင်းလေတဲ့၊ ဟိုက ဘာဖြစ်လို့လဲမေးတော့ အဖေ့ရောဂါပြန်ဖြစ်လို့ ခဏ အနားယူနေတယ်၊ ဦးသန်းဖေက ဘာရောဂါလဲမေးတော့ ဒီကောင်လိမ်ပုံက အဖေတို့ မျိုးရိုးထဲမှာရှိတယ်၊ တစ်ယောက်တလေပေါ့တဲ့၊ အဲဒီရောဂါက အဖေကျမှလာဖြစ်တာတဲ့လေ၊ ဟိုကလည်း ဒီကောင့်စကားကို ယုံတာပေါ့၊ အဲဒီရောဂါဖြစ်လာရင် ဝမ်းသွားချင်တယ်လို့ ပြောလိမ့်မယ်၊ အဲဒီအခါ အထခံလို့မဖြစ်ဘူး ဦးလေးရေ၊ ထလို့ကတော့ ဦးနှောက်က ပုံမှန်မဟုတ်တော့ဘဲ သောင်းကျန်းတော့တာပဲတဲ့၊ အဲဒီစကားက ငါ့ကို အရူးလို့ပြောလိုက်တာနဲ့ မတူဘူးလား၊ အဲဒီအခါကျရင်တဲ့ နီးစပ်ရာလူက ချုပ်ပြီးတော့ ငယ်ထိပ်တည့်တည့်ကို မှတ်မှတ်ပေးပေတော့တဲ့"

စကားအရှည်ကြီး ပြောပြီး မောသွားတာတောင် အဖိုးကြီးက တွေးတွေးပြီး ဒေါသဖြစ်လာပုံရတယ်။ ရှပကို နောက်ကနေ ဖက်ပိုးကိုအုပ်ဖို့ လက်ကိုရွယ်တယ်။ (တကယ်တမ်းတော့ မရိုက်ဖြစ်ပါ။)

ဒါကို ကျွန်တော်တို့ ရယ်ချင်စိတ် ဖြစ်မိတာကြောင့် ခေါင်းငုံ့ထားရတယ်။





"အန်ကယ့်မှာ ဒီနေ့မှ ဝမ်းနုတ်ဆေးစားထားမိတယ်လေ၊ အန်ကယ်က မနက်ပိုင်း လမ်းလျှောက်ပြီး သူ့အိမ် ဝင်နေကျကိုး၊ ဟိုကလည်း အမှတ်တမဲ့ စကားပြောရင်းနဲ့ ဝမ်းကရစ်လာတော့ (ကိုဖေအောင် ကျုပ် ဝမ်းသွားချင်လို့လို့) ပြောလည်းမိရော ဘာမပြော ညာမပြောနဲ့ သူ့မိန်းမဝဝကြီး မစန်းကို အန်ကယ့်ကို ချုပ်နိုင်းပြီး ကိုဖေအောင်က ငယ်ထိပ်ကို မှတ်ပါလေ့ရော၊ အခု မနည်းရှင်းပြပြီး ထွက်လာရတယ်၊ အဖေကိုများကွာ၊ ဒီကောင်...တောက်"

သူတို့ နှုတ်ခမ်း ကိုက်ထားမိကြသည်။ ချိုပိုကတော့ မအောင့်အည်းနိုင်ပုံနဲ့ ခေါင်းငုံ့ကာ ရယ်၏။

"ဟေ့ကောင်...မင်း ငါ့ရှေ့ကထွက်သွားတော့၊ ကြာရင် မင်းမျက်နှာမြင်ပြီး လက်ပါလာလိမ့်မယ်"

အဖိုးကြီးစကားကြောင့် ဒီကောင် အကြိုက်တွေ့သွားတယ်။ ကျွန်တော်တို့ကို မျက်ရိပ်ပြပြီး မျက်နှာငယ်ငယ်လေးနဲ့ ခြံပြင်ကို ထွက်လာခဲ့ကြတယ်။ ခြံပြင်ရောက်လို့ လမ်းမပေါ်ရောက်မှ ဒီကောင်ရော ကျွန်တော်တို့ပါ တဟားဟား လွတ်လွတ်လပ်လပ် ရယ်ကြပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



❦ တရွေ့ရွေ့တိုက်ခတ်လာတဲ့...
အနှုန်းသုံးဆုံးလေပြည်မှာ
ခြေသံဆိုက်ကြမှာ ဘယ်လိုပါလာတာလဲ...။

❦ ❦ ❦





## အခန်း ( ၃ )

"ရှင် ကျွန်မဆီ အမြန်ဆုံးလာခဲ့ပါ"

ခက်ထန်မာကျောတဲ့ လေသံကို ဖုန်းထဲကတစ်ဆင့် သူကြားတော့ အံ့သြမိကာ ဦးလေးကျော်ရဲ့ဆိုင်ကို သူ ကြိုရောက်လာခဲ့ရတယ်။

မမဟာ ရည်းစားဖြစ်တဲ့ သက်တမ်းတစ်လျှောက်မှာ ဒီလိုလေသံမျိုး မပြောဘူးခဲ့ပါ။

မာနကြီးသူအဖြစ် တော်ကြားပေမယ့် သူ့အတွက်ဆိုရင် အဲဒီမာနဟာ နူးညံ့တဲ့ အနမ်းတစ်ခု ဖြစ်စေခဲ့ပါတယ်။ အခုတော့... ပြဿနာတစ်ခုကို တောင်တဲ့စကားတစ်ခွန်း သူ့မဆီက မထင်မှတ်စွာ...

သူထောင့်ကျကျစားပွဲမှာ လမ်းမဘက်ကို မျက်နှာမူရင်း စောင့်နေခဲ့တယ်။ မိုးအေးလာချပေးတဲ့ လက်ဖက်ရည်ကို ငုံသောက်မိသည်။ ဦးလေးကျော်ကတော့ စားဖိုဆောင်ဘက် ရောက်နေလောက်မည်။

သိပ်ကြာကြာ မစောင့်လိုက်ရပါ။ ဆိုင်ထဲဝင်လာတဲ့ မမဟာ သူ့တွေ့နေကျ မျက်နှာမျိုးမဲ့စွာ သူ့ဆီ ဦးတည်လျှောက်လာ၏။ သူ့ ခရီးဦးကြိုပြီး

"ထိုင်လေ မမ၊ ဘာသောက်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခပ်တည်တည်နဲ့ပဲ...

"အက်ဆစ်တစ်ခွက်"

"ဘယ်လို"

သူ အံ့အားသင့်ကာ သူမကို နောက်နေတာလားသဘောနဲ့ ကြည့်မိသည်။ စိမ်းကားပြတ်သားတဲ့ အမူအရာအသံကြောင့် သန္တာထက် ပိုဆိုးရွားမည်ဆိုတာတော့ ကျွန်တော် အကြမ်းဖျင်း သဘောပေါက်မိသည်။

"အဲဒီအက်ဆစ်က ဘာလုပ်မလို့လဲ"

"ရိုင်းစိုင်းကောက်ကျစ်တဲ့ ရှင့်မျက်နှာကို အဲဒီအက်ဆစ်နဲ့ ပက်ဖို့"

သူ စိတ်ပျက်လက်ပျက် ခေါင်းခါကာ အံ့ဩမိရသည်။

"ဘာတွေ ဖြစ်လာရပြန်တာလဲ မမရယ်"

"ရှင့်ယုတ်မာမှုတွေ၊ မရိုးသားမှုတွေ သိလာရလို့ပေါ့၊ လွန်ခဲ့တဲ့ တစ်နာရီလောက်က ကျွန်မဆီကို မိန်းကလေးတစ်ယောက် ဖုန်းဆက်တယ်၊ ညီဆိုတဲ့ပုဂ္ဂိုလ်ကို မင်းဘာတွေ သဘောကျပြီး ရည်းစားတော် ဖြစ်ရတာလဲတဲ့၊ မင်းကို သူ မချစ်တာ သိပ်သေချာတယ်တဲ့၊ ပြီးတော့ ရှင်ကျွန်မအပေါ် မရိုးမသား ကြံစည်ခဲ့တဲ့ ဝင်ရောက်လာပုံတွေ၊ ပိုက်ဆံအိတ်ကို ဖျောင်ပြီး ပြန်လာပေးတဲ့ ဇာတ်လမ်းတွေ အကုန်ပြောပြသွားတယ်၊ ရှင် မဟုတ်ပါဘူးလို့ ကျွန်မယုံအောင် ငြင်းစမ်းပါ"

ဒေါသနဲ့ ဆတ်ဆတ်ခါနာကြည်းနေတဲ့ မမရဲ့မျက်ဝန်းမှာ မျက်ရည်စတွေ သူ တွေ့နေရတယ်။

သူ ဘာမှ ဖြေရှင်းချက် မပေးချင်တော့။

"ကျွန်မ အမုန်းဆုံးက လုပ်ကြံဖန်တီးထားတဲ့ လိမ်လည်မှုပဲ ညီ၊ ကျွန်မရင်ထဲက ဖြစ်ပေါ်နေတဲ့ ခံစားချက်ဟာ ရှင့်လိမ်လည်မှုကြောင့် ပျက်စီးသွားပြီ၊ ဘယ်လိုမှ ပြန်ပြင်ဆင်လို့မရတော့ဘူး၊ တစ်ခုတော့ ရှိတာပေါ့လေ၊ စောစောသိခွင့်ရလို့ ကျွန်မ သိပ်ကံကောင်းသွားတယ်၊ ပစ္စည်းဥစ္စာကို လိမ်ညာသူထက် ရှင်က ပိုဆိုးရွားတဲ့သူပဲညီ၊ အခု ကျွန်မခံစားချက်တွေ သုံးမရတော့ဘူး၊ ရှင့်ကို အရမ်းမုန်းတယ် ညီ"





မျက်ရည်စက်တွေ စီးကျကာ သူ့ကို ကျောခိုင်း ထွက်ခွာသွားတဲ့ ကောင်မလေးကို သူ လိုက်လံတားဆီး မချော့မော့ချင်တော့။ ဘယ်သူလဲ၊ ဘာကြောင့် ဒီလိုလုပ်ရတာလဲ။ သူ့အကြောင်းကို ဖောက်သည်ချလိုက်တဲ့ မိန်းကလေးဟာ မီးမီးလား။ (ဟင့်အင်း မဖြစ်နိုင်ဘူးထင်တယ်) ဘယ်လိုနည်းနဲ့မှ ဖြစ်နိုင်မည်မထင်။

ဒါဆို ဟေမာန်... ပိုဆိုးတာပေါ့။ ဘာမှမဆိုင်တဲ့ ကိစ္စတစ်ခုကို သူလည်း ပြောဖို့ဆိုတာ ပိုလို့ဝေးနိုင်သည်။

သိပြီ။ ဒါ ချိုပို လက်ချက်ဖြစ်ရမည်။ သိပ်သေချာတာပေါ့။

(ဥဴးဝန်ခံလိုက်စမ်းပါ ချိုပိုရယ်၊ ငါ့ရင်ထဲကပြဿနာတွေ ငါ့စိတ်ကျေနပ်မှုတွေအတွက်၊ ပြီးတော့ ငါနဲ့ မင်းနဲ့အတွက်)

စိတ်ဆိုး ဒေါသဖြစ်ရမယ့်အစား သူ့မျက်နှာပေါ်မှာ အပြုံးစက်တွေ။

"ဟဲ့...တစ်ယောက်တည်း ဘာပြုံးနေရတာလဲ"

ပခုံးသိုင်းအိတ်ကို စားပွဲပေါ်ချရင်း ဟေမာန်က–

"ပူလိုက်တာဟာ၊ ဟဲ့...ငါ့ကို အအေးတစ်ခုခု မှာပေးစမ်းပါဦး"

သူက ဖိုးအေးကို လှမ်းခေါ်ကာ ဟေမာန်အတွက် မှာပေးသည်။

"နင် ဘယ်ကလာတာလဲ ဟေမာန်"

နှုတ်ခမ်းနဲ့ မေးစေ့က ချွေးစက်တွေကို လက်ကိုင်ပဝါနဲ့ အသာတို့ရင်း...

"ချိုပိုဆီ အိမ်လည်သွားတာ၊ စားသောက်ပြီးလို့ ငါ ဒီကိုပဲတန်းလာလိုက်တာဟ၊ ဒါနဲ့ ဟိုကောင်တွေရော မရောက်သေးဘူးလား"

ချိုပိုဆိုတဲ့ အသံကြောင့် သူ ခေါင်း မတ်ခနဲဖြစ်သွားကာ

"နင်...ချိုပိုဆီကလာတာ ဟုတ်လား ဟေမာန်"

သူ့စကားကြောင့် ဟေမာန်က

"ဟဲ့...ဘာဖြစ်ရပြန်တာလဲ၊ ဒါများ အထူးအဆန်းလုပ်လို့"

"မဟုတ်ဘူး၊ ငါသိချင်တာ တစ်ခုရှိတယ်၊ ငါ့ကို အမှန်အတိုင်း ပြောပေးပါ ဟေမာန်၊ ငါ့အတွက် သိပ်အရေးကြီးလို့ပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက အအေးတစ်ငုံသောက်ပြီးမှ

"ဘာမေးချင်တာလဲ ပြော"

"နင် ဘယ်အချိန်ကတည်းက ချိုပိုဆီ ရောက်နေတာလဲ"

သူ့အလောတကြီးအမေးကို ဟေမာန်က မျက်မှောင်ကြုတ်ပြီး

"ငါ မနက် ကိုးနာရီကတည်းက ရောက်နေတာ၊ ဘာဖြစ်လို့လဲ"

သူ ခေတ္တ စဉ်းစားရင်း...

"လွန်ခဲ့တဲ့ တစ်နာရီကျော်ကျော် တစ်နာရီခွဲလောက်က နင်နဲ့ ချိုပိုနဲ့ ရှိနေတုန်း၊ ချိုပို ဘာလုပ်သေးလဲ"

"နင့်မေးခွန်းက ဘာကြီးလဲဟ"

"ဖြေမှာသာဖြေစမ်းပါ ဟေမာန်ရာ၊ နင်က ရစ်နေပြန်ပြီ"

သူ့စကားကြောင့် သူမ စဉ်းစားသည်။

"ချိုပို...ချိုပို ဘာလုပ်လဲဆိုရင် ငါနဲ့ စကားပြောတယ်၊ ပန်းခြံထဲ ဆင်းပြီး အဘမြကို တစ်ခုခုမှာတယ်၊ အိမ်ပေါ်ရောက်တော့ ဖုန်းဆက်တယ်၊ နောက်ပြီး..."

သူ လက်ကာတားရင်း အငမ်းမရ−

"ခဏ...ခဏ"

"ဘာဖြစ်လို့လဲ"

"ချိုပို ဖုန်းဆက်တယ်ဟုတ်လား၊ ဘယ်ကိုလဲ၊ ဘာကိစ္စလဲ၊ ဘာကြောင့် ဆက်တာလဲ"

သူ့ရဲ့ အလောတကြီးအမေးကြောင့် ဟေမာန်က မျက်စောင်းထိုးရင်း

"အဲဒါတော့ ငါလည်း ဘယ်သိပါ့မလဲဟ၊ ထူးတော့ထူးခြားတယ်၊ သူ့မျက်နှာက စိတ်ခံစားမှုတစ်ခုခု ရှိနေသလိုလို၊ ဒေါသ ထွက်နေသလိုလိုပဲ"

"နင် တကယ်ပြောနေတာလား ဟေမာန်"

ဟေမာန်က သူ့ကို နားမလည်သလိုနဲ့

"အဲဒီကိစ္စက ဘယ်လောက်အရေးကြီးနေလို့ နင် ဒီလောက်ဖြစ်နေရတာလဲ"





သူ ကျေကျေနပ်နပ် ပြုံးလိုက်သည်။

"သိပ်ကိုထူးခြားတာပေါ့ဟာ၊ ငါ့အတွက် သိပ်ကိုအရေးပါတာပေါ့"

သူ့ရဲ့အမေးကို ခပ်ငေးငေးကြည့်ရင်း လေးပင်ပင် စကားကြောင့် ဟေမာန်က သူ့ကို အံ့ဩသလို ငေးကြည့်နေသည်။

"ဪ...ဒါနဲ့ညီ၊ နင့်ကို နင့်သူငယ်ချင်း ဘော့တနီက ဆလိုင်း ဆိုတာလေ၊ ငါနဲ့ မနေ့ကတွေ့လို့ သူဆိုင်လိပ်စာကတ် ပေးလိုက်တယ်၊ သူ့ဆီလာပါဦးတဲ့"

ဟေမာန်က ပြောရင်းဆိုရင်း သူမ ပခုံးသိုင်းအိတ်ထဲကို ဖွင့်ပြီး လိပ်စာကတ်ကို ရှာသည်။

တော်တော်ကြာသည်အထိ မတွေ့နိုင်အောင် ဖြစ်နေရပါတယ်။ သူ စိတ်မရှည်စွာ

"နင်ကလည်း လိပ်စာကတ်ကို အဲဒီလောက်အောင် ရှာနေရလားဟ"

သူမက ရှာနေရင်းက...

"ငါစာအုပ်အမည်းလေးထဲ သေသေချာချာညှပ်ထားတာဟ၊ မနေ့က ဆလိုင်းနဲ့တွေ့တော့ မိုးမိုးတောင်ပါသေးတယ်၊ ဒီကောင်က မိုးမိုးတောင် မေးနေသေးတာ၊ အဲဒီစာအုပ်က အိမ်မှာများ ကျန်ခဲ့လားမသိဘူး"

"မတွေ့လဲ ရှာမနေနဲ့တော့ဟာ၊ ထားလိုက်တော့၊ ငါ ဒီကောင့်ဆိုင် လိပ်စာ သူငယ်ချင်း တစ်ယောက်ယောက်ဆီက တောင်းလိုက်လဲ ရတယ်"

သူမက တစ်စုံတစ်ခု စဉ်းစားနေပုံရသည်။

❦ ❦ ❦

"နင်ငါ့ကို ပြောစရာရှိတယ်ဆို"

ညနေခင်းရနံ့နဲ့ လေပြည်ရဲ့ကြည်စယ်မှုအောက်မှာ သူမရဲ့ သနပ်ခါး နံ့ဟာ မိန်းမော ကြည်နူးချင်စရာ။

သူ့ရဲ့ အမှတ်တမဲ့ငေးမောမှုကို သူမက သတိပြုမိသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာကြည့်နေတာလဲ"

သူ ပြုံးမိသည်။

"သြော်... ဘာမှမဟုတ်ပါဘူး၊ သနပ်ခါး ပါးကွက်ကြားနဲ့ ဆိုတော့ ဒီလိုကျတော့လည်း နင်က အေးအေးချမ်းချမ်းနဲ့ သိပ်လှနေပါလားလို့ တွေးမိတာပါ"

သူမက သူနဲ့အတူ ဆင်ဝင်အောက် လှေကားထစ်မှာ ယှဉ်တွဲထိုင်ချပြီး

"ဘာလဲညီ၊ နင်ရွေးချယ်ထားတဲ့ ပစ်ကွင်းထဲက သားကောင်လို့ ငါ့ကို သဘောထားချင်ပြီလားညီ၊ ငါ့ကိုတော့ လွတ်မြောက်ခွင့်ပေးပါဟာ"

သူ့စိတ်ထဲ တင်းခနဲဖြစ်သွားတယ်။

"နင်လေ ငါ့စကားဆိုရင် ဘယ်တော့မှ အလေးအနက်မထားဘူး"

သူမက ငဲ့ကြည့်ရင်း ပြုံးလိုက်၏။

"နင်က အရာရာကို အလေးအနက် ထားတတ်လို့လား၊ နင့်ဘေးမှာ ဘယ်အခါ ကြည့်လိုက် ကြည့်လိုက် ကောင်မလေးတွေ တစ်ယောက်ပြီး တစ်ယောက် မရိုးနိုင်အောင် မျက်နှာတစ်ခုပြီးတစ်ခု ပြောင်းသွားတယ်၊ ကဲ... ငါ့စကားကို နင်မဟုတ်ဘူးလို့ ငြင်းမလား"

သူ စိတ်ရှုပ်ထွေးစွာ ဆံပင်တွေကို လှန်တင် ခါထုတ်မိသည်။

"နင့်စကားကို ငါ မငြင်းပါဘူး၊ ငါ မိန်းကလေးတစ်ယောက်ကို ချစ်တယ်ဆိုတဲ့ စကားသုံးပြီး လိမ်ညာခဲ့တာလဲ မဟုတ်ဘူး၊ သူတို့ကလဲ စမ်းသပ်မှုတစ်ခုအနေနဲ့ ငါ့ဆီလာသလို ငါလဲ သူတို့ကို ငါ့နှလုံးသားရဲ့ ခံနိုင်ရည် ဘယ်လောက်ရှိသလဲဆိုတဲ့ အနေနဲ့ စမ်းသပ်လိုက်တဲ့သဘောပါ၊ အဲဒါ နှစ်ဦးသဘောတူနော်"

သူမက သူ့စကားကို လက်မခံသလို သဘောရှိသည်။ သူ ခြံပြင်ကို ငေးမောကြည့်မိသည်။

"တကယ်တော့ဟာ ငါဟာ အနီးမှုန်နေတဲ့ မျက်ကန်း တစ်ယောက်ပါ ချိုပို"

သူတို့ ငြိမ်သွားကြတယ်၊ ချိုပိုဆီက သက်ပြင်းသံသဲ့သဲ့ သူကြားမိသည်။





"လူဆိုတာ စည်းမျဉ်းတွေ၊ စည်းကမ်းတွေ၊ ချုပ်နှောင်မှုတွေ ကျင့်ဝတ်တွေကြားမှာ ပင့်ကူမျှင်တွေနဲ့ ရုန်းခွင့်မရှိတဲ့ အဖြစ်လိုပဲ၊ အဲဒါကို နင်ယုံလား ချိုပို"

သူမဆီက ဖြေဆိုသံ မကြားရ။

"ပြောခွင့်ရှိပေမယ့် ယုံကြည်မှုမရှိတဲ့အခါ ရင်ထဲက အလေးထားတဲ့ စကားဆိုတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ ချိုပို၊ ငါ..."

သူ့စကားသံတွေ လမ်းတစ်ဝက်မှာ ရပ်ပစ်လိုက်သည်။ သူမက သူ့ကို ငေးမောကြည့်နေသည်။

"ထားပါတော့ဟာ... ငါနင့်ကို မေးစရာတစ်ခုရှိတယ်၊ နင် အမှန် အတိုင်းဖြေမှာလား"

သူမက ဘာလဲလို့မေးတော့-

"နင်မနေ့က နေ့လယ် ၁၂နာရီကျော်ကျော်လောက်က ဘယ်သူ့ဆီ ဖုန်းဆက်လဲ၊ ဘယ်သူနဲ့ စကားပြောနေတာလဲ"

သူမမျက်နှာ အရိပ်တစ်မျိုး ဖြတ်ပြေးသွား၏။ ပြီးတော့ ဆုံးဖြတ်ချက် ချပြီးသား ဟန်အမူအရာတွေနဲ့-

"အဲဒီမေးခွန်းကို ငါ မဖြေဘူးညီ၊ ဖြေလည်း မဖြေနိုင်ဘူး"

သူမဆီက စကားကြောင့် သူ စိတ်ပျက်ခဲ့ရသည်။

"ကျစ်...နင်အခုမှ ငါ့ကို ထပ်ပြီး မလိမ်စမ်းပါနဲ့တော့၊ နင် မမကို အကြောင်းတွေ ပိုပိုသာသာ ပြောလိုက်တယ်မဟုတ်လား၊ နင်မငြင်းပါနဲ့ တော့ဟာ၊ နင် ဟုတ်တယ်လို့ ဝန်ခံပေးပါ ချိုပိုရယ်နော်"

သူ့စကားကို သူမ ခေါင်းခါသည်။

"အဲဒီအဖြေကို ငါမပေးနိုင်ဘူးညီ၊ နင်မကျေနပ်လို့ ငါ့ကို စိတ်ဆိုးမယ် ဆိုရင်လည်း စိတ်ဆိုးလိုက်တော့ဟာ"

သူ ဂုန်းခနဲထရပ်မိသည်။ သူ့ကို သူမက အလန့်တကြား မော့ ကြည့်သည်။

"နင်ဘာဖြစ်လို့ ဝန်မခံချင်ရတာလဲ၊ ဘာလို့ဝန်မခံရဲတာလဲ၊ နင်သာ အမှန်အတိုင်း ဝန်ခံလိုက် ငါ..."



www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်ပြောလို့မရတော့။ ရင်ထဲက ဖွင့်ဟပြောဆိုချင်တဲ့ စကားလုံးတွေဟာလည်း သူ သက်ပြင်းချခဲ့မှုတွေနဲ့အတူ လိုက်ပါသွားခဲ့ပြီ။

“ငါရှေ့ဆက်လို့မရအောင် နင်က လမ်းတွေကို ပိတ်ပစ်လိုက်တာပဲ ချိုပိ၊ အေး…နင့်ဘက်က ပိတ်ဆို့ထားပါစေ၊ ငါ မရောက် ရောက်အောင် နင့်ဆီကို ငါလာခဲ့မယ် စိတ်ချ”

သူ ပြောပြီး လှည့်ထွက်ခဲ့မိသည်။

ချည်မယ့်ကြိုးကို ပြန်ဖြေသူရဲ့လက်ကို သူ မယုံကြည်ချင်။

ခင်းထားတဲ့တံတားကို တိုက်စား ဖြိုဖျက်တဲ့ရေစီးလို သူ့မျက်ဝန်းတွေ…

နင်ငါ့ကို မလိုလားအပ်တဲ့စာရင်းမှာ ပစ်သွင်းခဲ့ပြီလား၊ ချိုပိ…

တစ်နေ့နေ့တော့ ငါ မရောက်ရောက်အောင် လာခဲ့ရမှာပဲလေ။ အဲဒီတစ်နေ့ကို…။

* * *

“အဲဒါ ဆရာလေးမှားတာပဲ အေ့…”

ခပ်ချဉ်ချဉ်ရနံ့နဲ့ လေပျို့တက်လာမှုက သူ့ပါးမှုးချင်ချင်။ သူတိုက်တဲ့ အရက်ကိုသောက်ပြီး ကိုအာလူးဆီက အရက်နံ့က သူ့ကိုပါ မူးယစ်ချင်နေသည်။ သူကတော့ အချိုရည်ကုပ်ဘူးသာ သောက်၏။ သူ့ရဲ့အလွမ်းဇာတ်ကို ပယ်ပယ်နယ်နယ် ကိုအာလူးက အခုလိုပြန်ပြီး ဝေဖန်ခြင်းဖြစ်သည်။

“ကျွန်တော် ဘာမှားလို့လဲ”

လက်ညှိုးကို တည်တည်ငြိမ်ငြိမ် မထိုးနိုင်တော့ဘဲ ကိုအာလူး၏ လက်ညှိုးတွေ သူ့မျက်နှာအနီးမှာ ဂနာမငြိမ်ရှာ။ သူ လိုက်လံ ရှောင်ရှားနေရပါတယ်။

“ဟုတ်တယ်လေ၊ ဆရာလေးက ပြောမယ့်အရေးကို နဂါးခေါင်းလှည့်နေသလိုလို၊ ရက်ရာဇာ ပြဿဒါး ရွေးနေသလိုလို လုပ်နေတာကိုး၊ နောက်ကျတယ်ဆိုတာ အိမ်လခပေးတာပဲကောင်းတယ် ဆရာလေး”





ကိုအာလူးရဲ့ဥပမာကို သူ သဘောကျမိသည်။

“ပြောမယ့်အရေး ပြောလိုက်၊ အမှန်တော့ ဒီလိုစကားမျိုးက အစောကြီးကတည်းက ပြောရမှာ၊ အခုတော့ မဟုတ်ပါဘူး။ တော်တော် ပြောပြီးနေတဲ့စကားကို ရပ်ပစ်ပြီး လှည့်ပြန်ရတယ်လို့၊ ဆရာလေးဟာက မဟုတ်သေးပါဘူး”

ကိုအာလူးစကားတွေက အမှန်တွေဖြစ်နေတော့ သူ မငြင်းချင်။

“အေးဗျာ၊ ကျွန်တော်လဲ ဘယ်လိုဖြစ်ပြီး မပြောဖြစ်လဲ မသိပါဘူးဗျာ၊ အမှန်ဆို ဖွင့်ပြောလိုက်ရမှာနော်၊ ပြီးတော့ သူက ကျွန်တော့်စကားကို ဘယ်တော့မှ မယုံတာခက်တယ်ဗျ”

ကိုအာလူးက သဘောတကျ တဟားဟား အော်ရယ်တော့

“ခင်ဗျားက ဘာရယ်တာလဲ၊ ကျွန်တော့်ကို လှောင်တာလား”

ကိုအာလူးက ခေါင်းခါပြီး

“မဟုတ်ပါဘူး၊ သဘောကျလို့ပါ၊ မိန်းမတွေရဲ့စိတ်ကို ဆရာလေး နားမလည်ပါဘူး”

“ခင်ဗျားရော နားလည်လို့လား”

“ကျွန်တော်လည်း နားမလည်ပါဘူး၊ ဒါပေမယ့် သိတယ်”

သူက…

“ခင်ဗျားစကားကြီးကလဲ”

“ဟုတ်တယ်လေ၊ သူတို့ရဲ့ သဘောသဘာဝကို သိတယ်၊ နားလည်စိတ်က မရှိတာ၊ နားလည်တဲ့နေ့ဟာ အဲဒီမိန်းကလေးရဲ့အချစ်ကို ကိုယ်က ပိုင်ရလိုက်တဲ့နေ့ပဲလို့ ကျွန်တော်တော့ ထင်တယ်”

သူ ကိုအာလူးကို သဘောကျမိသွားသည်။

“ဒီနေ့တော့ ခင်ဗျားကိုတိုက်ရတာ အတန်ဆုံးပဲ၊ ကျေးဇူးပဲဗျာ”

ကိုအာလူးက ပြုံးစိစိနဲ့…

“တစ်ခုတော့ရှိတယ် ဆရာလေး”

“ဘာလဲဗျ”



www.burmeseclassic.com

www.burmeseclassic.com



"သြော်...အသည်းကွဲတဲ့သူ... ကောင်မလေးနဲ့ အဆင်မပြေတဲ့သူ အတွက်တော့ ကိုယ့်နှလုံးသားကို အရက်နဲ့ စိမ်တယ်ပဲ ကြားဖူးပါတယ်၊ အခုတော့ အချိုရည်ကုပ်ဘူးနဲ့ အသည်းကွဲတာကို ခံစားတယ် ဆိုတာ ကတော့ မကောင်းဘူးပေါ့နော်"

ပြောပြီးတော့ ရယ်ပါတယ်။

သူပါ ရောရယ်ရယ်မိပါသည်။





ချစ်သူကို လက်နက်ချအညံ့ခံဖို့
ရင်ဘတ်တစ်ခုလုံးကို အလံဖြူလွှင့်ညတော့
ခပ်လုံးလုံးကမ္ဘာကြီးက
ကျေကျေနပ်နပ်ပေါင်းသိတ်ပြီး
ဒီလိုပဲဖြစ်ရမှာပေါ့...တဲ့...။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အရှုံးပေးမှုအတွက် ချိုပို ကျေနပ်မှာပါ။

ချုပ်ဆိုထားတဲ့ စာချုပ်အတွက် လျော်ကြေးအဖြစ် ငါ့နှလုံးသားနဲ့ ဘဝတစ်ခုလုံးကို နင်စီးထိုးဖို့ အပ်နှင်းပေးပါ ချိုပို။

ငါ့ခြေလှမ်းတိုင်းဟာ အရေးအကြီးဆုံး စကား တစ်ခွန်းအတွက် ရှင်ဘုရင်က ခရီးပြင်းနှင်လွှတ်ပြီး အပြန်လမ်းတစ်လျှောက် တာဝန်ကျေ စစ်သည်တော်တစ်ယောက်ရဲ့ ကြည်နူးမှုလိုပေါ့။

အချစ်ဆိုတာ နေပြည်တော်တစ်ခုလို ကြီးကျယ်ခမ်းနားပါတယ်။

နင့်ရှေ့မှာ နင်နဲ့ငါ့အတွက် ဘယ်သူမှမပြောရသေးတဲ့ လတ်လတ်ဆတ်ဆတ် စကားတစ်ခွန်းကို ငါပြောချင်တယ်။

ကြည်နူးကျေနပ် အနိုင်းဆုံးဖြစ်ရမယ့် တို့နှစ်ယောက်အတွက် မင်းနားထောင်ပေးပါ ချိုပို...။

❦ ❦ ❦

နိုင်ငံခြားဘာသာတက္ကသိုလ် ပင်မအဆောက်အအုံရဲ့ အောက်ထပ်ခုံတန်းလျားတွေမှာ သူ ထိုင်စောင့်မိသည်။

သူ့ကို မြင်ရင် ချိုပို အံ့သြမှာပါ။





တစ်ကြိမ်တစ်ခါမျှ မလာဘူးတဲ့သူ့ကို အံ့သြမယ်။ ပြီးတော့ စကားနာထိုးမယ်။ ရပါတယ်လေ၊ ခဏပါ။ သူပြောမယ့် စကားတစ်ခွန်းအတွက် ချိုပို လက်ရှိအချိန်ကာလတွေကို မေ့ပျောက်သွားမှာ၊ စိတ်ဆိုးတာတွေ ရုပ်ဆိုင်းသွားမှာ သူ ယုံကြည်မိသည်။ ဘာဖြစ်လို့လဲဆိုတော့ ချိုပို့စိတ်ကို သူ သိပ်သိနေလို့ပဲ။

"ညီ..."

သူ အလိုလားအပ်ဆုံး၊ အနှစ်သက်ဆုံး ခေါ်သံကြောင့် အတွေးကို ရပ်ပစ်ကာ ဝမ်းသာအားရ လှည့်ကြည့်မိသည်။

"ချိုပို"

သူ့ရဲ့ခေါ်သံအဆုံးမှာ ဝမ်းသာလန်းဆန်းခြင်း ရပ်ဆိုင်းသွားရတယ်။

ချိုပို... ပြီးတော့ မျက်နှာဝိုင်းဝိုင်းနဲ့ ကလေးဆန်ဆန် ကောင်မလေးတစ်ယောက်။ နောက်သူ့အရွယ် ခပ်သန့်သန့် လူရွယ်တစ်ဦး။

ထိုသူက တည်ကြည်တဲ့ မျက်နှာ၊ နှစ်လိုဖွယ်အပြုံးနဲ့ သူ့ကိုပါ ပြုံးပြတော့ သူ အယောင်ယောင် အမှားမှား ပြုံးမိသည်။

"နင် ဘယ်ကိုလာတာလဲ ညီ၊ ငါ့ဆီလား"

သူ့အဖြေကို ငေးမောင့်လင့်နေတဲ့ သူမ မျက်ဝန်းတွေကို ကြည့်ပြီး ခုနလူဆီအကြည့်ရွှေ့တော့။

"မဟုတ်ပါဘူး၊ ငါ့အသိတစ်ယောက်ဆီ"

သူမ ခေါင်းငုံ့သွားတယ်။

"ချို...ချို့သူငယ်ချင်းလား။ ဒါဆို ကိုယ်လိုက်မပို့တော့ဘူး။ ဖြစ်တယ်မဟုတ်လား"

ချိုပို လူရွယ်အသံကြားမှ သတိပြန်ဝင်လာသလို။

"ဪ...ကိုမင်းခန့်ကို ဆုံတုန်း မိတ်ဆက်ပေးရမယ်၊ ဒါ...ချိုပို့ရဲ့ငယ်သူငယ်ချင်း ညီညီနိုင်တဲ့"

"ညီ...ဒါငါတို့နဲ့ ဂျပန်ဘာသာ (First Year)မှာ အတူတူ တက်နေတဲ့ ကိုမင်းခန့်၊ သူ့ဘေးက မေမေဖင်တဲ့၊ ငါနဲ့ ညီအစ်မ လိုနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက မျက်မှန်အကြည်လေး တပ်ဆင်ထားပြီး ကလေးတစ်ယောက်လို အပြစ်ကင်းစင်စွာ ပြုံးပြ အသိအမှတ်ပြု ဟန်ပြသည်။ ကိုမင်းခန့်ကလည်း ရည်ရည်မွန်မွန် လက်ဆွဲနှုတ်ဆက်ရင်း...

"ချို့သူငယ်ချင်းဆိုတော့ ကျွန်တော့်မိတ်ဆွေပါပဲ၊ ကျွန်တော့်ကို ချိုလိုပဲ ယော်ပေါင်းကြီးဖော်တစ်ယောက်လို ဆက်ဆံနိုင်ပါတယ် ညီ"

လက်ဆွဲနှုတ်ဆက် အပြန်အလှန် အသိအမှတ်စကားဆိုပြီးနောက် ကိုမင်းခန့်နဲ့မေမေဖင်က နှုတ်ဆက်ထွက်ခွာသွားကြသည်။ သူတို့ထွက်သွားတော့မှ ဆန့်ကျင်ရာလမ်းကို ချိုပိုက သူနဲ့အတူတူ ရင်ပေါင်တန်း လျှောက်လာကြတယ်။ အတန်ကြာသည်အထိ နှစ်ဦးသား တိတ်ဆိတ်နေကြသည်။

သူနှလုံးသားအတွက် ကံကောင်းတော့မယ့် နေ့စွဲတစ်ခုဖြစ်ဖို့ ကြုံရပြီ။ ညနေခင်းတစ်ခုမှာ တိတ်ဆိတ်တဲ့ ကျဆုံးခန်းတွေရဲ့အရိပ် သူ့ကိုယ်ပေါ်ကို လွှမ်းခြုံထားခဲ့ရသလိုပါပဲ။

သူမဆီက သက်ပြင်းသံ သဲ့သဲ့ကြားအပြီး...

"ငါဒီနေ့ပဲ ကိုမင်းခန့်ရဲ့အချစ်ကို လက်ခံလိုက်တယ်ညီ"

"ဘာ..."

လေဟာနယ်ထဲ မျောလွင့်ခံလိုက်ရသလို အိပ်မက်ဆိုးနဲ့ ပက်ပင်းတိုးလိုက်တဲ့ သူ့အိပ်မက်တွေအတွက် သူတုန်လှုပ်ရသည်။ သူ စိတ်လှုပ်ရှားမှုကြောင့် မျက်နှာချင်းဆိုင်အနေအထား ဖြစ်သွားတဲ့ ချိုပိုနဲ့ သူ့ရဲ့အနေအထား...။ သူ ချိုပို ပခုံးနှစ်ဖက်ကို ဖမ်းဆုပ်ကိုင်ပြီး...

"မဖြစ်နိုင်ဘူး... နင် ငါ့ကို သက်သက်ညာပြောတာ၊ ဒါ... နင်ငါ့ကို နောက်ပြောင်ရုံ သက်သက်မဟုတ်လား... ချိုပိုနော်"

သူမက သူ့ကို မော့ကြည့်သည်။

အောက်နှုတ်ခမ်းသားကို ကြိတ်ကိုက်ထားရင်း မျက်ရည်ဥတွေရစ်သီနေတဲ့ ချိုပိုမျက်ဝန်း...။

ပြီးတော့ အများလုပ်မိသူ တစ်ယောက်ရဲ့ နောင်တနဲ့ ပြည့်နှက်နေတဲ့မျက်လုံးတွေနဲ့ သူ့ကိုကြည့်ပြီး...





"ငါအမှန်ပြောတာပါညီ၊ အခုကိစ္စက လိမ်ညာထားလို့ရတဲ့ ကိစ္စမဟုတ်တာ"

"သွားပြီဟာ၊ ငါက နင့်ကို ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်း ပြောဖို့ ပျော်ရွှင်မှုတွေနဲ့ လာခဲ့တာပါဟာ၊ ငါခံစားချက်အတွက် နင်ကတော့ ရက်စက်မှုတွေနဲ့ ရပ်စောင့်နေတယ်ဆိုတာ ငါ ကြိုမသိခဲ့ဘူး၊ နင် သူနဲ့ ပတ်သက်နေတယ်ဆိုတာ ငါ့ကို ဘာလို့ကြိုအသိမပေးခဲ့ရတာလဲ အသိပေးခွင့်မရှိအောင် နင်က ငါ့ကို ဘေးဖယ်ထားပြီလား ချိုပို"

သူ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်မေးတော့ မျက်ရည်စက်တွေ စီးကျလာရင်း သူမက မျက်ဝန်းကို မှိတ်ပစ်သည်။

"သိပ်နောက်ကျသွားပြီညီ... နင်နဲ့ငါက ပြိုင်ဆိုင်မှုတွေ၊ မာနတွေနဲ့ ရှုံးနိမ့်မှာကို ကြောက်လန့်တဲ့စိတ်နဲ့ အချစ်ဆိုတာကို အဝေးဆုံးမှာ ထားချင်ခဲ့တာကိုး၊ ဒါ နင်ရောငါရော အပြစ်လုပ်မိတာလေ၊ အခု ပြင်လို့မရတော့ဘူး အရမ်းနောက်ကျသွားပြီ"

သူ ခေါင်းခါငြင်းမိသည်။

"မဟုတ်ဘူး ချိုပို... ငါ နင့်ကိုအရမ်းချစ်တာ၊ သိပ်ချစ်လွန်းလို့လဲ နင် မယုံကြည်မှာစိုးလို့ ဖွင့်မပြောရဲတာပါဟာ"

သူ့ရင်တွေ လှိုက်မောလာတယ်။ အသက်ရှူသံပြင်းပြင်းနဲ့ သူ ဆက်ပြောမိတယ်။

"နင် ပြောဖူးပါတယ်၊ တန်ဖိုးဆိုတာလေ"

သူ့စကားကြောင့် ချိုပိုက မျက်ရည်တွေနဲ့ မော့ကြည့်သည်။ ငိုနေတဲ့ မျက်ဝန်းရဲ့လှပမှုကို သူသတိပြုမိသည်။ အချစ်ဆိုတာ ရင်ထဲကို ရောက်နှင့်နေတာ သူသိတော့ ဒီလိုဒဏ်ရာတွေနဲ့ လုံးထွေးနေခဲ့ပြီ။

"နင် အခုမှ ဘာလို့လာပြောရတာလဲ ညီရယ်"

ဖျော့တော့တိုးတိတ်စွာ ချိုပိုရဲ့စကား။

တစ်ယောက်ကို တစ်ယောက် မမြင်ဘူးတဲ့လူတွေလို ငေးမောမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်သံတွေရဲ့ လွတ်မြောက်ရာ နယ်မြေတစ်ခုမှာ သူနဲ့ ချိုပို။

အပြန်အလှန်ပြောကြတဲ့ အသံမဲ့ မျက်ဝန်းစကားတွေ။ နောက်တော့ သူမကာစတင်၍ အသိဝင်လာကာ နှုတ်ဆက်သည်။

"ငါ သွားတော့မယ်ညီ၊ နင် ငါ့နောက်က မလိုက်ခဲ့နဲ့တော့နော်"

သူ ပြန်ပြောနိုင်စွမ်း မရှိတော့ပါ။

အလွမ်းဆိုတဲ့ ခံစားမှုကို စားသုံးဖို့ ကံကြမ္မာက သူ့ကို အလှည့်ပေးပြီးနဲ့ တူပါတယ်။

မင်း ငါ့ကို အနိုင်ယူသွားပြီ ကံကြမ္မာ...။

❦ ❦ ❦

ပုံစံမရှိတဲ့၊ ထုထည်မရှိတဲ့ အလွမ်းရဲ့ အဖျားခတ်ရိုက်မှုမှာ အချစ်ရဲ့ မဟာဆန်တဲ့အရှုံးကို ငါဆက်လက်တာဝန်ထမ်းဆောင် ခွင့်ရခဲ့တယ်။

ဖြစ်ပျက်ပုံတာ မတူပေမယ့် မီးတောင်တစ်ခု ငါ့ရင်ထဲကို နေရာရွေ့ ဝင်ရောက်လာသလိုပဲနော်။

အသည်းကွဲခြင်းတမန်တော်ရဲ့ ရင်အရိပ်အောက်ကို ခေါင်း ငိုက်စိုက် လှမ်းဝင်ရသူရဲ့ ခြေလှမ်းဟာ ပျော်ရွှင်တက်ကြွဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား သူငယ်ချင်းရေ။

တကယ်ဆိုရင် နင်ဟာ ငါသန်းခေါင်ယံရဲ့ ရုပ်ကြွယ်လေး ဖြစ်သလို အစဉ်လင်းမြဲတဲ့ လမင်းတစ်စင်းလည်းဖြစ်ပါတယ်။

လမ်းညွှန်ရာ မြေပုံအကြမ်းအတွက် ခုနစ်စင်ကြယ်လည်း ဖြစ်တယ်။

ချစ်သူကို မျှော်လင့်ခွင့်ရဖို့ ရှင်သန်ခြင်းသစ်ပင်လည်း ဖြစ်တယ်။

သူငယ်ချင်း...နွေရာသီအမုန်းကြောင့် စိမ်းစိုတဲ့သစ်ရွက်တွေ ကော့ပျံ ကြွေခြောက်ရင်...

ငါကတော့ ဤသစ်ပင် ငိုနေပြီလို့ သဘောထား သတ်မှတ်တယ် ချိုပို။





တစ်နေ့တစ်ရွက်နဲ့ ငိုနေကြတဲ့ သစ်ပင်တွေရှိသလို ငါ့လို လူတွေ မှာလည်း အထီးကျန်ဆန်ခြင်းဆိုတဲ့ နှလုံးသားနဲ့ လူသစ်ပင်တွေလည်း ရှိခဲ့ကြပါတယ်။

ငါ့အချစ်တွေ မစိမ်းစိုကြွေခြောက်လို့ တဖြုတ်ဖြုတ် ကြွေခဲ့ရပြီဆိုတာ လက်ခံခွင့်ရခဲ့ပြီ။

တစ်မြေ့မြေ့ ငိုခဲ့ရပြီ... အရိုးပြိုင်းပြိုင်းနဲ့ သစ်ခြောက်ပင်လို ဖြစ်ခဲ့ရပြီ။

တိတ်တဆိတ် ငိုကြွေးတဲ့သစ်ပင် လူတစ်ယောက်အတွက်တော့ အထီးကျန်ဆန်ခြင်း ဆိုတဲ့ စကားအဓိပ္ပာယ်လို့ ငါတော့ ထင်မှတ်ထား ခဲ့တယ်...။

❦ ❦ ❦

"ညနေက မမချို မိတ်ဆက်ပေးတဲ့ အစ်ကို မဟုတ်လား"

သူ့ကို မရဲတရဲမေးတဲ့ ကောင်မလေးကို မျက်လုံး ပွတ်သပ်ကာ ကြည့်မိသည်။ အထက်တန်းကျောင်းသူတစ်ယောက်လို ပြီးတော့ ဟန်ဆောင်မှု တွေနဲ့ အနေဝေးပုံရတဲ့ မျက်နှာတစ်ခုနဲ့ ကောင်မလေး တစ်ယောက်။ ပါဝါမျက်မှန် အကြည်လေးကို တပ်ထားရင်း နှာခေါင်းက ခပ်ရှုံ့ရှုံ့ လုပ်ပါ သေးတယ်။

"ဟုတ်ပါတယ်... အစ်ကိုက မမချိုသူငယ်ချင်း ကိုညီပါ"

သူ့ဘာသာပြော၊ သူ့ဘာသာ ဆုံးဖြတ်နေတဲ့ ကောင်မလေးဟာ သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်နေပြီး...

"မိုးလဲချုပ်နေပြီ... အစ်ကိုက ဒီမှာ ဘာလုပ်နေတာလဲ"

ကားမီးရောင်တွေဟာ သူမ ကိုယ်ပေါ်ကို အကန့်လိုက် ဖြတ်ဖြတ် ပြေးသွားတယ်။

သူက စိတ်ပျက်လက်ပျက် ပြောချင်ရာ ပြောချလိုက်ပါတယ်။

"အသည်းကွဲနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက သူ့စကားကို နားမလည်ပုံရသည်။

"အသည်းကွဲတယ် ဆိုတာ ဒီလိုဖြစ်သွားတယ်၊ ဟာ... မဖြစ်နိုင်ပါဘူး"

သူ့အသည်းကွဲခြင်း လက္ခဏာတွေကို ကောင်မလေးပြောမှ ပြန်လည်ဆန်းစစ်ရမလိုလို။ အင်း...သူ့အခြေအနေက အသည်းကွဲတာတောင် လွတ်လွတ်လပ်လပ် အသည်းမကွဲရတဲ့ ဘဝပါလား။

အမှန်တော့ ချိုပိုနဲ့ လမ်းခွဲပြီးအပြန်မှာ ကိုအာလူးပြောတဲ့ အရက်နဲ့ အသည်းကွဲခြင်းလုပ်ငန်းကို စမ်းသပ်ကြည့်တာပဲ။

အခုတော့ အသည်းကွဲတာတခြား၊ ခေါင်းမထူအောင် မူးနေတာက တခြား ဖြစ်ခဲ့သည်။

အဲဒါကြောင့် လမ်းဘေးပလက်ဖောင်းမှာ အမူးပြေအောင် ခဏဝင်ထိုင်နေရတုန်း ဒီကောင်မလေးနဲ့ တွေ့ရတာပါပဲ။

"ညည်းကကော ဒီအချိန်ကျမှ ဘာလာလုပ်တာလဲ"

သူမက သူ့ဘေးမှာ ဝင်ထိုင်လိုက်ပြန်တယ်။

"ကျွန်မက ရေမိုးချိုးပြီးလို့ ဒီနားကဆိုင်မှာ ကော်ဖီမှုန့်လာဝယ်တာ၊ အစ်ကိုကိုတွေ့လို့ တူပါတယ်ဆိုပြီး လာစပ်စုတာလေ"

သူမက ဟန်မဆောင်တတ်ပုံရတယ်။ ပြီးတော့ ပြောပါသေးတယ်။

"ဒါနဲ့နေပါဦး၊ အစ်ကိုက ဘာကြောင့်အသည်းကွဲရတာလဲ၊ ပြီးတော့ အစ်ကိုအသည်းကွဲပုံကြီးက နံစော် ညစ်ပတ်နေတာပဲ"

"ဟ...အသည်းကွဲတာ ရေမိုးချိုး၊ သနပ်ခါးလူးပြီးမှ အသည်းကွဲရမှာလား"

"ကျွန်မပြောတာ မဟုတ်လို့လား၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် အသည်းကွဲတတ်ဖို့ လိုတယ် အစ်ကို"

သူမစကားကြောင့် ပက်လက်လန် လဲချဖြစ်စိတ် ပေါ်လာပါတယ်။

ဒီကောင်မလေး နှလုံးသားကိစ္စ အချစ်ဆိုတာနဲ့ သူစိမ်းဆန်ဆန် နေတတ်ပုံရတယ်။





"ကိုညီကြည့်ရတာ မမချိုနဲ့ ကိုမင်းခန့် အဆင်ပြေသွားလို့ ဒီလိုပုံဖြစ်သွားတာနဲ့တူတယ်၊ ဟုတ်တယ် မှတ်လား"

သူ ဘာမှ မပြောချင်တော့။

"အစ်ကို လွမ်းမယ်ဆိုရင်လဲ အိမ်ရောက်ပြီးမှ လွမ်းစမ်းပါ အစ်ကိုရယ်၊ ထမင်းစားသောက် ရေချိုးပြီး တစ်ညလုံး အခန်းထဲမှာလွမ်းပေါ့၊ အခုဟာက ရဲတွေ့လို့ မသက်သာမှုနဲ့ အချုပ်ထဲရောက်မယ့် လွမ်းပုံမျိုးကြီး"

သူ အမူးပါ ပြေသွားစေနိုင်ရုံသာမက ကောင်မလေးစကားကြောင့် ထပါပြေးချင်လာတယ်။

"ကဲ...မယ်မင်းကြီးမ...ဆက်ရှင်းပြမနေနဲ့တော့၊ ငါလဲ အိမ်ရောက်မှ ညည်းပြောတဲ့အတိုင်း လွမ်းတော်မူတော့မယ်"

ကောင်မလေးက တခစ်ခစ်နဲ့ ကျေနပ်ပုံမျိုးနဲ့ ရယ်ပါတယ်။ သူ ထတော့ သူ့ကိုတွဲထူပြီး...

"ကျွန်မ ကားငှားပေးရဦးမလား အစ်ကို"

"ရတယ်...ရတယ်၊ ငါ လမ်းလျှောက်နိုင်တယ်"

သူထွက်လာတော့ ကောင်မလေးက ရပ်ကျန်နေခဲ့တယ်။

အင်းလေ... ဒီကောင်မလေး ပြောတဲ့အတိုင်း အိမ်ရောက်မှ ထမင်းစားသောက်ပြီး ဆက်လွမ်းရတော့မှာပေါ့။

"လွမ်းပုံလွမ်းနည်းကို အသေအချာ သင်ပေးလိုက်တာပဲ"

မောင်ကြည်နဲ့ ရှုပက ရယ်လို့မဆုံးနိုင်။

နားထင်ကို လက်ညှိုးနဲ့ထောက်ရင်း ညကအချိန်က အခုထိ ပျောက်နိုင်အောင် ခေါင်းတွေ ကိုက်ခဲနေသည်။

"တကယ့်အရိုးခံ အဖြူထည်သက်သက် သူ ပြောလိုက်တဲ့ကွ၊ ညီမတစ်ယောက်က အစ်ကိုတစ်ယောက် မှားနေတာကို ထောက်ပြသလို



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလဲ သူပြောချင်ရာတွေ ပြောသွားလိုက်တာကွာ၊ အဲဒါနဲ့တောင် ကောင်မလေးနဲ့ငါက တစ်ခါပဲ ဆုံဖူးတာနော်"

မောင်ကြည်က ရယ်မြူရယ်နေသည်။ ရူပကတော့...

မင်း ချိုပိုအတွက် အရှုံးဆိုတာ ဝန်ခံလိုက်ပြီပေါ့၊ မင်း ဘယ်လို ဖြစ်သွားရတာလဲ ညီ"

အေးစက်နေတဲ့ ရေသန့်ဘူးကို ပါးမှာကပ်ရင်း...

"ချိုပိုအပေါ် သဘောထားကို ငါကိုယ်ငါ သိလိုက်ချိန်မှာ အရမ်း နောက်ကျသွားပြီလေ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ သူစီမံရာ ကံကြမ္မာရဲ့စီမံရာကို ငါနာခံရတော့မှာပေါ့"

"မဟုတ်ဘူးညီ၊ ချိုပို မင်းအပေါ် သံယောဇဉ် ရှိတယ်ဆိုတာ ငါတို့ အားလုံးအသိပဲ၊ ဘာဖြစ်လို့ မင်းတို့နှစ်ယောက် အဆင်မပြေလဲဆိုတာ ငါတော့ တွေးလို့မရဘူး"

"အေးလေ"

မောင်ကြည့်စကားကို ရူပကလည်း လက်ခံသည်။

ချိုပို့ငါ့အပေါ် သံယောဇဉ်ရှိတယ်ဆိုတာ ငယ်သူငယ်ချင်းတစ်ယောက်ရဲ့ သံယောဇဉ်မျိုးပါ၊ အတူတူ ကြီးပြင်းလာရတဲ့ နှစ်တွေကမှ မနည်းတာ၊ အထူးအဆန်း မဟုတ်ပါဘူးကွာ"

"မဖြစ်နိုင်ဘူးညီ၊ မင်းအပေါ် သူ သူငယ်ချင်း တစ်ယောက်ရဲ့ သံယောဇဉ်ထက် ပိုကိုပိုတယ်"

မောင်ကြည်ရဲ့ယုံကြည်ချက်ကို လက်မခံချင်။ ခေါင်းသာခါပြမိသည်။

"ငါက... ကွင်းထဲမှာဝင်ကန်နေတဲ့ ဘောလုံးသမား တစ်ယောက်လို ကိုယ်တိုင်ကြုံနေရတာနော်၊ ငါ့အခြေအနေကို ငါသိပါတယ် မောင်ကြည်"

မောင်ကြည်က ပြုံးသည်။ ရူပကတော့ ဘာမှဝင်မပြော။ သူတို့စကားကို နားထောင်ရုံသက်သက်။

"ငါတို့ကလဲ ကွင်းပြင်ကဆိုပေမယ့် ပွဲအခြေအနေကို အပြင်ကလူက ကစားနေရသူထက် မြင်နိုင်တယ်လေ ညီ"





ရူပက စကား စတင်ပြောလာပါတယ်။

"တစ်ခုတော့ ရှိတာပေါ့လေ၊ ပွဲကို အဆုံးအဖြတ်ပေးနိုင်တဲ့ ဒိုင်လူကြီး တစ်ယောက်လို တရားမျှတတဲ့ ကံကြမ္မာကို စောင့်ကြည့်ရမှာပေါ့လေ"

နေ့တစ်နေ့ရဲ့ အပူရှိန်ဟာ ခံစားချက်နဲ့ လုံးထွေးနေရသူအတွက် ပိုပူပြင်းနေသလိုလို။

ကိုယ်ကမပြောပေမယ့် သူမျက်ဝန်းထဲကအဖြေကို တွေ့နေရပါတယ်။

တကယ်လို့သာ နောက်ကျမှုနဲ့ အဆင်မပြေမှုတွေ ဝင်မလာခဲ့ဘူး ဆိုရင်ပေါ့...။

"ဟော့ကောင်...လူလိမ်"

ပခုံးကို နောက်ကနေ ဆုပ်ကိုင်ပြီး ဆွဲလှည့်ခံလိုက်ရတော့ သူ့ရဲ့ မူးနေတဲ့အရှိန်ရယ် ဆွဲလှည့်တဲ့အားရယ် ပေါင်းပြီး မြေပြင်ပေါ်ကို တစ်ပတ် လည်ကျသွားသည်။

စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားသည်။ အချိန်ကလည်း ညနေလွန်လို့ လမ်းမီးတိုင်မှာ အလင်းထွန်းစပြုနေပြီ။ ဒီနေရာက လူမရှင်းတရှင်း နေရာ။

သူ မော့ကြည့်တော့ လူသုံးယောက်။

ရှေ့ဆုံးကလူက သူ့ကို ခါးထောက်ရင်း စားတော့ဝါးတော့မယ့် မျက်နှာနဲ့။

"မင်းကိုယ်မင်း သိပ်လည်လှပြီ ထင်နေလား ဟော့ကောင်၊ မင်း အကြောင်းတွေ ငါ အားလုံးစုံစမ်းပြီးပြီ... ဒီတစ်ခါတော့ မင်း ပြေးလို့ မရတော့ဘူး"

သူ ခေါင်းကို အမူးပြေအောင်ခါယမ်းကာ မြေပြင်ကို လက်ထောက်ကာ မနည်းအားယူ ထိုင်လိုက်ရင်း သူ့ကို ဦးတည်ပြောနေသူအား

"ခင်ဗျားတို့ ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့်...

"ခင်ဗျားတို့ ဘယ်သူတွေလဲတဲ့... ဟား ဟား ဟား ဟား..."

ခွက်ထိုးခွက်လှန် ရယ်မောနေကြတဲ့ ဒီပုဂ္ဂိုလ်တွေကို သူ စိတ်မရှည်တာကြောင့် မတ်တတ်ထရပ်ကာ...

"အရွယ်ရောက်ပေမယ့် သွားမပေါက်သေးလို့ ခင်ဗျားတို့ ရယ်ပြနေတာလား"

ရှေ့ဆုံးကပုဂ္ဂိုလ်က မျက်နှာ တည်သွားသည်။ နောက်က ဗလတောင့်တောင့် နှစ်ယောက်ကို မြင်တော့ သူ့ဦးနှောက်တွေ ပွင့်လင်းလာပါတယ်။ သူ ပုဂ္ဂိုလ်တွေကို တစ်ယောက်ချင်းစီ ကြည့်ပြီး

"ဪ...ဟိုတစ်ခါ ကျွန်တော့်ကို ဆရာ ဆရာခေါ်နေတဲ့ တပည့်တွေပဲ၊ ကဲဆို...ဘာကိစ္စလဲ"

"အော...ကိစ္စက မင်းကို လက်သီးနဲ့ လာကန်တော့တာ"

"ဗုန်း..."

ရှေ့ကလူစကားမဆုံးခင် လက်က အရင်ရောက်နှင့်သည်။ သူ့အပေါ် ကျလာတဲ့လက်သီးတွေ၊ လက်ဖျံတွေ နာကျင်ခံစားရမယ့် ရိုက်ချက်တွေ ဂရုမပြုမိအား။ အရက်ကြောင့် သွေးပူနေတာလည်း ဖြစ်မှာပါ။

"ဟာ...ရန်ဖြစ်နေကြတယ်ဟေ့"

"ဟေ့ကောင်တွေ တော်တော့"

ဆွဲသံတွေ၊ တားဆီးသံတွေနဲ့ လူတချို့က လာဆွဲဖျန်ဖြေသည်။ အဲဒီအချိန်မှာ သူတို့ကံဆိုးချင်တော့ ပတ္တရောင်ကင်းလှည့် ရဲတွေနဲ့ သွားတွေ့ကာ အားလုံး ရဲစခန်းရောက်သွားကြတယ်။

❦ ❦ ❦

ရဲစခန်းထဲမှအထွက် ဖေဖေက ဒေါသတကြီးနဲ့ ကားဆီသို့ သွားသည်။ သူ လေးတိလေးကန်နဲ့ လျှောက်လာခဲ့သည်။





"နင့်အတွက် ငါသေချင်တယ် သားငယ်၊ ရဲစခန်းတောင် ရောက်ရအောင် နင် တော်တော်ပျက်စီးနေပါလား"

မေမေက သူ့ကို တဖျစ်တောက်တောက် ဆူနေသည်။

"နင့်အဖေ တော်တော် ဒေါသထွက်နေတာနော်၊ ဒီက သမီးငယ်သာ မဖျောင်းဖျရင် နင့်အဖေ နင့်ကို အချုပ်ထဲမှာ မှတ်လောက်သားလောက် ပစ်ထားမလို့၊ သမီးလေးကိုလည်း အန်တီ ကျေးဇူးတင်ပါတယ်"

မေမေဖင်က မေမေ့ကို ရပါတယ်အန်တီလို့ ပြန်ပြောသည်။

"သမီးလဲ သွားရင်းလာရင်း ရန်ဖြစ်နေတယ်ဆိုတာ ကြည့်လိုက်တော့ ကိုညီဖြစ်နေတယ်လေ၊ အဲဒါနဲ့ မမချိုဆီ ဖုန်းဆက်တော့ ဖုန်းကမအားဘူး။ နောက်တော့ မထူးပါဘူးဆိုပြီး ကိုညီကို လိပ်စာမေးပြီး အန်တီတို့ဆီ ရောက်လာတာ"

"ကျေးဇူးသိပ်တင်ပါတယ် သမီးရယ်၊ ဒီကောင်က ဒီရက်ပိုင်းအတွင်း ဘာဖြစ်နေမှန်းကို မသိဘူး"

မေမေ့စကားကြောင့် မေမေဖင်က အဓိပ္ပာယ်ပါပါကြည့်တော့ သူ ရှက်မိသည်။

"ကျွန်မပြောထားတာ မှတ်မိပါတယ်နော် ကိုညီ၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် ဆိုတာလေ"

မေမေဖင့်စကားကို မေမေက နားမလည်သလို ကြည့်သည်။ သူ မေမေ့ရှေ့မှာ အပြစ်ရှိသူတစ်ယောက်လို ခေါင်းညိတ်ဝန်ခံမိသည်။

"ကျွန်မက ကိုညီထက် အများကြီး အသက်ငယ်ပါတယ်၊ အိမ်မှာဆိုလဲ မောင်နှမ နှစ်ယောက်ပဲရှိတာ၊ မောင်လေးက ငယ်တော့ ကျွန်မပဲ အိမ်ကိစ္စတွေ စီမံရတာ၊ ကိုညီလို လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း စာသင်ရတဲ့ ဘဝမဟုတ်ဘူး"

မေမေက သူမစကားကို စိတ်ဝင်စားပုံနဲ့

"သမီးမိဘတွေက ဘာလုပ်လဲ"

မေမေဖင်က ပြုံး၍ မေမေ့ကို...

www.burmeseclassic.com



"မေမေကတော့ မရှိတော့ပါဘူးအန်တီ၊ သမီးတို့ ငယ်ငယ်ကတည်းက ဆုံးသွားတာ၊ ဖေဖေက အစက မူလတန်း ကျောင်းအုပ် ဆရာကြီး တစ်ယောက်ပေါ့၊ အခုတော့ ပင်စင်ယူလိုက်ပါပြီ"

"ဪ… ဪ… သူများသားသမီးတွေများကြည့် သားငယ် နှင့်လိုမဟုတ်ဘူး"

သူမဆီက စကားတွေကြောင့် အေးအေးချမ်းချမ်း နေတတ်ပြီး ထုံထုံအအ ပုံစံရှိတဲ့ ကောင်မလေးဟာ အရွယ်နဲ့မမျှအောင် ရင့်ကျက် တည်ငြိမ်တဲ့ ကောင်မလေးမှန်း အကဲခတ်ရတယ်။

"ကိုညီကို ယမီးအစ်ကိုရင်း တစ်ယောက်လိုခင်တာ၊ မမချိုကိုလဲ အစ်မရင်းတစ်ယောက်လိုလည်း ချစ်တယ်၊ အဲဒီအတွက် ကျွန်မပြောလိုက်တဲ့ စကားတွေဟာ အစ်ကိုတစ်ယောက်ကို ညီမတစ်ယောက်က ကောင်းစေ ချင်တဲ့ ဆန္ဒနဲ့ ပြောတာပါလို့ မှတ်ယူစေချင်တယ်နော် ကိုညီ"

သူ ခေါင်းညိတ်လိုက်ပါတယ်။

"နောင်လည်း အန်တီတို့အိမ်ကို ရင်းနှီးတဲ့ ဆွေရင်းမျိုးရင်းလို ဝင်ပါ ထွက်ပါ သမီးရယ်နော်"

မေမေဖင်က ပြုံး၍…

"ဟုတ်ကဲ့…သမီးလဲ မောင်လေး ကျူရှင်သွားကြို့ဦးမယ် အန်တီ၊ ခွင့်ပြုပါဦး"

မေမေ့ကို နှုတ်ဆက်ကာ ကားထဲမှာ သူတို့တွေကို စောင့်နေတဲ့ ဖေဖေ့ကိုပါ သူမက နှုတ်ဆက်တော့…

"အန်ကယ် တစ်ခါတည်း ဝင်ပို့ပေးမယ်လေ သမီး"

"ရတယ်အန်ကယ်… သမီးက ရှေ့တစ်လမ်းကျော်ဆို ရောက်ပြီ"

"အေး…အေး… ကျေးဇူးပဲသမီးရယ်နော်၊ အန်ကယ်တို့ သွားဦးမယ်"

သူတို့ ကားထဲဝင်ထိုင်တော့ ဖေဖေက ကားကိုမောင်းထွက်သည်။ သူမက သူ့ကို ပြုံး၍ ခေါင်းဆတ်ညိတ်ပြကာ နှုတ်ဆက်သည်။





"အဲဒါ မမချိုနဲ့ ဘာဆိုင်လို့လဲ မေဖင်ရယ်"

မေဖင်နဲ့ ချိုပိုက ခုံတန်းလျားမှာ ဝင်ထိုင်ရင်း ဖြတ်သွားဖြတ်လာ ကျောင်းသားအချို့ကို ကြည့်သည်။ ကိုမင်းခန့်ကတော့ ဒီနေ့ နောက်ကျမယ် လို့တော့ ပြောသည်။

"မေဖင် ပြောတဲ့စကားတွေမှာ ကိုမင်းခန့်အတွက်လည်း မဟုတ်ဘူး ကိုညီအတွက်လည်း မဟုတ်ဘူး၊ မမချို အတွက်ပါ"

ချိုပိုက မျက်ခုံးနှစ်ဖက်ကို အတွန့်ကွေးရင်း…

"မမချိုအတွက်"

"ဟုတ်တယ်၊ မမချိုရင်ထဲက ကိုယ့်ကိုယ်ကို ညာလိုက်တာဟာ လူနှစ်ယောက်ကို ညာလိုက်တာနဲ့ မတူဘူးလား၊ မမချို… အဲဒီ အကျိုး သက်ရောက်မှုက ကိုညီနဲ့ ကိုမင်းခန့်အတွက်ပါ မကောင်းဘူး၊ ကိုညီက မမချိုကို နားမလည်နိုင်အောင် ဖြစ်နေတယ်"

"ဒါ အကြောင်းပြချက်ပါ မေဖင်ရယ်၊ သူ့ရဲ့ လေလွင့်မှုကို မမချို ကြောင့်လို့ ခေါင်းစဉ်တပ်တာပါကွာ"

"ကိုညီရဲ့စိတ်ကို မေဖင်တို့ထက် မမချိုက ပိုသိမှာပါ၊ ကိုညီက မမချိုကို ငယ်ငယ်ကတည်းက ဘယ်လောက် တွယ်တာခဲ့တယ်ဆိုတာလေး မမချို ပြောဖူးပါတယ်၊ ငယ်ငယ်က မမချို နေမကောင်းလို့ သူပါ ပြတင်း ပေါက်နားမှာ မိုးရေတွေစိုရွှဲပြီး ကျောင်းမတက်ဘဲ ရပ်နေတယ်ဆိုတာလေ"

ချိုပို ခေါင်းငုံ့သွားသည်။ မေဖင်ရဲ့စကားက အစွမ်းထက်လှသည်။

"အမှန်အတိုင်းပြောရရင် သိတတ်စကတည်းက မမချို သူ့အပေါ် သံယောဇဉ်တွယ်မိတယ်"

"တကယ်ပြောတာလား မမချို"

ဝမ်းသာအားရနဲ့ မေဖင်အမေးကို ချိုပိုက မျက်ရည်ကြည်စို့နေတဲ့ မျက်ဝန်းနဲ့ အားယူကာပြုံးရင်း ခေါင်းညိတ်သည်။

"ဒါနဲ့များ တစ်ယောက်ကို တစ်ယောက် ဘာလို့ ဟန်ဆောင်နေရ တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တို့က မိန်းမသားပါ မေဇင်ရယ်... ရင်ထဲရှိတဲ့အတိုင်း ဖွင့်ပြောဖို့ဆိုတာ ကမ္ဘာဦးကတည်းက တားမြစ်ခံထားရတဲ့ စည်းမျဉ်းတစ်ခုနဲ့လေ၊ သူပြောလာမယ့်အချိန်ကို မမချို စောင့်နေရုံကလွဲပြီး ဘာတတ်နိုင်မှာလဲ၊ မမချိုနဲ့ သူကြားမှာ စာချုပ်ကိစ္စသာ ဝင်မလာရင် ဒီလောက် သူအပေါ် အမျက်ထွက်မှာမဟုတ်ဘူး။ အဲဒီပြဿနာတုန်းက မမချိုအစား ဒီပြင်တစ်ယောက်ကို ရွေးချယ်လိုက်မယ်၊ သူ့နှလုံးသားက မမအတွက် သံပတ်ရပ်နေတယ်တဲ့၊ ဒီစကားဟာ ကိုယ်ချစ်တဲ့သူဆီက ကြားရတော့ မမ တော်တော် သူ့အပေါ် စိတ်နာသွားပြီး ကိုမင်းခန့်ကို အဖြေပေးတဲ့အထိ ဖြစ်လာတာ၊ အခုမှတော့ ဘာမှ လုပ်လို့မရတော့ပါဘူး မေဇင်ရယ်၊ နောက်တစ်ခုက..."

"ချို...စောင့်နေတာကြာပြီလား"

ကိုမင်းခန့်ရဲ့ အသံကြောင့် ချိုပိုစကားသံဟာ ရပ်တန့်သွားတယ်။ ကိုမင်းခန့်က သူ့မကိုပါ...

"ဒီကောင်မလေးက ကန့်လန့်ကန့်လန့်နဲ့ ဘာဝင်ရှုပ်ဦးမလို့လဲ၊ အတန်းသွားတက်မယ့်ဟာ သွားတက်လေ".

"အံမယ်...မမချို ပျင်းနေမှာစိုးလို့ ဝိုင်းကူ စောင့်ပေးရသေးတယ်၊ နောက်ဆို ဝိုင်းကူမစောင့်ပေးတော့ဘူး။ တော်ပြီ... အခန်းထဲပဲ သွားတော့မယ်"

ဆောင့်ဆောင့် အောင့်အောင့်နဲ့ ထွက်သွားသော မေဇင်ကို ကိုမင်းခန့်က ပြုံးကြည့်ရင်း ချိုပိုဘေးမှာ ဝင်ထိုင်ကာ

"မိဇင်က တကယ် စလို့နောက်လို့ကောင်းတဲ့ ကလေးမပဲ"

ချိုပိုက "ဟုတ်တယ်"လို့ မိဇင်ထွက်သွားရာကိုကြည့်ရင်း ပြောပါတယ်။

"ကိုယ်တို့လဲ အတန်းတက်ဖို့ သွားကြမယ်လေ"

နှစ်ယောက်သား ပြိုင်တူ ထလိုက်ကြပါတယ်။





"မေဇင်တောင် မမချိုနဲ့ မဟေမာန်ကို အဲဒီအချိန်လောက်တုန်းက ပလာဇာမှာ တွေ့လိုက်ပါသေးတယ်"

"တော်ပါတော့ မေဇင်ရယ်၊ ကိုယ် သူ့အကြောင်း မကြားချင်တော့ဘူး၊ ကိုယ် အခက်အခဲဖြစ်တဲ့အချိန်မှာ သူ့ကို သတိရမိတာ ကိုယ့်အမှား၊ ရူပက သူ့အမျိုးတွေရှိတဲ့ မန္တလေးကို သွားနေတယ်၊ မောင်ကြည်ကို ဖုန်းနဲ့ခေါ်ဖို့က မဖြစ်နိုင်ဘူး၊ အဲဒါကြောင့် ကိုယ်သူ့ကို အားကိုးတကြီး ခေါ်မိတာပါ၊ ကလေးက သူ့ဘာသာ သူ ကိုယ့်ကားရှေ့မှာ ချော်လဲသွားတာ မသိရင်တော့ ကိုယ့်ကားနဲ့ တိုက်မိသလိုဖြစ်တာပေါ့၊ ကလေးကို ဆေးရုံပို့ဖို့ ကလေးကို ဆေးဖိုးဝါးခပေးဖို့ ကိုယ်သာအိမ်ကိုဖုန်းဆက် ငွေလှမ်းတောင်းရင် ပထမ အချုပ်ခန်းပြဿနာက ပူပူနွေးနွေး ရှိနေသေးတော့ ဖေဖေက မကြည်လင်မှာစိုးတာရယ်၊ အဆူပူခံရမှာရယ်ကြောင့် ကိုယ် ချိုပိုကို လှမ်းပြီး အကူအညီတောင်းမိတာ၊ ငယ်သူငယ်ချင်း သံယောဇဉ်ကိုမှ မထောက် သူ ပြောရက်တာ"

မေဇင်က သူ့ကို တွေတွေဝေဝေ ကြည့်နေသည်။

"သူ မအားဖူးတဲ့၊ ကိုမင်းခန့်တို့ မိဘအိမ်မှာ ထမင်းစားဖိတ်လို့ သွားရမယ်တဲ့၊ နင့်ကိစ္စ နင်ရှင်းတတ်မှာပါ၊ နင့်ဆီလာရင် ကိုမင်းခန့် ကြားသွားလည်း မကောင်းဘူးတဲ့လေ၊ နင်က ငါ့ကို ချစ်တတ်တာမှ မဟုတ်တာ၊ အကူအညီတောင်းဖို့ သက်သက်မဟုတ်လားတဲ့၊ ဒီထက်ပို ဒုက္ခမပေးရင် ကောင်းမယ်တဲ့"

"ဟုတ်ရဲ့လား ကိုညီရယ်၊ မမချို အဲလောက်..."

သူ လက်ကာတားမိသည်။ သူ့မအပေါ်ထားတဲ့ သံယောဇဉ်တွေကိုလည်း အမြန်ဆုံး ဖယ်ရှားပစ်နိုင်အောင် သူ့လေ့ကျင့်ရတော့မှာပေါ့။

"ကို ဒီအကြောင်းတွေကိုရော၊ သူနဲ့ပတ်သက်တဲ့ အချစ်ဆိုတာကိုရော ဒီမှာတင် ရပ်ရတော့မယ်ဆိုတာ ကိုယ် သဘောပေါက်သွားပြီ မေဇင် ကဲကဲ...တော်ပြီ၊ မေဇင်ညီမလေး၊ မေမေ ကိုယ်တို့ကို ကြိုဆံချက်ကျွေးဖို့ ပြင်ဆင်နေတယ်၊ သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ထားပေမယ့် ကိုညီရင်ထဲမှာ ဘယ်လောက် စိတ်ထိခိုက်မယ်ဆိုတာ သူမ နားလည်သည်။ မမချိုကိုလည်း အပြစ်မပြောချင်တော့။

ပွေလီရှုပ်ထွေးတဲ့ အချစ်နဲ့ပတ်သက်တဲ့ ဝက်ပါထဲမှာ သူမပါရောယောင် ပိတ်မိနေရပြီ။ အဲလောက်ပြင်းတဲ့အဆိပ်တွေ ကိုညီဆီမှာ... မမချိုနှလုံးသားမှာ... နောက်...

"မဟေမာန်အသံက ကောင်းတယ်နော် မမချို"

ရှုပက စားစရာတွေကို စားပွဲပေါ်ချရင်း မောင်ကြည့် ဘေးမှာဝင်ထိုင်လိုက်သည်။

"ဟ... ကောင်းတာပေါ့... ချောစုခင်ဆို ချောစုခင်နဲ့ တစ်ထေရာတည်း။ တင်ဇာမော်တို့ သျှိတို့ဆိုရင်လဲ တစ်ပုံစံတည်းပဲ၊ ကောင်မလေးကတော်ရှာပါတယ်"

"အံမယ်...နင့်လို သီချင်းတစ်ပုဒ်လုံးကို စာသားကြည့် ဆိုတာတောင်မှားတဲ့သူက ငါ့ကို ဝေဖန်နေရသေးတယ်"

ကာရာအိုကေစက်ကို ပိတ်ရင်း မဟေမာန်က သူတို့စားပွဲ ဝိုင်းသို့ကူးလာသည်။

"ဟဲ့...ဟိုကောင်ရော...အိမ်ရှင်က ပျောက်နေပါလား"

ဟေမာန် အမေးကို မောင်ကြည့်က...

"ကိုယ်တော်က ရေချိုးနေတယ်၊ ဟော...ဟိုမှာထွက်လာပါပြီ"

ကိုညီက ရေစိုစဆံပင်ကို သုတ်ရင်း သူတို့ဆီလျှောက်လာ၏။

"ဩော်...ဟိုဟာမလေးရော ပါလာပါလား။ လူစုံပဲဟေ့"

"ကိုညီ၊ အိမ်မှာ အန်တီတို့ မတွေ့ပါလား"

မျက်နှာသုတ်ပဝါကို ပခုံးမှာချိတ်ရင်း ကိုညီက စားပွဲပေါ်က မုန့်တစ်ချပ်ကို ကောက်ဝါးသည်။





"မေမေတို့ မရှိကြဘူး မေဇင်ရဲ့၊ ဖေဖေတို့ အမျိုးတစ်ယောက်နယ်မှာဆုံးလို့ သွားကြတယ်၊ အိမ်မှာ ကိုယ်တစ်ယောက်တည်း၊ ဩော်... ချိုပို၊ နင် ငြိမ်လှချည်လား။ ဘာလဲ...ကိုမင်းခန့်နဲ့ ချိန်းထားတာရှိလို့လား ရှိရင်သွားလေ၊ ငါတို့ကို အားမနာပါနဲ့"

"မရှိပါဘူး"

မေဇင်က သူတို့နှစ်ယောက်ကို အကဲခတ်သလို ကြည့်သည်။

"အားမနာပါနဲ့ ချိုပိုရယ်၊ သူငယ်ချင်းဆိုတာ သူငယ်ချင်း အဆင့်ပဲကောင်းပါတယ်"

သူ့စကားကြောင့် ချိုပိုက နားမလည်။

"နင် ဘာပြောချင်တာလဲညီ၊ ငါ့ကို ဝေ့လည်ကြောင်ပတ် မလုပ်နဲ့ ရှင်းရှင်းပြော"

သူတို့နှစ်ယောက်ရဲ့ ပဋိပက္ခ မစခင် ဟေမာန်က ဝင်၍-

"ကဲကဲ...ပြဿနာဖြစ်ဦးမယ်၊ ဟင်းရည်တွေ မအေးခင် သွားစားကြရအောင်"

ပြဿနာဖြစ်ခွင့်ကို ဟေမာန်က ငြိမ်းသတ်နိုင်သည်။ ထမင်းစားခန်းထဲကို သူတို့ကို ဟေမာန်က ဦးဆောင်ခေါ်သွားပြီး အသင့်ပြင်ဆင်ထားသောအစားအသောက်တွေကို စားပွဲပေါ် ချပေးသည်။ စားရင်းသောက်ရင်းနဲ့ ရှုပက ညီကို ဦးတည်ပြီး...

"ဟေ့ကောင်... ရေခဲသေတ္တာထဲမှာ မင်းအဘိုးကြီး ဘီယာပုလင်းတွေ ငါတွေ့ထားပြီးပြီ၊ ညနေကျရင် ဝိုင်းပြီးဖြိုရအောင်ကွာ"

"နင်ဟာလေ မကောင်းတာလုပ်ဖို့ပဲ ချောင်းနေတယ် ရှုပ၊ နင်က မီးမီးနဲ့ပဲကိုက်တယ်၊ ဟိုက ခပ်စွာစွာနဲ့၊ သူ မအားလို့နော်၊ အားများအားလို့ကတော့ နင့်နားရွက် ပြတ်ပြီသာမှတ်"

မီးမီးဆိုတဲ့ အသံကြောင့် ရှုပ မျက်နှာရှုံ့တယ်။

"တော်ပါတော့ဟာ၊ မီးမီးအသံ ကြားရတာနဲ့တင် ကြောက်လှန်းလို့ပါ၊ မီးမီးတောင် မတွေ့ရတာ အတော်ကြာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...သူ့အမေဆိုင်ကို ဝိုင်းကူပေးရသေးတယ်ဟဲ့၊ နင့်လို ကလေးရိုက်နေတာမှ မဟုတ်တာ"

"ဟ...အသလွတ်ကြီး ငါ့ကိုနှိပ်ကွပ်နေပါလား ဟေမာန်၊ နင်နဲ့ငါ ဘာအညှိုးမှ မရှိပါဘူးနော်"

အားလုံးက ရှုပန်း ဟေမာန်ကို ကြည့်ကာ ရယ်ကြသည်။

"မင်းသောက်ချင်ရင် ညနေကျ ဝိုင်းဖွဲ့ကြတာပေါ့၊ မင်းတို့နှစ်ကောင်လုံး ဒီမှာအိပ်ကြပါလား"

"အိပ်လို့တော့မဖြစ်ဘူးကွ၊ ပြန်တာတော့ ပြန်လိုက်မယ်"

မောင်ကြည့် စကားကို ရှုပက

"ငါလည်း အိပ်လို့မဖြစ်ဘူး၊ အပြန် မင်းအိမ် ငါလိုက်ပို့ပါ့မယ်"

"ငယ်ငယ်ရွယ်ရွယ်နဲ့ နင်တို့က တကယ့် အရက်သမားတွေပဲ"

"ဟုတ်ပ... အတတ်ကောင်းတွေ တတ်နေတယ်၊ အန်တီလာမှ တိုင်ပြောရမယ်"

သူမတို့ရဲ့စကားကို ဟိုကောင်တွေက အရေးမစိုက်သလို လုပ်ပြတယ်။

အချိန်တော်တော်ကြာ (ကလေးတွေလို သူတို့အားလုံးဟာ) စားလိုက်၊ ပျင်းရင် ကာရာအိုကေ ဆိုလိုက်၊ ပြီးတော့ တစ်ယောက်ကို တစ်ယောက် နောင်ပြောင် ကျီစယ်လိုက်နဲ့ အချိန်တော်တော်ကြာနေပြီး သူမတို့ နေလယ် နှစ်နာရီလောက်မှာ ပြန်ခဲ့ကြပါသည်။

"မမချိုတို့ သူငယ်ချင်းတွေ အခုလို တစ်ပေါင်း တစ်စည်းတည်း ဆုံတော့လည်း ပျော်ဖို့ကောင်းတယ်နော်၊ ကြားထဲက ဘေးလူဖြစ်တဲ့ မေဇင်တောင် ရောယောင်ပျော်မိတယ်၊ သိလား မမချို"

ချိုပိုက ကားကို ကျင်လည်စွာမောင်းရင်း ရှေ့ကိုသာ အာရုံစိုက် ကြည့်နေသည်။





"မေဇင်ဘာသာပြန်လည်း ရပါတယ်၊ မဟေမာန်ကို အရင်ပြန်ပို့ပြီး မေဇင့်ကိုပြန်ပို့တာ အကြောင်းရှိလို့လား မမချို"

ချိုပိုက...

"ရပါတယ် မေဇင်ရယ်၊ မမချိုလည်း အညောင်းပြေ အညာပြေ ကားလျှောက်မောင်းချင်တာနဲ့ အတော်ပဲ၊ အရေးကြီးတယ်ဆိုတာ ဘာကိစ္စများလဲ မေဇင်"

"အမှန်တော့ မမချိုကို မေဇင်ပြောပြချင်တာ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတည်းကပါ၊ အကြောင်းကိစ္စ မလုံလောက်သေးတာရယ်၊ အဖြေထုတ်စရာ မေးခွန်းရဲ့အဖြေကို ရှာမတွေ့သေးတာရယ်ကြောင့် အခုမှ ပြောဖြစ်တာ"

"ဘယ်လို...မေဇင်၊ မမချို နားမရှင်းဘူး"

ချိုပို ကားမောင်းရင်း တစ်ချက်ငဲ့ကြည့်ရင်း ပြောသည်။

မေဇင့်ပုံစံက တစ်စုံတစ်ခုကို အသေအလဲ စဉ်းစားနေပုံရပါတယ်။

"အေးအေးဆေးဆေး စကားပြောလို့ရမယ့် နေရာမှာ ခဏလောက် ရပ်ပေးပါလား မမချို"

ချိုပိုက ခေါင်းညိတ်ရင်း ခပ်အုပ်အုပ် သစ်ပင်တစ်ပင်ရဲ့ အရိပ်အောက်မှာ ကားကိုထိုးရပ်သည်။

စက္ကန့်အတော်များများ ကုန်လွန်သည်အထိ နှစ်ယောက်သား စကားသံတွေ ပျောက်ဆုံးရင်း တိတ်ဆိတ် ငြိမ်သက်နေမိ၏။

ကူရှင်ကို သက်သောင့်သက်သာမှီချရင်း မေဇင်က ပြောပါသည်။

"လွန်ခဲ့တဲ့ နှစ်ရက်လောက်က မေဇင်ဆီ အမျိုးသမီးတစ်ယောက် ဖုန်းဆက်တယ် မမချို၊ ဖုန်းထဲမှာ အဲဒီအမျိုးသမီး အသံက ခံစားချက်တွေနဲ့ တော်တော်ပူလောင်နေပုံရတယ်၊ ညီဆိုတဲ့ ပုဂ္ဂိုလ်နဲ့ ကင်းကင်းရှင်းရှင်း နေပေးပါတဲ့၊ ညီနဲ့ သူနဲ့က ချစ်သူဖြစ်စရာမလိုတဲ့ ချစ်သူတွေတဲ့၊ မေဇင်နဲ့ မျက်နှာချင်းဆိုင် ပြောတဲ့အခါ မေဇင့်ကို ဒီစကားတွေ ပြောနိုင်ကြမှာမဟုတ်လို့ အခုလို ဖုန်းထဲက တစ်ဆင့်ပြောရတာတဲ့"

www.burmeseclassic.com



မေဖင်စကားကို ချိုပိုက ပါးစပ်အဟောင်းသားနဲ့ အံ့အားသင့်ရင်း မခံမရပ် ဖြစ်နေပုံရတယ်။

"တော်တော်ဆိုးတဲ့ မိန်းကလေးပါလား မေဖင်၊ သူက ဘယ်သူလဲ၊ ညီ့အရင်ရည်းစား သန္တာလား"

မေဖင်က ချိုပိုကို ခေါင်းခါပြသည်။

"ဒါဆို မျိုးမမ ဖြစ်ရမယ်"

"မဟုတ်ဘူး မမချိုပို၊ သူက…"

ချိုပိုက မေဖင့်စကားကို အရမ်းသိချင်နေပုံရတယ်။

"ဒါဆို ဘယ်သူလဲ"

ကားမှန်ကို ဖောက်ထွင်းကြည့်ရှုရင်း အဝေးဆီကို မေဖင် ငေးမောကာ ပြောလာသည်။

"သူ့နာမည်က ပိုပိုလွင်ချိုတဲ့ မမချို"

"အို…"

သူမ ပြောလိုက်တဲ့စကားဟာ မမချိုအတွက် အငိုက်မိ မှင်သက်သွားစေတယ်နဲ့တူပါရဲ့။ မယုံကြည်နိုင်ပုံရတဲ့ မျက်လုံးတွေနဲ့ သူမကို ကြည့်နေရင်းပေါ့။

သူမ သက်ပြင်းချမိသည်။

"ဒါပေမယ့်…ကျွန်မ အဲဒီအချိန်ကတည်းက မမချို မဟုတ်မှန်း သိနေတယ်လေ၊ မမချိုရဲ့ အသံနဲ့တူအောင် ဘယ်လောက်ပဲ ပြောပြော ကျွန်မ ယုံကြည်လို့လည်း မရဘူး၊ အဲဒါဘာဖြစ်လို့လဲ သိလား…"

အိပ်မက်က လန့်နိုးသူတစ်ယောက်လို သူမကို ကြည့်ရင်း မမချိုက ခေါင်းခါနေ၏။

"ဖုန်းထဲက ကြားနေရတဲ့ အသံဟာ လိမ်ညာမှု သက်သက်တွေ၊ ဟန်ဆောင်ခြင်း မာယာတွေ ပေါင်းစပ်ပြီး အသံလှိုင်းထဲက တစ်ဆင့် ကျွန်မနားထဲကို ထိတွေ့နေသလို ခံစားရမိတယ်၊

နောက်တစ်ခုက…"





သူမ စကားရပ်သွားတော့ မမချိုက အလောတကြီးနဲ့ သူမ စကား အစကို ငံ့လင့်နေပုံရ၏။

"နောက်တစ်ခုက ဖုန်းဆက်တဲ့ မမချိုဆိုတဲ့ မိန်းကလေး တစ်ချက်ကလေး သတိလက်လွတ်ဖြစ်သွားတယ်၊ အဲဒါ ဘာလဲဆိုတော့ မမချိုဆီက ကျွန်မသိထားတဲ့ အချက်တစ်ချက်ရှိတယ်၊ အဲဒီကိစ္စက ကိုညီကိုယ်တိုင် မသိဘူးလေ"

စာချုပ်ကို သံဘူးထဲထည့်ပြီး မြှုပ်ထားတဲ့ နောက်တစ်နေ့မှာ မမချို သစ်ပင်ပေါက်လေး သွားစိုက်တယ် ဆိုတာလေး ကျွန်မက မသိချင်ယောင်ဆောင်ပြီး နောက်တစ်နေ့ မမချို အဲဒီမှာဘာသွားလုပ်တာလဲ မေးမိတော့ ဖုန်းဆက်တဲ့မမချိုက အလွမ်းပြေသွားတာလို့ ဖြေတယ်"

သူမရဲ့ စကားမဆုံးသေးခင်မှာ မမချို မှင်သက် ငိုင်တွေသွားရင်း လေးလေးပင်ပင် ပြောလာပါတယ်။

"သူက အဲဒီလောက်တောင် တို့ကို ဒုက္ခပေးချင်နေတာကိုး"

"သူ့ကို မမချို သိတယ်"

"သိပ်သိတာပေါ့ မေဖင်ရယ်၊ သိနေတာလည်း ကြာပါပြီ၊ မေဖင် မှတ်မိလား… မမချို ပြောဖူးမှာပါ၊ မျိုးမမနဲ့ညီ မမချိုကြောင့် ပြဿနာဖြစ်ကြတယ် ဆိုတာလေ"

"သိတယ်လေ မမချို၊ မမချိုက ကိုညီ မကောင်းကြောင်းတွေကို ဖုန်းထဲကတစ်ဆင့် မျိုးမမကို ပြောတယ်ဆိုပြီး ကိုညီနဲ့မမ ပြဿနာဖြစ်ကြတယ် ဆိုတာများလား"

သက်ပြင်းချရင်း မမချိုက ခေါင်းညိတ်သည်။

"မျိုးမမနဲ့ညီ ပြဿနာဖြစ်ကြတဲ့နေ့က မီးမီးဖုန်းဆက်တယ် မေဖင်"

"မမမီး ဆက်တာ"

"ဟုတ်တယ် မေဖင်၊ ဟေမာန်နဲ့သူ မြို့ထဲမှာဆုံကြတုန်း ညီသူငယ်ချင်းတစ်ယောက်နဲ့ တွေ့တယ်၊ မမချိုတို့နဲ့လည်း ခင်တဲ့ သူငယ်ချင်းပေါ့ သူက ညီအတွက် သူ့ဆိုင်လိုင်စာကတ် ပေးလိုက်တယ် ဆိုတာလေ

www.burmeseclassic.com



ညီသူငယ်ချင်းက ဆားပစ်စင်တာတစ်ခု ဖွင့်ထားတာ မေဖင်... အဲဒီလိပ်စာကတ်ကို ဟေမာန်ကယူပြီး သူ့အိတ်ထဲ ထည့်ထားတယ်လေ၊ ဟေမာန်နဲ့ မီးမီးသူငယ်ချင်းနဲ့ တွေ့ပြီးနောက်မှာ အအေးဆိုင်တစ်ဆိုင်ကို ထပ်ဝင်တယ်၊ အအေးဆိုင် ထိုင်နေတုန်း ဟေမာန်က အပေါ့အပါးသွားချင်တာနဲ့ မီးမီးကို ထားပြီး ထွက်သွားတယ်လေ၊ မီးမီးက ဟေမာန်ထွက်သွားပြီးမှ သူ့အိမ်က စက်ပစ္စည်းပြင်ဖို့ သတိရလိုက်တယ်၊ ဟေမာန်လာရင် လိပ်စာတောင်းဖို့ မေ့မှာစိုးတာနဲ့ ဟေမာန်အိတ်ထဲက သူငယ်ချင်းရဲ့ လိပ်စာကတ်ကိုရှာရင်း ဟေမာန် ဒိုင်ယာရီစာအုပ်ကို တွေ့သွားတယ်၊ စာအုပ်ကိုလှန်ပြီး လိပ်စာကတ်ကို ရှာရင်းနဲ့ ဟေမာန်ရေးထားတဲ့ စာတွေကို အမှတ်မထင် တွေ့သွားတယ်"

"ဘာတွေ ရေးထားတာလဲ မမချို"

မမချိုက သူပြောချင်ရာတွေသာ ဆက်ပြောနေ၏။

"အဲဒီစာအုပ်ကို ဟေမာန်မလာခင် ယူထားလိုက်တယ်၊ ဟေမာန်နဲ့ လမ်းခွဲပြီးတော့ အဲဒီစာအုပ်ကို မီးမီးက အသိမိတ္တူဆိုင်မှာ မိတ္တူ ကူးလိုက်တယ်၊ နောက်တစ်နေ့ ဟေမာန် အိမ်မှာ မရှိတဲ့အချိန်ကျမှ ဟေမာန်အိမ် ဟေမာန် ဝင်ခေါ်သလိုလိုနဲ့ သူ့အခန်းထဲက စာအုပ်ပုံတွေကြားထဲမှာ ပြန်ထားလိုက်တယ်၊ ပြီးတော့ မမချိုဆီ ဖုန်းဆက်တာပဲ မေဖင်၊ မီးမီး ဖုန်းဆက်တဲ့ အချိန်မှာ ဟေမာန် မမချို အနားမှာရှိတယ်"

"ဘာတွေ ရေးထားတာလဲ မမချို"

မမချိုအပြုံးက အသက်မဲ့လွန်း၏။ ပြီးတော့ နာကျင်အခံရ ခက်စေတဲ့ အပြုံးမျိုး။

"ဟေမာန်က ညီ့ကို တိတ်တခိုး ချစ်နေတာ မေဖင်"

"ဘာရယ်..."

"ဟုတ်တယ်မေဖင်၊ မမချိုသိသိချင်း မေဖင်လိုပဲ မယုံနိုင်အောင် ဖြစ်မိတယ်၊ ဟေမာန် ဟန်ဆောင်ကောင်းတာလည်း ပါတာပေါ့၊ စာချုပ် ချုပ်ဖြစ်အောင် အဲဒီစာချုပ်က မမချိုနဲ့ ညီကြားမှာ ရှေ့ဆက်မတိုးနိုင် အောင် သူ သွေးအေးအေးနဲ့ ကြံစည်ခဲ့ပုံတွေ၊ နောက် မျိုးမမနဲ့မမချိုကြား





ပဋိပက္ခဖြစ်သလိုနဲ့ ညီကို မျိုးမမနဲ့ ဝေးသွားအောင် ကြိုးစားရပုံတွေ ဒိုင်ယာယီသဘောမျိုး ရေးထားတာ"

သူမ အံ့အားသင့်ရတာ အမှန်ပါပဲ။ မမချိုက စိတ်မသက်သာသလို ဖြစ်နေပုံရတယ်။

"ပထမတော့ ဒီကိစ္စကို ဖြေရှင်းဦးမလို့ပဲ၊ မီးမီးကလည်း သူငယ်ချင်း အချင်းချင်း ဒီလိုလုပ်ဖို့မကောင်းဘူးဆိုပြီး ဟေမာန်နဲ့ စာရင်းရှင်းမယ် လုပ်သေးတယ်၊ နောက်တော့ မမချို မီးမီးကို တားမိတယ်၊ ဟေမာန်အပေါ် မမချို စဖြစ်ကာစတော့ တော်တော် ဒေါသဖြစ်တာတော့အမှန်ပဲ၊ လုပ်ရက် လေခြင်းဆိုပြီး ယူကျုံးမရလည်းဖြစ်မိတယ်၊ နောက်တော့ ညီ့ကိုချစ်တဲ့ စိတ်နဲ့ သူ့ရဲ့ပူပန်မှုတွေကို မမချို နားလည်ပေးသလို ခံစားရမိတယ်လေ၊ အဲဒါနဲ့ မမချို ညီနဲ့ကိစ္စကို ရှောင်လိုက်ရတာပဲ မေဖင်"

"ဒါကြောင့် ကိုမင်းခန့်ကို အကူအညီတောင်းပြီး ရည်းစားအဖြစ် ကိုညီရှေ့မှာ ဟန်ဆောင်ခိုင်းတာပေါ့"

မမချို မျက်ခုံးတွေ မြင့်တက်သွားပါတယ်။

"ဒီကိစ္စကို မေဖင်သိတယ်"

သူမက ပြုံးရင်း...

"သိတာပေါ့ မမချိုရယ်၊ မမချိုတို့ ဟန်ဆောင် ရည်းစားကြီးက ပိုမှမပိပြင်တာ"

မမချိုက ရယ်ပါသည်။

သူမက တွေးဆဆနဲ့...

"ရှေ့ဆက်ပြီး ဟေမာန် ဘယ်လိုစခန်းသွားမယ်ဆိုတာ မမချို စောင့်ကြည့်လိုက်ပါဦး၊ အခုတော့ မမချိုရဲ့ဖုန်း မေဖင့်ကို ခဏလောက်"

"ဘာလုပ်မလို့လဲ မေဖင်"

မေဖင်ကပြုံးရင်း ပေးပါဆိုတဲ့ သဘောနဲ့ မျက်ခုံးပင့်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မပီမသကြားနေရတယ်။ နောက် အဲဒီရိုက်သံဟာ အိပ်မက်မဟုတ်မှန်း ဖဝေဖဝါနဲ့ သိခဲ့ရတယ်။ ခေါင်းထဲမှာ ကိုက်ခဲနေတဲ့ ဝေဒနာကို မခံနိုင်အောင် ခံစားနေရရင်း ညက ဘီယာတင်မက အရက်ပြင်းပါ သူသောက်မိတာ ပြန်သတိရမိ၏။ ဟိုကောင်တွေ ပြန်သွားတာတောင် သူ မသိတော့။ စဉ်းစားနေရင်းက ရိုက်သံကို ပြန်သတိရမိကာ မျက်လုံးကို ကမန်းကတန်း ဖွင့်ကြည့်မိတော့ သူ့အိပ်ရာဘေးမှာ ဟေမာန်က အဝတ်တွေ ဖရိုဖရဲနဲ့ တစ်ဖက်လှည့် ငိုရှိုက်နေတာ တွေ့ရသည်။

"ဟာ...ဟေမာန်"

မှားပြီဆိုတဲ့အသိနဲ့ သူ့ရင်ကို ဆောင့်တက်လာတဲ့ နောင်တဆိုးကြီးတွေသည် ရင်ထဲကို အလုအယက် ဝင်လာသည်။

ပြီးတော့ ဗလုံးဗထွေးနဲ့...

"နင်... ဘယ်လိုက ဘယ်လို..."

သူ့သံကြောင့် ဟေမာန်က သူ့ကို မျက်ရည်တွေနဲ့ လှည့်ကြည့်ရင်း ဆံပင်တွေဖရိုဖရဲနဲ့ ခေါင်းငုံ့ကာ ပိုလို့ငိုရှိုက်ပါတော့တယ်။ ရင်ထဲမှာ ပူလောင် လောင်မြိုက်ခြင်းခံစားချက်က ယူကျုံးမရတဲ့စိတ်ကြောင့် ဖြစ်မည် ထင်ပါသည်။

သူ အရာရာကို ဖြေရှင်းဆုံးဖြတ် တာဝန်ယူရတော့မှာပေါ့။ မျက်ဝန်းကို တင်းတင်းမှိတ်ရင်း သူသူငယ်ချင်းရဲ့ ဂုဏ်သိက္ခာအတွက်... ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက် သူ ဆုံးဖြတ်သင့်ပြီ။ ဟေမာန်ဆီက ရှိုက်သံနဲ့ ရောနေတဲ့စကား။

"ငါ ညက နင်တို့ ဘာမှချက်မထားဘူးထင်လို့ ခေါက်ဆွဲကြော်ထုပ်လာပို့ပေးတာ၊ အိမ်ထဲရောက်တော့ ဟိုကောင်တွေ တစ်ယောက်မှမတွေ့ဘူး"

ဟေမာန်က မျက်ရည်တွေ တလိမ့်လိမ့်ကျရင်း ငိုပြန်သည်။ ရှိုက်သံနဲ့ အတူ စကားကိုအားယူကာ သူ့ကို ထပ်ပြောပြန်ပါသည်။

"ငါကလဲ မှားတာပါညီ၊ လူမှန်းမသိအောင် မူးနေတဲ့နင့်ကို အမူးလွန်ပြီး တစ်ခုခုဖြစ်သွားမှာစိုးလို့ တွဲထူပြီး နင့်အိပ်ခန်းကို အပို့မှာ..."





အသံတိုးတိမ် ပျောက်ဆုံးသွားတယ်။ ပြီးတော့ မျက်ရည်တွေ တသွင်သွင် စီးကျလာတော့ သူ မျက်ဝန်းမှိတ် ခေါင်းယမ်းရင်း...

"စိတ်ချပါ ဟေမာန်...ငါတာဝန်ကို ငါယူပါ့မယ်၊ နင်မငိုပါနဲ့တော့"

"နင် တကယ်ပြောတာလား ညီ..."

သူမရဲ့ အားကိုးရာ မျက်ဝန်းတွေကို သူ ကြည့်ရင်း ခေါင်းညိတ်ပြမိသည်။

"သိပ်သရုပ်ဆောင် ကောင်းလွန်းပါလား ဟေမာန်"

အခန်းဝဆီကအသံကြောင့် သူရော ဟေမာန်ပါ ပြိုင်တူ လှည့်ကြည့်မိကြသည်။

"ရှုပ...ဟင်...မီးမီး"

"ဟင်..."

အခန်းတံခါးဝမှာ ဝင်လာတဲ့အရိပ်တွေ (မီးမီး၊ မေမေဖင်) ပြီးတော့ ရှုပနဲ့ မောင်ကြည်။

ဟေမာန်က အဝတ်အစား ကပျာကယာ ပြန်ပြင်ဝတ်ရင်း တစ်ခုခုကို စိုးရိမ်နေပုံရတယ်။

"မင်းတို့ ဘယ်ကနေ ဘယ်လို..."

ရှုပက သူ့စုတင်မှာ ဝင်ထိုင်ချရင်း...

"ငါတို့ ဒီအိမ်ကြီးထဲမှာ ညကတည်းရှိတာ ညီ"

ဟေမာန် ထိတ်လန့်တကြားနဲ့ မတ်တတ် ရပ်မိပုံရတယ်။ မီးမီးကတော့ ပြတင်းပေါက်ဆီကို သွားရင်း အပြင်ကို ငေးမောနေသည်။

"ငါတို့အားလုံး အလိမ်ခံလိုက်ရတာ ညီ"

မီးမီးရဲ့အသံဟာ ဒဏ်ရာခပ်ပြင်းပြင်းနဲ့ ရောစွက်ထားတဲ့ နာကျင်မှုများနဲ့ဟု သူ့စိတ်က ထင်မိသည်။

ဟေမာန်က ခေါင်းငုံ့ မတ်တတ်ရပ်ရင်း ကျောက်ဆစ်ရုပ် အနေအထား

"နောက်ကျောကို ဓားနဲ့ထိုးတာတောင် ရန်သူကို မြင်မတွေ့တဲ့ဒဏ်နဲ့ ငါတို့အားလုံး တိုးခဲ့ရတယ် ညီ"



www.burmeseclassic.com

www.burmeseclassic.com



မီးမီးရဲ့စကားကို သူသဘောမပေါက်။

"နင်တို့ ဘာတွေပြောနေတာလဲ၊ အခုအမှားက ငါ့ကြောင့် ဖြစ်ရတာပါဟာ၊ ငါ့တာဝန် ငါယူရမှာပေါ့"

ရှုပက သူ့ပခုံးကို ပုတ်ရင်း...

"ဟေမာန် မင်းမနိုးခင် နာရီဝက်လောက် အချိန်ကျမှ ဒီအိမ်ထဲကို ဝင်လာတာ ညီ"

သူ မယုံကြည့်စွာနဲ့ ဟေမာန်ကို ကြည့်ရင်း...

"ဟာ...မဖြစ်နိုင်ဘူး၊ အိမ်တံခါးကို သော့ခတ်ထားတာပဲ"

သူ့စကားကြောင့် ဟေမာန် အားတက်သွားပုံရတယ်၊ သူ့ကို အားကိုးတကြီး ကြည့်တယ်၊ ဒါပေမယ့် မေမေဖင့်ဆီက...

"မနေ့က ကျွန်မတို့မပြန်ခင် သော့ကိုလှမ်းယူပြီး မဟေမာန် ရေချိုးခန်းထဲ ဝင်သွားတာ မေဖင် မြင်လိုက်မိတယ်"

ဟေမာန် မျက်နှာပျက်သွား၏။ မေဖင်က ထပ်ပြောပြန်တယ်။

"မဟေမာန်ရဲ့နောက်ကို မေဖင် မသိမသာလိုက်သွားတော့ ဘယ်သူမှ မသိပေမယ့် ရေချိုးခန်းထဲက ဆပ်ပြာတုံးပေါ် သော့ကို နှိပ်လိုက်တာ မေဖင် မြင်လိုက်မိတယ်၊ ကျွန်မ မသင်္ကာဖြစ်မိတဲ့ အကြောင်းတွေရယ်၊ အခုကိစ္စရယ်ကြောင့် ကျွန်မအပြန်မှာ မမချိုကို စကားစမိတယ်၊ အဲဒီက တစ်ဆင့် ကျွန်မ မဟေမာန် အကြောင်းတွေ အကုန်သိခဲ့ရတယ် ကိုညီ"

မောင်ကြည်ကလည်း အခုလိုဝင်ပြောပြန်တယ်။

"မင်းနဲ့မိပို စာချုပ်တစ်ခုနဲ့ အချစ်ဆိုတာ ဖြစ်ပေါ်မလာအောင်၊ မျိုးမမ်နဲ့ မင်းနဲ့ ပြတ်စဲသွားပြီး ချိုပိုကို ခါးစာခံအဖြစ် ထင်မိအောင် လုပ်ခဲ့တဲ့တရားခံ၊ ပြီးတော့လည်း မေမေဖင်နဲ့ မင်းရဲ့ရိုးသားမှုကို တစ်မျိုးထင်ပြီး မေမေဖင်နဲ့ချိုပိုကို ရန်သူအဖြစ် သွေးအေးအေးနဲ့ ကြံစည်တဲ့သူ၊ နောက်ဆုံး မင်းကို အခုလို ချောင်ပိတ်မိတဲ့ တိရစ္ဆာန်တစ်ကောင် ဖြစ်သွားအောင် လုပ်ကြံသူဟာ မင်းရှေ့က မင်းရဲ့သူငယ်ချင်း ဟေမာန်ပဲ"

"မဟုတ်ဘူး...နင်တို့ အသလွတ် ငါ့ကို မစွပ်စွဲကြနဲ့"





အရူးတစ်ယောက်လို ဟစ်အော်ရင်း မျက်ရည်တွေကျ၊ ဒေါသတွေကြီးနေတဲ့ ဟေမာန်ကို သူ ကြောင်ကြည့်နေမိသည်။ ဟုတ်ပါ့မလား။

မီးမီးက သူ့တို့ဘက်လှည့်ပြီး ပြောသည်။

"နင်မလိမ်ပါနဲ့တော့ ဟေမာန်၊ ဒါတွေက ဘာလဲ၊ အကောင်းဆုံးသက်သေ၊ အကောင်းဆုံးဖြေရှင်းချက် မဟုတ်ဘူးလား ဟေမာန်"

မီးမီးက ပစ်ပေးလိုက်တဲ့ မိတ္တူကူးထားတဲ့ စာရွက်တွေ အိပ်ရာခေါင်းပေါ်ကို၊ ကြမ်းပြင်ပေါ်ကို၊ သူ့ရှေ့ကို ပြန့်ကျဲလွင့်ကျလာပါ၏။ လက်ပေါ်ကို အလိုက်သင့်ကျလာတဲ့ စာရွက်တစ်ရွက်ကို ယူဖတ်ကြည့်တော့ သူ့ရင်းနှီးနေတဲ့ ဟေမာန်ရဲ့ လက်ရေးအစစ်မှ အစစ်ပါ။

(...ရင်ထဲက တိတ်တဆိတ် ချစ်နေတဲ့ ချစ်ခြင်းမေတ္တာ ဆိုတာ ရေခိုးရေငွေ့လိုပဲညီရယ်၊ မိုးစက်အဖြစ် ချက်ချင်းဖြစ်တည် ခွင့်မရှိပါဘူးနော်၊ အငွေ့ပျံပြီး ကောင်းကင် တိမ်တိုက်အဖြစ် မိုးစက်ဖြစ်လာအောင် အချိန်စောင့်ရတယ်၊ ညီ... ငါ့ရင်ထဲက အချစ်တွေ ညရောက်မှ အိပ်မက်အဖြစ် မက်ခွင့်ရတာပါဟာ၊ အဲဒီအိပ်မက်ထဲမှာပဲ အချစ်ဆိုတာကို ပွင့်ပွင့်လင်းလင်း ပြောခွင့်ရခဲ့တယ်၊ နင်သိရဲ့လားဟင် ညီ...)

သူအလန့်တကြား ဟေမာန်ကို မော့ကြည့်သည်။ ဟေမာန် မျက်ဝန်းတွေဟာ ကြေကွဲ သွေးပျက်နေပါ၏။ သူ နောက်ထပ် စာရွက်တစ်ရွက်ကို ကောက်ယူကြည့်မိပြန်သည်။

(စာချုပ်ဆိုတဲ့ စကားတစ်ခွန်း ကြားတိုင်း ညီ့စိတ်ထဲမှာ အဆိပ်ခတ်ခံထားရသလို ဖြစ်ဖြစ်သွားတာ သိနေတော့ ကြံစည်ရတာ လွယ်လိုက်တာ...)

နောက်ထပ် စာရွက်တစ်ရွက် ကောက်ယူကြည့်ပြန်သည်။

(ညီကို မသိချင်ယောင်ဆောင် တစ်ပတ်ရိုက်ပြီး ချိုပို ဖုန်းဆက်တာတွေ့တယ် ပြောလိုက်တော့ ညီမျက်နှာ ပျက်ယွင်းသွားတာ ချိုပို မြင်စေချင်တယ်၊ ခွင့်လွှတ်ပါ ချိုပိုရယ်... အချစ်ဆိုတာ သူငယ်ချင်း အချင်းချင်းလည်း ရန်သူဖြစ်သွားရပြီ ထင်ပါရဲ့ဟယ်...)

www.burmeseclassic.com



သူ စာရွက်တွေကို ဆုပ်ကိုင် လုံးချေမိရင်း မတ်တတ်ရပ်မိသည်။ ဟေမာန်ဆီက ငိုသံအစစ်ကို သူကြားရပြီလေ။

အခန်းထဲက တိတ်ဆိတ်မှုဟာ ချောက်ချားစရာပါပဲ။

"အခုကိစ္စဟာ ခွင့်လွှတ်ဖို့မကောင်းမှန်း ငါသိပေမယ့် ငါ နင့်ကို ခွင့်လွှတ်ပေးလိုက်မယ် ဟေမာန်၊ ဒါ...သူငယ်ချင်း တစ်ယောက်အတွက် နောက်ဆုံးအခွင့်အရေးတစ်ခု ပေးလိုက် တာပဲ"

သူ့စကားကြောင့် အားလုံးက သူ့ကိုလှမ်းကြည့်ကြသည်။

"ဒါပေမယ့် ငါတို့အုပ်စုထဲက ငါတို့မနှင်ဘဲ နင့်ဘာသာ အလိုက်တသိ ထွက်သွားပါတော့ဟာ၊ ငါတို့ နင့်ကို မနှင်ချင်ဘူး ဟေမာန်"

ဟေမာန်က သူ့ကို အသနားခံကာ မျက်ရည်တွေဝေနေတဲ့ မျက်ဝန်းနဲ့ ကြည့်ပေမယ့် သူ မမြင်သလိုနေလိုက်သည်။

"နောက်ကျောကို ထိုးမယ့် ဓားတစ်လက်ကို ထပ်သွေးပေးတဲ့အဖြစ်နဲ့ ငါ မလုပ်ချင်တော့ဘူးဟာ၊ နင်ရှိနေသရွေ့ ငါ ကျိုးလန့် စာစားရတဲ့အဖြစ်နဲ့ နေနေရမှာ၊ အဲဒါကြောင့်...နင်..."

သူ စကားမဆုံးလိုက်ပါ။ သူမ စတင်၍ ခြေလှမ်းလှမ်းပါသည်။

အချစ်ဆိုတာ... အဆိပ်ဖြစ်သင့်ပါသလား... ဖြစ်နိုင်ပါ့မလား...

ချစ်တတ်၍လည်း အချစ်ခံရသူဟာ အန္တရာယ်များနိုင်သလား... ငါသိချင်တယ်...





- ထာဝစဉ်စိမ်းလန်းမယ့် သစ်ပင်ဆိုတာ မရှိပါဘူး...
- လှိုင်းပုတ်ပါများပေမယ့် မပွန်းပဲ့တဲ့ကျောက်ဆောင် မရှိပါဘူး...
- ငါ့ခေါင်းပေါ်မှာ အမြဲတမ်းရပ်တည်မယ့် မိုးတိမ် မရှိပါဘူး...

ဒါပေမယ့်...

- အမြဲစိမ်းလန်းမယ့်သစ်ပင်...
- မြူတစ်မှုန်စာ ပွန်းပဲ့ခြင်းမရှိတဲ့ ကျောက်ဆောင်...
- ထာဝရတည်မြဲတဲ့ မိုးတိမ်...

ရင်ထဲမှာရှိပေမယ့်

ငါမသိခဲ့...။



www.burmeseclassic.com

www.burmeseclassic.com



( နိဂုံး )

ဒီသံဘူးလေးကို ငါ့ရင်ခွင်မှာ ပိုက်တွေးပါရစေ ညီ...

ဒီသံဘူးထဲမှာ စိမ်းကား ရက်စက်ခြင်းတွေပါတယ်။

မာနနဲ့ အဆင်မပြေမှုတွေပါတယ်။

ငါ ဖွင့်ဖတ် မကြည့်ရဲအောင် ဖြစ်ခဲ့ရတဲ့ အထီးကျန် ဆန်ခြင်းအတွက် နင်နဲ့ ငါချုပ်ဆိုထားတဲ့ စာချုပ်တစ်စောင် ရှိနေမှာပါ။

နင်နဲ့ငါ ဒီနေရာမှာ ဒီသံဘူးလေးကိုမြှုပ်တော့ မာနနဲ့ လိမ်းကျံထားတဲ့ အဆင်မပြေမှုကိုယ်စီ ပိုင်ဆိုင်ထားကြတယ်နော်။

အခု ငါ့ရင်ထဲမှာ နင်ပြောဖူးတဲ့ တိတ်တဆိတ် ငိုကြွေးနေတဲ့ သစ်ပင်ရှင်သန်နေတဲ့...

အချစ်ဆိုတာနဲ့ ရပ်တည်ခွင့်မရတဲ့ အလွမ်းရဲ့ သစ်ပင်၊ မေ့မရခြင်းတွေ တဖြုတ်ဖြုတ် ကြွေလို့ပေါ့ဟာ...

"ချိုပို..."

သူ့အတွေးတွေ ရပ်ဆိုင်းသွားရမယ့် ခေါ်သံတစ်ခု... သူ လှည့်မကြည့်ပေမယ့်...





"ညီ..."

သူတို့ တစ်ယောက်ကို တစ်ယောက် အကြာကြီး ငေးကြည့်နေမိကြတယ်။

"နင် တော်တော်ဆိုးတယ် မိပို... မေဇင်ပြောမှ ဟေမာန်အတွက်နဲ့ ကိုမင်းခန့်ကို ရည်းစားအဖြစ် ဟန်ဆောင်တွဲခဲ့ရတာ ငါ သိရတယ်၊ နင် လုပ်ရက်တယ် မိပို..."

ညီ့အသံမှာ မောပန်း ကြေကွဲခြင်းတွေ စိုစွတ်နေပါ၏။

ညီက သူမလက်ထဲက သံဘူးလေးကို ငေးကြည့်ရင်း...

"နင် ဒီသံဘူးလေးကို ပြန်တူးဖော်လိုက်တယ်နဲ့ တူတယ်"

သူမက မျက်ရည်စတွေနဲ့ ပြုံး၍ ခေါင်းခါပြပါသည်။

"နင်မြှုပ်ခဲ့ပြီး နောက်တစ်နေ့မှာ ငါ ပြန်ဖော်ထားတာပါ ညီ"

ညီက ကြည်နူးကျေနပ်စွာ ရယ်မောနေ၏။

ပြီးတော့ သူ့ရင်ခွင်ထဲကို သူမကို ဆွဲသိမ်း ဖက်တွယ်ပါတယ်။

ငြိမ်းချမ်း အေးမြတဲ့ ချစ်သူ့ရင်ခွင်ဟာ သူမအတွက် အလုံခြုံဆုံးနဲ့ အမောပြေဆုံး နေရာတစ်ခုပေါ့နော်...

သူမရဲ့ မျက်ရည်တွေ ညီ့ရင်အုံအင်္ကျီပေါ် စိုစွတ်ကုန်၏။

ညီ့ရင်ခွင်ထဲမှာ သူမ မျက်ဝန်းမှိတ် ငြိမ်သက်ရင်း စကားတွေ ပြောမိသည်။

"စာချုပ် မြှုပ်နှံထားတဲ့နေရာမှာ ငါ သစ်ပင်တစ်ပင် စိုက်ထားတယ် ညီ..."

ညီက သူ့စကားကြောင့် ဖက်တွယ်ထားရာမှခွာရင်း သူမနဲ့ အတူ စိုက်ထားတဲ့ သစ်ပင်လေးရှေ့မှာ အတူ ဒူးထောက်ကာ သစ်ပင်ပေါက်လေးကိုကြည့်သည်။

သူမ... ကျေနပ်ပါတယ်။

www.burmeseclassic.com



သစ်ပင်ပေါက်လေးမှာ သူမကိုယ်တိုင် မသိတဲ့ အမည်မဲ့ ပန်းကလေး တစ်ပွင့် ဖူးပွင့်နေတယ်လေ။

သူမ စိုက်ပျိုးခဲ့တဲ့ သစ်ပင်လေး တစ်ပင်နဲ့...

အမှတ်တရ သိမ်းထားရမယ့် စာချုပ်တစ်စောင်ရယ်...

ပြီးတော့...သူမ သိပ်ချစ်တဲ့ သူ့ရဲ့ချစ်သော...

ဒီနိုင်းဝ

*P.M. (11:14)*



www.burmeseclassic.com